# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၅ ခုနှစ် ၊ နတ်တော်လဆန်း (၁၂) ရက် ၊ တနင်္ဂနွေနေ့ ၊ (24-12-2023) ၊ အတွဲ (၃၂)၊ အမှတ် (၂၃၇)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ခရစ်တော်မွေးနေ့(ခရစ္စမတ်)ကျေးဇူးတော်ချီးမွမ်းခြင်းအခမ်းအနားသို့ တက်ရောက်ချီးမြှင့်





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ခရစ္စမတ်အမှာစကားပြောကြားစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၂၃**

မြန်မာနိုင်ငံ ခရစ်ယာန်အသင်းတော်များကောင်စီ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကက်သလစ်ဆရာတော်ကြီးများအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ ဧဝံဂေလိခရစ်ယာန်မဟာမိတ်အဖွဲ့ချုပ်၊ မြန်မာနိုင်ငံခရစ်တော်သာသနာပြန့်ပွားမှုပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ချုပ်တို့က စုပေါင်းကျင်းပပြုလုပ်သည့် ခရစ်တော်မွေးနေ့(ခရစ္စမတ်)ကျေးဇူးတော်ချီးမွမ်းခြင်းအခမ်းအနားကို ယနေ့ညနေပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ် ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် ဗိုလ်အောင်ကျော်လမ်းထောင့်ရှိ **Holy Cathedral Church** ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တက်ရောက်ချီးမြှင့်သည်။

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် ဇနီး ဒေါ်သန်းသန်းနွယ်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းနှင့် ဇနီး၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် ဇနီး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ဇနီးများ၊ မြို့တော်ဝန်၊ မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်များကောင်စီမှ ဆရာတော်ကြီးများ၊

စာမျက်နှာ ၁၆ ကော်လံ ၁




ရတနာပုံ
၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၂၄ ရက်
အယ်ဒီတာ့အာဘော်

# အပူပိုင်းဒေသ၏အိုအေစစ် ပုပ္ပားတောင်အမျိုးသားဘူမိဥယျာဉ်

မြန်မာနိုင်ငံအလယ်ပိုင်းတွင် တည်ရှိနေသော ပုပ္ပားတောင်သည် မြန်မာနိုင်ငံတစ်ဝန်းလုံး၌သာမက ကမ္ဘာပေါ်၌ပါ အလွန်ထင်ရှားသော မီးတောင်သေတောင်ကြီးတစ်လုံးဖြစ်သည်။ မြန်မာ့သမိုင်းတွင် အထင်ကရရှိနေသော ပုပ္ပားတောင်ကြီးသည် ရှေးမြန်မာလူမျိုးတို့၏ လက်ထက်မှစ၍ ယနေ့ မြန်မာတို့၏လက်ထက်ထိတိုင် ရိုးရာယုံကြည်မှုနှင့်ပတ်သက်နေသော အထင်ကရနေရာတစ်ခုလည်းဖြစ်သည်။

ပုပ္ပားတောင် မီးတောင်သေတောင်ကြီးသည် မြန်မာနိုင်ငံ၏ မိုးခေါင်ရေရှားဒေသအတွင်း၌ တည်ရှိနေသည့်တိုင် သစ်ပင်သစ်တောများဖြင့် အမြဲစိမ်းလန်းစိုပြည်လျက်ရှိနေသော သဘာဝပတ်ဝန်းကျင်ကို ပိုင်ဆိုင်ထားသည်။ ထို့ကြောင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ကျောက်ပန်းတောင်းမြို့နယ်အတွင်း ကျရောက်နေသည့် ဘူမိနယ်မြေ **(Geosite)** ၁၅ နေရာပါဝင်သော ဧရိယာအကျယ်အဝန်း ၅၂၃၁၇ ဒသမ ၈၅ ဧကရှိသောနယ်မြေကို ပုပ္ပားတောင်အမျိုးသားဘူမိဥယျာဉ်အဖြစ် ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၆ ရက်နေ့ကစ၍ သတ်မှတ်ကြေညာခဲ့သည်။

မြန်မာနိုင်ငံ အပူပိုင်းဒေသ၏ အိုအေစစ် **(Oasis)** ပုပ္ပားတောင် အမျိုးသားဘူမိဥယျာဉ်အဖြစ် သတ်မှတ်ခြင်းဖြင့် ပုပ္ပားဒေသရှိ ထူးခြားသော ဘူမိရုပ်သွင်နှင့် ကမ္ဘာ့အဆင့် ဘူမိဗေဒဆိုင်ရာဖြစ်တည်မှုများ၊ မီးတောင်ဖြစ်စဉ်များနှင့် ဘူမိဗေဒ၏ဆိုင်ရာ အမွေအနှစ်များကို ထိန်းသိမ်းနိုင်ခြင်း၊ ဘူမိခရီးသွားလုပ်ငန်းနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များကို အထောက်အကူပြုနိုင်ခြင်း၊ ဂေဟစနစ်များ တည်တံ့စေခြင်း၊ ဇီဝမျိုးစုံနှင့် သစ်တောသယံဇာတများကို စနစ်တကျထိရောက်စွာ စီမံအုပ်ချုပ်နိုင်မည်ဖြစ်ခြင်း စသည့်အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်သည်။

ထို့ပြင် ဘူမိဥယျာဉ်တစ်ခု၏ နောက်ဆက်တွဲအကျိုးကျေးဇူးမှာ ဒေသခံလူငယ်များအတွက် အလုပ်အကိုင်အသစ်များ ရရှိနိုင်သည်။ ဘူမိဥယျာဉ်သည် ဒေသ၏ အခြေခံအဆောက်အအုံများကို တိုးတက်ဖွံ့ဖြိုးခြင်း၊ ကျေးရွာအဆင့် လူထုအတွက် ကျန်းမာရေးနှင့် ပညာရေးများ ဆောင်ရွက်ပေးမှုကြောင့် ဒေသတွင်းစီးပွားရေးကို မြှင့်တင်ရာတွင် အထောက်အကူရရှိပေသည်။ ဘူမိဥယျာဉ်သတ်မှတ်ခြင်းကြောင့် ဖြစ်ပေါ်လာသည့် ဘူမိခရီးသွားလုပ်ငန်းကြောင့်လည်း ခရီးသွားများသာမက ဒေသခံများပါ အကျိုးကျေးဇူးများရရှိစေသည်။ ဒေသခံများသည် မိမိဒေသ၏ သဘာဝအမွေအနှစ်များ ဂုဏ်ယူစရာသမိုင်းကြောင်းများ၊ ရှေးဟောင်းအမွေအနှစ်များကို ရေရှည်တည်တံ့ရန် ကာကွယ်ထိန်းသိမ်းကြတော့မည်ဖြစ်ရာ ခရီးသွားများအတွက် ဒေသ၏ သဘာဝအလှနှင့် ယဉ်ကျေးမှု၊ ထွက်ကုန်များ ရိုးရာဓလေ့များပါ လေ့လာနိုင်ရန်အတွက် ပိုမိုကောင်းမွန်သော ခရီးစဉ်အဖြစ် အကျိုးဖြစ်ထွန်းလာနိုင်ပေသည်။

ထို့ကြောင့် မြန်မာနိုင်ငံအတွင်းရှိ ဂေဟစနစ်ကောင်းမွန်သော အပူပိုင်းဒေသသဘာဝပတ်ဝန်းကျင်ကြီးတစ်ခုအပြင် အပူပိုင်းဒေသ၏ အိုအေစစ် **(Oasis)** ဖြစ်သော ပုပ္ပားတောင်အမျိုးသားဘူမိဥယျာဉ်ကို နိုင်ငံတော်၏အဖိုးတန်ရတနာတစ်ပါးအဖြစ် ထိန်းသိမ်းစောင့်ရှောက်ရမည်ဖြစ်ပါသည်။ ပုပ္ပားတောင်အမျိုးသားဘူမိဥယျာဉ်အတွင်းရှိ သစ်ပင်သစ်တောများကို ဖျက်ဆီးခြင်း၊ ဂေဟစနစ်ကို ပျက်စီးစေခြင်း၊ လူတို့ဖန်တီးသည့် ရုပ်ဝတ္ထုများဖြင့် ဘူမိအမွေအနှစ်များ အစားထိုးမှုကို ရှောင်ကြဉ်ကြခြင်းဖြင့် ကမ္ဘာ့တစ်ခွင် ထင်ရှားသော ပုပ္ပားတောင်အမျိုးသားဘူမိဥယျာဉ်၏ အဖိုးမဖြတ်နိုင်သော ဘူမိတန်ဖိုးများနှင့် ဒေသတွင်း စဉ်ဆက်မပြတ်တိုးတက်ဖွံ့ဖြိုးမှုများမြှင့်တင်ပေးနိုင်မည်ဖြစ်ကြောင်း အကြံပြုရေးသားအပ်ပါသည်။

# မန္တလေးမြို့ရှိ အထင်ကရ တန်ခိုးကြီးဘုရားများသို့ ဘုရားဖူးပြည်သူများ နေ့စဉ်လာရောက်ဖူးမြော်



**မန္တလေး ဒီဇင်ဘာ ၂၃**

မန္တလေးမြို့ရှိ အထင်ကရ တန်ခိုးကြီးဘုရားများသို့ ဘုရားဖူးပြည်သူများ နေ့စဉ်လာရောက်ဖူးမြော်လျက်ရှိကြောင်း ဘုရားဂေါပကအဖွဲ့များထံမှ သိရသည်။

ယနေ့တွင် မန္တလေးမြို့ရှိ တန်ခိုးကြီး ဘုရားများဖြစ်သော မဟာမုနိရုပ်ရှင်တော်၊ မန္တလေးတောင်တော်နှင့် ဝေဠုဝန်ကျောက်စိမ်းစေတီတော်တို့တွင် ဘုရားဖူး ရဟန်းသံဃာတော်များနှင့်ပြည်သူ စုစုပေါင်း ၂၆၀၄၁၅ ဦး လာရောက်ဖူးမြော်ကြကြောင်း သိရသည်။

"မန္တလေးတောင်တော်ကို အနယ်နယ်အရပ်ရပ်က ဘုရားဖူးတွေ လာရောက်ဖူးမြော်ကြပါတယ်။ ဘုရားဖူးတွေနဲ့ မန္တလေးတောင်ပေါ်မှာ စည်ကားနေပါတယ်။ ရဟန်းသံဃာတွေနဲ့ သက်ကြီးရွယ်အိုတွေအတွက် ဓာတ်လှေကား၊ စက်လှေကားတွေ စီစဉ်ထားပါတယ်။ စောင်းတန်းကနေ တက်ရောက်ဖူးမြော်သူတွေအနေနဲ့ မန္တလေးတောင်ပေါ်က ဘုရားတွေကို စုံလင်စွာ ဖူးမြော်နိုင်ပါတယ်။ ကား၊ ဆိုင်ကယ်တွေနဲ့ တက်ရောက်ဖူးမြော်သူတွေအတွက်လဲ လမ်းတွေကို ပြုပြင်ခင်းကျင်းပေးထားပါတယ်။ အမှတ်တရ ပစ္စည်းအရောင်းဆိုင်တွေနဲ့ စားသောက်ဆိုင်တွေမှာလဲ ဝယ်ယူစားသောက်သူတွေနဲ့ စည်ကားနေပါတယ်"ဟု မန္တလေးတောင်တော် ဂေါပကအဖွဲ့ အုပ်ချုပ်ရေးမှူး ဦးစိုးကြည်က ပြောပြသည်။

မန္တလေး တောင်တော်ကို နံနက် ၆ နာရီမှ ည ၆ နာရီထိ ဖွင့်လှစ်ပေးထားကြောင်း၊ ယနေ့ ညနေထိ ဘုရားဖူး ၉၂၃ ဦး လာရောက် ဖူးမြော်ကြောင်း သိရသည်။

မဟာမုနိရုပ်ရှင်တော်သို့ ယနေ့ ညနေထိ ဘုရားဖူး ၂၅၈၀၃၁ ဦး လာရောက် ဖူးမြော်ခဲ့ကြောင်း၊ ဘုရားကို နံနက် ၄ နာရီမှ ည ၇ နာရီထိ ဖွင့်လှစ်ထားပြီး ဘုရားဖူး ရဟန်းရှင်လူ ပြည်သူများအနေဖြင့် မုခ်လေးခုစလုံးမှ ဝင်ရောက်ဖူးမြော်နိုင်ကြောင်း မဟာမုနိရုပ်ရှင်တော် ဂေါပကအဖွဲ့ရုံး ရုံးအဖွဲ့မှူး ဦးသိန်းထွန်းက ပြောပြသည်။

ထို့အတူ ဝေဠုဝန်ကျောက်စိမ်းစေတီတော်ကို နံနက် ၆ နာရီမှ ည ၆ နာရီထိ ဖွင့်လှစ်ထားပြီး ယနေ့ညနေထိ ဘုရားဖူး ၁၄၈၁ ဦး လာရောက်ဖူးမြော်ကြောင်း ဝေဠုဝန်ကျောက်စိမ်းစေတီတော် ဂေါပကအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင်ဦးက ပြောပြ၍ သိရသည်။

(၁၈၅)

# ရောဝတီမြစ် မန္တလေး-ရွာသစ်ကြီး ရေလမ်းကြောင်းတစ်လျှောက်တွင် ရေလမ်းညွှန်အမှတ်အသားများ စိုက်ထူပြသခြင်းလုပ်ငန်း စတင်ပြုလုပ်

**မန္တလေး ဒီဇင်ဘာ ၂၃**

ရောဝတီမြစ် မန္တလေး-ရွာသစ်ကြီး ရေလမ်းကြောင်းတစ်လျှောက်တွင် ရေပေါ်ပြ၊ ကမ်းပေါ်ပြ ရေလမ်းညွှန်အမှတ်အသားများ စိုက်ထူပြသခြင်းလုပ်ငန်း စတင်ပြုလုပ်လျက်ရှိကြောင်း ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ-၅၊ မန္တလေးတိုင်းဒေသကြီး၊ ရေလမ်းညွှန်ဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးရဲထွန်းလင်းအောင်က ပြောပြ၍ သိရသည်။

ရောဝတီမြစ် မန္တလေး-ရွာသစ်ကြီး ရေလမ်းကြောင်းတစ်လျှောက် ရေယာဉ်များ သွားလာရာတွင် အန္တရာယ်ကင်းရှင်းစွာသွားလာနိုင်ရေးအတွက် ဒီဇင်ဘာ ၂၂ ရက်မှစ၍ ရေပေါ်ပြ ရေလမ်းညွှန်အမှတ်အသား အခုရေ ၄၀ နှင့် ကမ်းပေါ်ပြ ရေလမ်းညွှန်အမှတ်အသားအခုရေ ၄၀ စုစုပေါင်း ရေလမ်းညွှန်အမှတ်အသား အခုရေ ၈၀ စိုက်ထူပြသလျက်ရှိကြောင်း သိရသည်။

"အခုက ရောဝတီမြစ်အတွင်း ရေနည်းချိန်ကာလဖြစ်ပြီး အချို့နေရာတွေမှာ သောင်ထွန်းနေတာကြောင့် ရေယာဉ်တွေ သွားလာရာမှာ အခက်အခဲမရှိစေဖို့ ရေလမ်းညွှန်စိုက်ထူပြသတဲ့ လုပ်ငန်းတွေ လုပ်ဆောင်ပေးသွားမှာပါ။ မန္တလေး-ရွာသစ်ကြီး ရေလမ်းကြောင်း တစ်လျှောက်မှာလဲ ဒီဇင်ဘာ ၂၂ ရက်ကစပြီးတော့ ရေလမ်းညွှန် အမှတ်အသားတွေ စိုက်ထူပြသပေးနေပါတယ်"ဟု ဦးရဲထွန်းလင်းအောင်က ပြောပြသည်။

ယခုလက်ရှိ ရောဝတီမြစ်အတွင်း မြစ်ရေကျဆင်းလျက်ရှိခြင်းကြောင့် မန္တလေးဆိပ်ကမ်းမှ ခရီးသည်တင်ရေယာဉ်နှင့် ကုန်တင်ရေယာဉ်များအနေဖြင့် မြစ်အတွင်း သွားလာရာတွင် သောင်ထွန်းမှုများ ဖြစ်ပေါ်နေသည့် ကျေးရွာအနီး၌ ရေလမ်းညွှန်အမှတ်အသားများကို သတိပြုသွားလာကြရန် လိုအပ်ကြောင်း၊ သောင်ထွန်းမှုများဖြစ်ပေါ်နေပြီး ရေလမ်းကြောင်း ပြောင်းလဲမှုများ ဖြစ်ပေါ်လျက်ရှိသောကြောင့် မန္တလေး-ရွာသစ်ကြီး ရေလမ်းကြောင်းတစ်လျှောက် သွားလာကြမည့် ခရီးသည်တင်ရေယာဉ်နှင့်ကုန်တင်ရေယာဉ်များအနေဖြင့်လည်း အထူးသတိပြုသွားလာကြရန်လိုအပ်ကြောင်း ၎င်းက ပြောပြ၍ သိရသည်။

(၁၈၄)

# မန္တလေးဈေးကွက်အတွင်း မြင်းခြံဘက်မှထွက်ရှိသည့် ကြက်သွန်နီများ အရောင်းအဝယ်ကောင်းနေ

**မန္တလေး ဒီဇင်ဘာ ၂၃**

မန္တလေး ဈေးကွက်အတွင်း မြင်းခြံဘက်မှထွက်ရှိသည့် ကြက်သွန်နီများ အရောင်းအဝယ်ကောင်းနေကြောင်း မန္တလေးမြို့မှ အောင်ကြက်သွန်နှင့် အာလူးပွဲရုံပိုင်ရှင် ဒေါ်မေသဲဆွေက ပြောပြ၍ သိရသည်။

မန္တလေး ဈေးကွက်အတွင်း ဒီဇင်ဘာလ ဒုတိယပတ်မှစ၍ မြင်းခြံဘက်မှ ထွက်ရှိသည့် ကြက်သွန်နီများ ဆက်တိုက် အဝယ်လိုက်လျက်ရှိကြောင်း၊ ပြည်တွင်းဈေးကွက်အပြင် ပြည်ပကလည်း ကြက်သွန်နီများကို ဝယ်ယူမှု များပြားသောကြောင့် မန္တလေးဈေးကွက်အတွင်း အရောင်းအဝယ်ကောင်းလျက်ရှိကြောင်း သိရသည်။

"မန္တလေးဈေးကွက်ထဲမှာ အခုလက်ရှိ မြင်းခြံဘက်ကထွက်တဲ့ ကြက်သွန်နီတွေကို ကုန်သည်တွေ တော်တော်များများ ဝယ်ယူနေကြတယ်။ ပြည်တွင်းဈေးကွက်ထဲမှာ မြင်းခြံဘက်ကထွက်တဲ့ကြက်သွန်နီတွေ အခုတစ်လော အရောင်းအဝယ်ပြန်ကောင်းနေပါတယ်"ဟု ဒေါ်မေသဲဆွေက ပြောပြသည်။

မန္တလေး ဈေးကွက်အတွင်း ဒီဇင်ဘာ ၂၂ ရက် ပေါက်ဈေးအရ မြင်းခြံဘက်မှထွက်ရှိသည့် ကြက်သွန်နီ တစ်ပိဿာလျှင် ငွေကျပ် ၄၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

"မန္တလေးဈေးကွက်ထဲ အဝင်များတဲ့အထဲ မုံရွာ၊ မြစ်သားနဲ့ ပခုက္ကူဘက်က ထွက်ရှိတဲ့ ကြက်သွန်နီတွေလဲ ပါပါတယ်။ အဲဒီဘက်ကထွက်ရှိတဲ့ ကြက်သွန်နီတွေလဲ ပုံမှန်အတိုင်းပဲ အရောင်းအဝယ်ဖြစ်နေပါတယ်"ဟု ဒေါ်မေသဲဆွေက ဆက်လက်ပြောပြ၍ သိရသည်။

(၁၈၄)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇလမ်းနှင့် ၈၀ရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ပျော်ဘွယ်မြို့နယ် အုတ်ဆပ်ပင်ကျေးရွာ၌ ရေသန့်စင်စက်တပ်ဆင်ပြီးစီးမှု စစ်ဆေး

**ပျော်ဘွယ် ဒီဇင်ဘာ ၂၃**

မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေဖြင့် အုတ်ဆပ်ပင်ကျေးရွာ၌ ရေသန့်စင်စက် တပ်ဆင်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပျော်ဘွယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအေးမင်းနိုင်နှင့် တာဝန်ရှိသူများက မြစိမ်းရောင် ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ အုတ်ဆပ်ပင်ကျေးရွာ၌ နေရောင်ခြည်စွမ်းအင်သုံးဆိုလာစနစ်ဖြင့် ရေသန့်စင်စက်တပ်ဆင်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးအေးမင်းနိုင်က ဆောင်ရွက်ပြီးဖွံ့ဖြိုးရေးလုပ်ငန်းများ ရေရှည်အသုံးပြုနိုင်ရေး ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

အုတ်ဆပ်ပင်ကျေးရွာ၌ နေရောင်ခြည်စွမ်းအင်သုံးဆိုလာစနစ်ဖြင့် ရေသန့်စင်စက်တပ်ဆင်ခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေကျပ်သိန်း ၃၀ ဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူကျေးရွာသားများကိုယ်တိုင် ယခုနှစ် ဒီဇင်ဘာလပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ရေသန့်စင်စက်တပ်ဆင်ခြင်းလုပ်ငန်း ဆောင်ရွက်နိုင်မှုကြောင့် အုတ်ဆပ်ပင်ကျေးရွာရှိ ကျေးလက်နေပြည်သူများ ရာသီမရွေး သန့်ရှင်းသောသောက်သုံးရေကို ရရှိသုံးစွဲနိုင်ပြီဖြစ်ကြောင်း ပျော်ဘွယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအေးမင်းနိုင်ထံမှ သိရသည်။

**မြိုးထက်အောင်(ပျော်ဘွယ်)**

# တာချီလိတ်မြို့နယ် တာကြန့်ခေတ်မီစံပြကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**တာချီလိတ် ဒီဇင်ဘာ ၂၃**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်ခရိုင် တာချီလိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက တာကြန့်ခေတ်မီစံပြကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှုကို ဒီဇင်ဘာ ၂၂ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တာချီလိတ်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးရဲခေါင်၊ တာချီလိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်လဲ့လဲ့သင်းနှင့် တာဝန်ရှိသူများက တာကြန့်ခေတ်မီစံပြကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လမ်းရေရှည်အသုံးပြုနိုင်ရေး ဝိုင်းဝန်းထိန်းသိမ်းကြရန် ကျေးရွာရပ်မိ၊ ရပ်ဖများကို မှာကြားသည်။

တာချီလိတ်မြို့နယ် တာကြန့်ခေတ်မီစံပြကျေးရွာ၌ အရှည် ပေ ၆၀၀၊ အကျယ် ၁၀ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် Smart Village စီမံကိန်းရန်ပုံငွေကျပ် ၁၉ ဒသမ ၄ သန်းဖြင့် တာချီလိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ယခုနှစ် နိုဝင်ဘာ ၁၁ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**ကျော်ဇေဦး(မောရှမ်းမြေ)**

# ကလေးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း ဧက ၈၁၃၀ စိုက်ပျိုးပြီးစီး



**ကလေး ဒီဇင်ဘာ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း ဧက ၈၁၃၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကလေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးနိုင်ထွန်းဝင်းက ပြောပြ၍ သိရသည်။

ကလေးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း ၉၈၉၃ ဧကစိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ဧက ၈၁၃၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ကလေးမြို့နယ်မှာ အစေ့ထုတ်ပြောင်းနဲ့ ဖူးစားပြောင်းဧက ၉၀၀၀ ကျော်စိုက်ပျိုးဖို့ လျာထားတာ ဧက ၈၀၀၀ ကျော် စိုက်ပျိုးပြီးစီးနေပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီစွာ စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်နေပါတယ်။ ပြောင်းသီးနှံတွေ အောင်မြင်ဖြစ်ထွန်းဖို့၊ ပိုးမွှားရောဂါကျရောက်မှုမရှိဖို့ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်နေပါတယ်"ဟု ကလေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနိုင်ထွန်းဝင်းက ပြောပြသည်။

ကလေးမြို့နယ်တွင် ယခုနှစ် အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း စိုက်ပျိုးပြီးစီးမှုအနေဖြင့် အစေ့ထုတ်ပြောင်း ၁၄၃၃ ဧကနှင့် ဖူးစားပြောင်း ၆၆၉၇ ဧက စုစုပေါင်းဧက ၈၁၃၀ ဖြစ်ကြောင်း၊ အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်းစိုက်ပျိုးရန် လျာထားမှုအနေဖြင့် အစေ့ထုတ်ပြောင်း ၁၃၈၁ ဧကနှင့် ဖူးစားပြောင်း ၈၅၁၂ ဧက စုစုပေါင်း ၉၈၉၃ ဧကဖြစ်ကြောင်း သိရသည်။

ကလေးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများ ဆောင်ရွက်ခြင်း၊ ဖောငမြောင်တောင်ပိုး ကြိုတင်ကာကွယ်ခြင်း စသည့် စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(၂၀၆)

# အုတ်ဖိုမြို့နယ် အဘိုးအင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**အုတ်ဖို ဒီဇင်ဘာ ၂၃**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် အုတ်ဖိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အဘိုးအင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပပြုလုပ်သည်။

ရှေးဦးစွာ အုတ်ဖိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဇာဇာစိုးက မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် အခြားမိသားစုဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေပါ ကျေးလက်နေပြည်သူများ လိုက်နာရမည့်တာဝန်များ၊ ရပိုင်ခွင့်များ၊ ဖြစ်မှုနှင့် ဖြစ်ဒဏ်များကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေများ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက အဘိုးအင်းကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေး၊ အသေးစားစက်မှုလက်မှုလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၇၇ ဦးကို ငွေကျပ် ၄၉ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **အေးမြတ်**

# မြောင်းမြမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံ မြေပဲ ၂၅၃၅ ဧက စိုက်ပျိုးမည်

**မြောင်းမြ ဒီဇင်ဘာ ၂၃**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် မြောင်းမြမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံမြေပဲ ၂၅၃၅ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်မိုးဝင်းက ပြောပြ၍ သိရသည်။

မြောင်းမြမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံ မြေပဲ ၂၅၃၅ ဧကကို ဒီဇင်ဘာလကုန်တွင် စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ အဆိုပါ မြေပဲ ၂၅၃၅ ဧက စိုက်ပျိုးနိုင်ရန် စိုက်ပျိုးရေးဦးစီးဌာနက ဒေသခံတောင်သူများ လိုအပ်သည့် စိုက်ပျိုးရေးနည်းပညာများကို ဆောင်ရွက်ပေးနေကြောင်း သိရသည်။

"မြောင်းမြမြို့နယ်အတွင်းမှာ ဆီထွက်သီးနှံတွေကို နှစ်စဉ် စိုက်ပျိုးနေပါတယ်။ ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ မြေပဲ ၂၅၃၅ ဧက စိုက်ပျိုးမှာဖြစ်တယ်။ အရင်နှစ်တွေထက် ဒီနှစ် ဆီထွက်သီးနှံစိုက်ပျိုးရေးကို ပိုမိုတွန်းအားပေးလုပ်ဆောင်မှာဖြစ်ပါတယ်။ နိုင်ငံတော်ရဲ့ ဆီလိုအပ်ချက်ကို တစ်ဖက်တစ်လမ်းကနေ ဖြည့်ဆည်းပေးနိုင်ဖို့ပါ။ မြေပဲဧကအားလုံး စိုက်ပျိုးနိုင်ဖို့ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက လုပ်ဆောင်သွားမှာဖြစ်ပါတယ်။ လိုအပ်တဲ့ နည်းပညာနဲ့ တခြားပံ့ပိုးတာတွေကို ဆောင်ရွက်ပြီးတာနဲ့ စိုက်ပျိုးသွားမှာဖြစ်ပါတယ်။ မြေပဲအထွက်နှုန်းကောင်းစေဖို့၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေဖို့အတွက် ဆက်လက်ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်"ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်မိုးဝင်းက ပြောပြသည်။

မြောင်းမြမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲဧက ရာနှုန်းပြည့်စိုက်ပျိုးနိုင်ရေး၊ စိုက်ပျိုးမည့်သီးနှံများ ပိုးမွှားရောဂါကင်းရှင်းစေရေး၊ အရည်အသွေးနှင့် အထွက်နှုန်းကောင်းမွန်ရေး စသည့်လုပ်ငန်းများကို စိုက်ပျိုးရေးဦးစီးဌာနက ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ကျော်ကျော်လင်း**



# ကိုယ်စွမ်းကိုယ်စမြင့်မားရေးနှင့် စီးပွားရေးအောင်မြင်မှု

မျိုးသူ(ကုန်သွယ်မြှင့်)

စီးပွားရေးလုပ်ငန်းငယ်များသည် လုပ်ငန်းခွင်တိုးတက်ရေးနှင့် အကျိုးအမြတ်ပိုမိုရရှိရေးအတွက် နေ့စဉ်လုပ်ကိုင်နေကြရင်း အချိန်များကုန်ဆုံးတတ်ကြသည်။ လက်မှုလုပ်ငန်းငယ်များဖြစ်စေ၊ စက်မှုလုပ်ငန်းငယ်များဖြစ်စေ အကျိုးအမြတ်အတွက် လုံးပန်းရင်း အချိန်များကုန်ဆုံးတတ်ကြသည်။ လုပ်ငန်းတိုးချဲ့ရန်အတွက်လုပ်ကိုင်မိတတ်သော်လည်း မိမိအရည်အသွေးတိုးတက်ရန်အတွက် မေ့လျော့နေတတ်သည်။ လုပ်ငန်းတိုးတက်ရန်သာကြိုးစားနေပြီး မိမိ၏ကိုယ်စွမ်းကိုယ်စနှင့် အတွေးအခေါ်မြင့်မားရေးက နောက်တန်းရောက်နေတတ်သည်။ မည်သို့ပင်ဆိုစေကာမူ လုပ်ငန်းငယ်များသည် နိုင်ငံ၏ စီးပွားရေးမောင်းနှင်အားများတွင် တစ်ခုအပါအဝင်ဖြစ်သကဲ့သို့ မိသားစုစီးပွားရေးအတွက်လည်း အလွန်အရေးပါသည်မှာ ပြောရန်ပင်မလိုအပ်လှပေ။ ထို့ကြောင့် လုပ်ငန်းတိုးတက်ရန် အမြဲကြိုးစားတတ်ကြသည်မှာ လုပ်ငန်းရှင်တိုင်း၏ သဘာဝဖြစ်သည်။

ကိုယ်စွမ်းကိုယ်စတိုးတက်ရေးအတွက် စာဖတ်ရန်၊ လေ့လာရန်၊ သင်တန်းများတက်ရန် အချိန်ပေးကြရမည်ဖြစ်သည်။ မိမိကိုယ်တိုင် ကိုယ်စွမ်းကိုယ်စတိုးတက်ရန်လိုအပ်သကဲ့သို့ မိမိလုပ်သားများလည်း လိုအပ်သည်။ ကိုယ်စွမ်းကိုယ်စကို အားပေးမြှင့်တင်ခြင်းသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါသောအချက်ဖြစ်သည်။ ထိုသို့ ကိုယ်စွမ်းကိုယ်စမြင့်မားမှုနှင့် မိမိစီးပွားရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှု တိုက်ရိုက်အချိုးကျနေသည်ဟုခံယူပြီး ကိုယ်စွမ်းကိုယ်စမြင့်မားရေးအတွက် အချိန်ပေးလုပ်ဆောင်ရမည်ဖြစ်သည်။

**မိမိကိုယ်ကို ရင်းနှီးမြှုပ်နှံပါ**

ကိုယ်စွမ်းကိုယ်စဖွံ့ဖြိုးတိုးတက်ရေးအတွက် အမြင်အမျိုးမျိုးကွဲပြားတတ်သည်။ ပညာရေးတိုးတက်မှု ကိုယ်ပိုင်အရည်အချင်းတိုးတက်မည်ဟူသော လမ်းကြောင်းနောက်ကို လိုက်တတ်သည်။ ဥပမာအားဖြင့် ဘာသာစကားအသစ်တစ်ခုကိုသင်ယူခြင်း၊ ကျွမ်းကျင်မှုဆိုင်ရာသင်တန်းတက်ခြင်း၊ ပုံမှန်စာဖတ်ခြင်း စသည်တို့ဖြစ်သည်။ အချို့သောပုဂ္ဂိုလ်များအတွက် ပေါင်းသင်းဆက်ဆံမှုတိုးတက်အောင်ဆောင်ရွက်ခြင်းနှင့် မိမိကိုယ်ကို ယုံကြည်မှုတိုးတက်အောင်ဆောင်ရွက်ခြင်းတို့သည် စီးပွားရေးလုပ်ငန်းတိုးတက်ရေးနှင့်သက်ဆိုင်မှုမရှိဟု မြင်တတ်ကြသည်။

အရင်းအနှီးများတိုးတက်အောင်ဆောင်ရွက်ခြင်းကိုလည်း ငွေကြေးအင်အား၊ စက်ကိရိယာနှင့်ကုန်ကြမ်းများအပိုင်းတွင်သာ ဆောင်ရွက်လေ့ရှိပြီး ကိုယ်တိုင်အစွမ်းအစတိုးတက်ရေးအတွက် ရင်းနှီးမြှုပ်နှံမှုအားနည်းတတ်သည်။ ထိုသို့မဖြစ်စေရန်အတွက် အချိန်တစ်ခုပေးပြီး ကိုယ်ရည်ကိုယ်သွေးတိုးတက်ရေး၊ စိတ်ပိုင်းဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာကျန်းမာရေးကို အချိန်တစ်ခုပေး၍ ဆောင်ရွက်ပါ။ ချမ်းသာပြီး မကျန်းမာလျှင် မိမိချမ်းသာမှုသည် အခြားသူအတွက်ဖြစ်သွားမည်။ နေ့စဉ်ဆောင်ရွက်ချက်များတွင် အဆိုပါကိစ္စများအတွက် အချိန်တစ်ခုပေးပြီး မိမိကိုယ်တိုင်ဆောင်ရွက်သကဲ့သို့ မိမိလုပ်သားများ၊ မိမိဝန်ထမ်းများကိုလည်း အချိန်ပေးဆောင်ရွက်ရန် သတိပေးပါ။ မိမိဝန်ထမ်းထဲတွင် လုပ်ငန်းကျွမ်းကျင်မှုတိုးတက်စေရန် သင်တန်းတက်လိုသူများကို သင်တန်းကြေးပံ့ပိုးခြင်း၊ အချိန်ပေးခြင်းများပံ့ပိုးပေးခြင်းဖြင့် မိမိလုပ်ငန်းတွင်လည်း အထောက်အကူဖြစ်စေနိုင်သည်။

လုပ်ငန်းရှင်တစ်ဦးအတွက် မိမိကိုယ်စွမ်းကိုယ်စတိုးတက်ရေးသည် နေ့စဉ်ဆောင်ရွက်ရမည့်လုပ်ငန်းတစ်ခုဖြစ်သည်ဟု ခံယူတည်ဆောက်ရန်လိုအပ်သည်။ ကိုယ်စွမ်းကိုယ်စဆိုရာတွင် စိတ်ပိုင်းဆိုင်ရာနှင့်ရုပ်ပိုင်းဆိုင်ရာတိုးတက်အောင်ဆောင်ရွက်ရမည်ဟု နားလည်တတ်ကြသော်လည်း ခံစားမှုနှင့် တွေးခေါ်မှုပိုင်းတွင်လည်း တိုးတက်အောင်ဆောင်ရွက်နိုင်ရန် လိုအပ်သည်။ ဥပမာ-ဒေါသထွက်လွယ်ခြင်းနှင့် ဒေါသဖြင့် ဆုံးဖြတ်တတ်ခြင်း၊ အချိန်စီမံခန့်ခွဲနိုင်မှုအားနည်းခြင်း၊ အပျော်အပါးမက်မောခြင်း၊ လောဘကို မထိန်းနိုင်ခြင်းတို့ကိုပြောင်းလဲနိုင်ရန်ဆောင်ရွက်ရမည်။ ကျန်းမာရေး၊ မိသားစုအရေး၊ ဝါသနာပါရာလုပ်ငန်းများ၊ မေတ္တာတရားနှင့် အကြင်နာတရားလက်ကိုင်ထားနိုင်ရေး၊ အဓိကစီးပွားရေးလုပ်ငန်းတို့ကိုချိတ်ဆက်၍ ဟန်ချက်ညီညီ တိုးတက်အောင်ဆောင်ရွက်ရမည်ဖြစ်သည်။

**နည်းပြထားရှိခြင်း**

နိုင်ငံခြားတိုင်းပြည်များတွင် လုပ်ငန်းကို နည်းပြသည့် ကျွမ်းကျင်ပညာရှင်များကို ငှားရမ်းသုံးစွဲရလွယ်ကူနိုင်သော်လည်း မြန်မာနိုင်ငံအဖို့ လွယ်ကူမှုနည်းနိုင်သည်။ ဘောလုံးနည်းပြ၊ အကနည်းပြ၊ ယောဂနည်းပြ စသည့်နည်းပြများကဲ့သို့ လုပ်ငန်းခွင်တွင် အကြံပေးပုဂ္ဂိုလ်များ ထားရှိဆောင်ရွက်သကဲ့သို့ လုပ်ငန်းခွင်နည်းပြအနေဖြင့် လုပ်ငန်းကျွမ်းကျင်ပြီး စိတ်ပိုင်းနှင့် ရုပ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကြံပြုနိုင်၊ နည်းလမ်းပြနိုင်သည့် နည်းပြများထားရှိဆောင်ရွက်သင့်သည်။ အကယ်၍ မိမိ မိဘ၊ အစ်ကို၊ အစ်မ၊ ဦးလေး၊ အဒေါ် စသည့်အတွေ့အကြုံနှင့်အကြံပေးနိုင်သည့်ပုဂ္ဂိုလ်များ၏ အကြံဉာဏ်အတိုင်းဆောင်ရွက်ခြင်းကလည်း နည်းပြထားရှိဆောင်ရွက်သည်နှင့် အလားသဏ္ဌာန်တူသည်။ အချို့လူငယ်လုပ်ငန်းရှင်များသည် အပျော်အပါးနောက် လိုက်သွားတတ်ပြီး လူကြီးသူမများ၏အကြံကို ပစ်ပယ်ခြင်းကြောင့်လည်းကောင်း၊ မိမိကိုယ်ကို အထင်ကြီးပြီး အခြားသူများ၏ ပြောဆိုဆွေးနွေးမှုများကို မခံယူသဖြင့်လည်းကောင်း လုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုနည်းခြင်းနှင့် ဆုတ်ယုတ်ခြင်းများကြုံရတတ်သည်။ နည်းပြ၏အကူအညီဖြင့် အစွမ်းအစများတိုးတက်ပြီး လုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူများစွာ ရနိုင်သည်။

> ❖ လုပ်ငန်းရှင်တစ်ဦးအတွက် မိမိကိုယ်စွမ်းကိုယ်စတိုးတက်ရေးသည် နေ့စဉ်ဆောင်ရွက်ရမည့် လုပ်ငန်းတစ်ခုဖြစ်သည်ဟု ခံယူတည်ဆောက်ရန်လိုအပ်သည်။ ကိုယ်စွမ်းကိုယ်စဆိုရာတွင် စိတ်ပိုင်းဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာတိုးတက်အောင်ဆောင်ရွက်ရမည်ဟု နားလည်တတ်ကြသော်လည်း ခံစားမှုနှင့် တွေးခေါ်မှုပိုင်းတွင်လည်း တိုးတက်အောင်ဆောင်ရွက်နိုင်ရန် လိုအပ်သည်။ ဥပမာ-ဒေါသထွက်လွယ်ခြင်းနှင့် ဒေါသဖြင့် ဆုံးဖြတ်တတ်ခြင်း၊ အချိန်စီမံခန့်ခွဲနိုင်မှုအားနည်းခြင်း၊ အပျော်အပါးမက်မောခြင်း၊ လောဘကိုမထိန်းနိုင်ခြင်းတို့ကို ပြောင်းလဲနိုင်ရန်ဆောင်ရွက်ရမည်။ ❖

နည်းပြအနေဖြင့် အားနည်းချက်များကို ထောက်ပြနိုင်ရမည်ဖြစ်သော်လည်း အားနည်းချက်သက်သက်ကိုသာ ထောက်ပြပြောဆိုခြင်းအစား အားပေးခြင်းနှင့် လမ်းပြခြင်းကို အဓိကဆောင်ရွက်ရန်လိုအပ်သည်။ မိဘဆရာသမား၊ ဆွေမျိုးများကမူ အမှားကိုထောက်ပြပြောဆိုခြင်းအပြင် အပြစ်တင်ဆူပူမှုများကိုပါ ဆောင်ရွက်တတ်သဖြင့် အပြစ်တင်ဆူပူခြင်းအစား အားပေးခြင်း၊ တိုးတက်အောင်ဆောင်ရွက်နိုင်သည့်နည်းလမ်းများကို လမ်းညွှန်ခြင်းများလိုအပ်သည်။

အောင်မြင်သောလုပ်ငန်းရှင်များ ဖြစ်လာရေးအတွက် မေးခွန်းများကို ဖြေနိုင်ရန်လိုအပ်သည်။ မည်သည့်အရာက ကိုယ်ရေးကိုယ်တာအတွက် သို့မဟုတ် ကျွမ်းကျင်မှုအတွက်အရေးကြီးသလဲ။ လုပ်သင့်သည့်နည်းလမ်းကိုရွေးချယ်ခြင်းနှင့် မည်သည့်အတွက် ရွေးချယ်ရသလဲ။ ၎င်း၏မျိုးဆက်အတွက် မည်သည့်အရာများ ချန်လှပ်ထားခဲ့ချင်သလဲ။ ၎င်း၏ ကောင်းမွေများထားခဲ့မလား။ ဆိုးမွေများနှင့် အကြွေးများထားခဲ့ချင်သလား။ ဤမေးခွန်းများကို မိမိဘာသာဖြေကြည့်ပြီး ကောင်းမွေကိုထားခဲ့ချင်လျှင် မိမိကိုယ်ရည်ကိုယ်သွေး၊ ကိုယ်စွမ်းကိုယ်စကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်ရမည်ဖြစ်သည်။ နည်းပြဆိုသည်မှာ ပြင်ပမှ မြင်ရသူ၊ အပေါ်စီးမှ မြင်ရသူဖြစ်ကာ မိမိ၏အားသာချက်၊ အားနည်းချက်များကို ကောင်းစွာမြင်နိုင်သူဖြစ်သဖြင့် နည်းပြ၏စကားများကို သတိချပ်ပြင်ဆင်ဆောင်ရွက်လျှင် တိုးတက်လာမည်ဖြစ်သည်။

**သင့်လျော်သောရည်မှန်းချက် ချမှတ်ပါ**

လူတိုင်းလိုလိုက ရည်မှန်းချက်များချမှတ်ပြီး လုပ်ငန်းများဆောင်ရွက်တတ်ကြသည်ဟု ယူဆကြသည်။ သို့သော်လည်း မေးကြည့်နိုင်သည်။ လူတိုင်း နေ့စဉ်အသုံးစာရင်းများကို မှတ်ထားခြင်းရှိပါသလား။ မှတ်ပြီးနောက်တွင် အသုံးစရိတ်တစ်ခုချင်းနှင့်ပတ်သက်ပြီး မိမိဘာသာပြန်လည်ဝေဖန်ပါသလား။ ပြင်ဆင်ပါသလား။ များသောအားဖြင့် ရည်မှန်းချက်ကြီးကြီးချမှတ်တတ်ကြသည်။ သို့သော်လည်း နေ့စဉ်လုပ်ငန်းများကို သင့်လျော်သောရည်မှန်းချက်ချမှတ်အကောင်အထည်ဖော်ရင်း မိမိ၏ နောက်ဆုံးမျှော်မှန်းချက်ထံ အရောက်လှမ်းကြရမည်ကို မေ့နေတတ်ကြသည်။ လုပ်ရိုးလုပ်စဉ်လုပ်ငန်းများသာ ဆောင်ရွက်ရင်း၊ အသုံးစရိတ်များကို ဝေဖန်ပိုင်းခြားပြင်ဆင်ဆောင်ရွက်ရမည်ကို မေ့လျော့ရင်းဖြင့်သာ မျှော်မှန်းချက်နှင့် ဝေးနေတတ်သည်။ ထို့ကြောင့် နေ့စဉ်၊ အပတ်စဉ်၊ လစဉ်၊ နှစ်စဉ် ရည်မှန်းချက်ငယ်များချမှတ်ပြီး အောင်မြင်မှုများကို ရယူကာ မိမိ၏မျှော်မှန်းချက်ကို ရယူရမည်ဖြစ်သည်။

လုပ်ငန်းအောင်မြင်မှု ရှိ၊ မရှိကို တိုင်းတာရသည်မှာ လွယ်ကူသည်။ ကိန်းဂဏန်းများဖြင့် ဖော်ပြနိုင်သည်။ ဥပမာအားဖြင့် လစဉ်အမြတ် တစ်ရာခိုင်နှုန်းမြတ်နေရာမှ သုံးရာခိုင်နှုန်းအမြတ်ရရှိရေး သို့မဟုတ် ထုတ်လုပ်မှုကုန်ကျစရိတ်ကို ၁၅ ရာခိုင်နှုန်းမှ ၁၀ ရာခိုင်နှုန်းသို့လျှော့ချရေး စသည်ဖြင့်တိုင်းတာနိုင်သည်။ သို့သော်လည်း အစွမ်းအစနှင့်ကိုယ်ရည်ကိုယ်သွေးတိုးတက်မှုကို တိုင်းတာရာတွင် သို့မဟုတ် ရည်မှန်းချက်ချမှတ်ရာတွင် ဇဝေဇဝါဖြစ်တတ်ပြီး တိုင်းတာရန်နှင့် ရည်မှန်းချက်ချမှတ်ရန်ခက်ခဲတတ်သည်။ ထိုကဲ့သို့ အချက်များကို မြင်သာသောအချက်များနှင့်တွဲပြီး ကိုယ်စွမ်းကိုယ်စတိုးတက်မှုကို တိုင်းတာရမည်ဖြစ်သည်။

**ပွင့်လင်းပြီး နွေးထွေးလုံခြုံသောပတ်ဝန်းကျင်တစ်ခု ဖန်တီးပါ**

အလုပ်ခွင်အတွင်းတွင် ပွင့်လင်းလွတ်လပ်ပြီး နွေးထွေးလုံခြုံသော ပတ်ဝန်းကျင်တစ်ခုဖန်တီးနိုင်သည်။ ထိုသို့ ဆောင်ရွက်နိုင်ပါက ကိုယ်စွမ်းကိုယ်စတိုးတက်လာမည်ဖြစ်သည်။ လုပ်ငန်းရှင်နှင့် လုပ်သား၊ လုပ်သားအချင်းချင်းရင်းနှီးမှု၊ ချစ်ခင်လေးစားမှု၊ အပြန်အလှန်လေးစားမှု စသည်တို့နှင့်အတူ ပွင့်လင်းလွတ်လပ်စွာ ခံစားချက်များကိုဆွေးနွေးနိုင်ရန် အပြုသဘောဆောင်သောအချက်များကို ဆောင်ရွက်နိုင်သည့် ပတ်ဝန်းကျင်တစ်ခုကို လုပ်ငန်းခွင်နားချိန်များတွင်ဖန်တီးပေးသင့်သည်။ လုပ်သားများသည် ၎င်းတို့အတွက် သင့်လျော်မှုမရှိသောလုပ်ငန်း၊ ၎င်းတို့ကို အလေးမထား၊ တန်ဖိုးမထား ဂရုမစိုက်သောလုပ်ငန်းကို စွန့်ခွာကြမည်သာဖြစ်သည်။ လုပ်သားများအတွက် ခံစားချက်ကိုရင်ဖွင့်နိုင်သည့် ပတ်ဝန်းကျင်တစ်ခုဖန်တီးပေးရမည်ဖြစ်သကဲ့သို့ လုပ်သားများ၏ တုံ့ပြန်မှုကို အလေးထား ဆောင်ရွက်ပေးခြင်းမျိုးကို ဖန်တီးပေးရမည်။ သို့မှသာ လုပ်ငန်းခွင်တွင်လုပ်သားများ၏ ကုန်ထုတ်လုပ်မှုသည် တိုးတက်လာမည်ဖြစ်သည်။ အထူးသဖြင့် လုပ်သားများ၏ခံစားချက်များကို နားထောင်ပေးရန်လိုအပ်သည်။ ကောင်းသောတုံ့ပြန်မှုပေးနိုင်ရမည်။ တစ်ခါတစ်ရံတွင် လုပ်ငန်းရှင်မမြင်သည့်ကုန်ကျစရိတ်သက်သာစေသည့်နည်းလမ်းများ၊ တိုးတက်နိုင်သည့်နည်းလမ်းများကို လုပ်သားများက မြင်တွေ့နိုင်တတ်သည်။ သို့ဖြစ်၍ လုပ်ငန်းရှင်နှင့် လုပ်သားများကြားတွင် နွေးထွေးသောပတ်ဝန်းကျင်၊ အလေးထားသော၊ လေးစားသော ပတ်ဝန်းကျင်တစ်ခု ဖန်တီးပေးနိုင်ရန် လိုအပ်သည်။

နိဂုံးချုပ်အနေဖြင့်တင်ပြရလျှင် လုပ်ငန်းရှင်ကိုယ်တိုင်နှင့် လုပ်သားများတွင် ကိုယ်ရည်ကိုယ်သွေးများ၊ အတွေးအခေါ်များ၊ ကောင်းသောစီးပွားရေးကျင့်ဝတ် (Business Ethics)များ တိုးပွားလာခြင်းသည် စီးပွားရေးဝန်းကျင်ကောင်းဖန်တီးရာရောက်သကဲ့သို့ အကျိုးအမြတ်တိုးတက်လာရေး၊ စီးပွားရေးဖွံ့ဖြိုးမှုတိုးတက်လာရေးကိုလည်း အထောက်အကူဖြစ်လာမည်။ ကိုယ်စွမ်းကိုယ်စတိုးတက်အောင်ဆောင်ရွက်ခြင်းသည် လုပ်ငန်းနှင့် ကိုယ်ရေးကိုယ်တာကို ရောထွေးထားခြင်းမျိုးမဟုတ်ဘဲ လုပ်ငန်းအရည်အသွေးတိုးတက်အောင်ဆောင်ရွက်သည့်နည်းလမ်းတစ်ခုဖြစ်သည်ဟု ခံယူရန်လိုအပ်သည်။ ထို့ပြင် လုပ်ငန်းတိုးတက်ကြီးပွားရေးအတွက် ရုပ်ပိုင်းဆိုင်ရာတိုးတက်မှုများသာမကဘဲ စိတ်ပိုင်းဆိုင်ရာနှင့် ခံယူချက်၊ ခံစားချက်ပိုင်းဆိုင်ရာတိုးတက်ရန်လည်း များစွာလိုအပ်သည်ဟု လုပ်ငန်းရှင်တိုင်း ခံယူထားရန်လိုအပ်သည်။ နည်းပြထားရှိခြင်းသည် မိမိ၏ အားနည်းချက်၊ အားသာချက်များကို ဝေဖန်ထောက်ပြခြင်းဖြစ်သဖြင့် လိုက်နာနိုင်စွမ်းနှင့် သည်းခံနိုင်စွမ်းများတိုးတက်လာပြီး ပြုပြင်သည်နှင့်အမျှ ကိုယ်စွမ်းကိုယ်စ တိုးတက်လာမည်ဖြစ်သည်။ တစ်ခါတစ်ရံတွင် စိတ်ဓာတ်ပိုင်းဆိုင်ရာနိမ့်ပါးသော လုပ်သားများ ပါဝင်လာတတ်သည်ကို တွေ့ရတတ်သည်။ ထိုသူများကို စိတ်ဓာတ်ပိုင်းဆိုင်ရာဖွံ့ဖြိုးတိုးတက်အောင် ကူညီနိုင်လျှင် မိမိလုပ်ငန်းတွင်သာမက လူမှုပတ်ဝန်းကျင်တစ်ခုလုံးကိုလည်း တိုးတက်အောင်ကူညီရာရောက်သည်ကို သတိချပ်ရန်လိုအပ်သည်။ သို့သော်လည်း ခေါက်ရိုးကျိုးနေသည့်စိတ်ဓာတ်အခြေအနေတစ်ခုကို ပြင်ဆင်ရသည်မှာ လွယ်ကူသောလုပ်ငန်းမဟုတ်သကဲ့သို့ လိုက်နာရန်မလွယ်ကူသည်ကို ဇွတ်ဖန်တီးလျှင်လည်း မုန်းတီးတတ်သည်ကို သတိပြုပြီး မလျော့မတင်းဆောင်ရွက်ဆက်ဆံနိုင်မှသာ အောင်မြင်မှုကို ရရှိမည်ဖြစ်သည်။ ထို့ကြောင့် တိုးတက်ချင်လျှင် မိမိကိုယ်ကိုအရင်ပြင်ဟု ဆိုရမည်ဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။

**ကိုးကား**

- **Manish Dudharejia's Why personal growth is important for your business**

# လမ်းလျှောက်ခြင်းဖြင့် ကြွက်သားများ သန်မာစေနိုင်သည်



မိမိတို့ရဲ့ ခန္ဓာကိုယ်မှာ အဆီပိုတွေ မရှိတော့ဘူးဆိုရင် ကြွက်သားတွေကလည်း ပိုမို ပေါ်လွင်လာပြီး သန်မာလာမှာ ဖြစ်ပါတယ်။

ဒီလို ဖြစ်ချင်တယ်ဆိုရင်တော့ တစ်ရက်ကို ခြေလှမ်းရေ ၁၀၀၀၀ လောက် လမ်းလျှောက်ပေးရုံနဲ့တင် ရရှိနိုင်ပါတယ်။

ဒီထက်ပိုပြီး ပြင်းထန်တဲ့ လေ့ကျင့်ခန်းမျိုးလိုချင်တယ်ဆိုရင်တော့ တောင်တက်လမ်းလျှောက်ခြင်းကိုလည်း ကြိုးစားကြည့်သင့်ပါတယ်။

ဒါ့အပြင် စက္ကန့် ၃၀ မှ ၁ မိနစ်၊ ၂ မိနစ်အထိ ခပ်မြန်မြန်လမ်းလျှောက်ပြီး ပုံမှန်လမ်းပြန်လျှောက်ခြင်း၊ အဲဒီနောက် ခပ်မြန်မြန်ပြန်ပြီး လမ်းလျှောက်ခြင်းလိုမျိုး လေ့ကျင့်ခန်းတွေကလည်း ထိရောက်မှုရှိလှပါတယ်။

လမ်းလျှောက်ခြင်းဟာ သင့်ခန္ဓာကိုယ်တစ်လျှောက်မှာရှိတဲ့ ကြွက်သားတွေရဲ့ တင်းအားကို တိုးမြှင့်စေတာသာဖြစ်ပါတယ်။

လမ်းလျှောက်ခြင်းဟာ ပြင်းထန်တဲ့ လေ့ကျင့်ခန်းမဟုတ်တဲ့အတွက် ကြွက်သားတွေနာကျင်ခြင်းမရှိစေပါဘူး။ ဒါကြောင့် အနာတရဖြစ်တာမျိုး၊ နောက်တစ်ခေါက် လမ်းလျှောက်ဖို့အတွက် ကြွက်သားတွေနာလို့ မလျှောက်နိုင်တာမျိုးလည်း မဖြစ်စေပါဘူး။

# ချောင်းဦးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဂျုံဧက ၆၃၂၀ စိုက်ပျိုးပြီးစီး

**ချောင်းဦး ဒီဇင်ဘာ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဂျုံဧက ၆၃၂၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မြတ်မြတ်ဦးက ပြောပြ၍ သိရသည်။

ချောင်းဦးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဂျုံ ၁၂၁၅၈ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ဧက ၆၃၂၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။



ယခင်နှစ်က ဂျုံစိုက်ခင်းကို တွေ့ရစဉ်။

“ချောင်းဦးမြို့နယ်မှာ ဂျုံစိုက်ပျိုးမှုကတော့ တစ်နှစ်ထက်တစ်နှစ် တိုးချဲ့စိုက်ပျိုးနေပါတယ်။ ဒီနှစ်ဆောင်းကာလမှာ ဂျုံ ၁၂၁၅၈ ဧက စိုက်ပျိုးဖို့အတွက် လျာထားတယ်။ ဒီနေ့ထိ ဧက ၆၃၂၀ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီစွာ စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်နေပါတယ်”ဟု ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မြတ်မြတ်ဦးက ပြောပြသည်။

ချောင်းဦးမြို့နယ်တွင် ဂျုံစိုက်ပျိုးရာ၌ အထွက်နှုန်းကောင်းပြီး ဒေသနှင့်ကိုက်ညီသည့် ရေဆင်း(၁၁)၊ ရေဆင်း(၁၂)မျိုးများကို စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ ပြန့်ပွားရေး ဆောင်ရွက်ထားပြီး ဂျုံတစ်ဧကလျှင် ၃၅ တင်းမှ တင်း ၅၀ ထိထွက်ရှိကာ ဂျုံစိုက်ပျိုးရန် တစ်ဧကလျှင် ငွေကျပ် သုံးသိန်းခွဲခန့်ကုန်ကျကြောင်း သိရသည်။

ချောင်းဦးမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဂျုံစိုက်တောင်သူများကို ဂျုံအထွက်နှုန်းတိုးတက်ရေးအတွက် ပညာပေးသင်တန်းများ ပို့ချပေးခြင်း၊ မျိုးကောင်းမျိုးသန့်များ ရရှိရေးဆောင်ရွက်ပေးခြင်း၊ ပုလဲ ဓာတ်မြေဩဇာများ ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးခြင်းများကို ဆောင်ရွက်ပေးနေကြောင်း သိရသည်။ (၂၀၆)

# သက်ကြီးစာဆို ပူဇော်ပွဲ

- ပူဇော်ထိုက်သူ ပူဇော်မှု၍<br>မှတ်ယူမင်္ဂလာ တို့မြန်မာဝယ်<br>ဂါရဝထား သက်ကြီးများကို<br>လေးစားခဲ့တာ စဉ်အလာ။

- မိဘဘိုးဘွား ဆရာများနှင့်<br>ဂုဏ်အားကြီးလတ် ပုဂ္ဂိုလ်မြတ်ကို<br>ချဉ်းကပ်ရိုသေ မြတ်နိုးပေသည်<br>ပူဇေရိုးရာ စဉ်အလာ။

- ရိုသေလေးမြတ် ပူဇော်အပ်သည့်<br>သတ်မှတ်နွယ်ဝင် ဆရာရှင်ဝယ်<br>သွန်သင်တတ်သား စာပေအားဖြင့်<br>ရေးသားညွှန်ဘိ စာကဝိလည်း<br>တည်ရှိမပျက် စဉ်အဆက်။

- ကျေးဇူးကြီးဘိ စာကဝိတို့<br>သက်ရှိနေစဉ် ကျေးဇူးမြင်၍<br>ဦးတင်ရှိခိုး ပူဇော်ရိုးဖြင့်<br>တင့်မျိုးကျက်သရေ ဖော်ဆောင်ပေသည်<br>စာပေလောက နိဂါတ<br>ညီညာဖြဖြ ကန်တော့ကြ။

- ဩော်. . .<br>စာပေသင်းစု စည်းလုံးမှုဖြင့်<br>ရေးရှုဆင်နွဲ ပူဇော်ပွဲဝယ်<br>လှိုက်လှဲဝမ်းသာ ကြိုဆိုပါ၍<br>ဆရာရှင်များ ခဝပ်တွားကာ<br>လေးစားပိုမို ဂုဏ်ထိုထိုကို<br>ကြည်ညိုနှလုံး ရွှင်အပြုံးနှင့်<br>အားလုံးကန်တော့ လိုက်ပါသည်။ ။

**ညွန့်ဝင်း(နတ်တလင်း)**

(သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲကို ဂုဏ်ပြုလျက်)

# မိုင်းပန်မြို့၌ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု လက်သမား၊ ပန်းရန်သင်တန်းဖွင့်

**မိုင်းပန် ဒီဇင်ဘာ ၂၃**

ရှမ်းပြည်နယ် (တောင်ပိုင်း) လင်းခေးခရိုင် မိုင်းပန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက အသက်မွေးဝမ်းကျောင်းအထောက်အကူပြု လက်သမား၊ ပန်းရန် သင်တန်းဖွင့်ပွဲကို ဒီဇင်ဘာ ၂၂ ရက် နံနက် ၁၀ နာရီ မိနစ် ၃၀ က အဆိုပါဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။



ရှေးဦးစွာ လင်းခေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးလှမျိုးအောင်က ကျေးလက်နေပြည်သူများ၏ မိသားစုတစ်စုချင်းအလိုက် အသက်မွေးဝမ်းကျောင်းအတတ်ပညာဖြင့် ဝင်ငွေတိုးပွားလာစေရန်၊ ဒေသတွင်း အလုပ်အကိုင်အခွင့်အလမ်းများရရှိလာစေရန်၊ ဆင်းရဲမှုလျော့ချရာတွင် ဝင်ငွေပုံမှန်ရရှိရန်လိုအပ်ပြီး ကိုယ်ပိုင်ဝင်ငွေရရှိနိုင်ရေး အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရန်ရည်ရွယ်၍ ယခုကဲ့သို့ သင်တန်းဖွင့်လှစ်ပို့ချရခြင်း ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ မိုင်းပန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမိုင်းမြင့်နိုင်ထွန်းက သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်များ၊ သင်တန်းကာလလွန် ပံ့ပိုးပေးမည့်အစီအမံများ စသည့်အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် လင်းခေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူးနှင့် မိုင်းပန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးတို့က သင်တန်းသားများကို သင်ထောက်ကူပစ္စည်းများ ပေးအပ်ကြသည်။

အဆိုပါသင်တန်းသို့ မိုင်းပန်မြို့နယ်အတွင်းရှိ ကျေးရွာများမှ သင်တန်းသား စုစုပေါင်း ၁၀ ဦး တက်ရောက်ကြပြီး သင်တန်းတွင် ကျွမ်းကျင်နည်းပြများက လက်သမား၊ ပန်းရန်ဆိုင်ရာသင်ခန်းစာ၊ ဘာသာရပ်များကို စာတွေ့လက်တွေ့နှစ်မျိုးဖြင့် ယခုနှစ် ဒီဇင်ဘာ ၂၂ ရက်မှ ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၅ ရက်ထိ ၁၅ ရက်ကြာ အခမဲ့သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းမြင့်မိုရ်**

# တပ်ကုန်းမြို့နယ် ကြံဘိုကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**နေပြည်တော် ဒီဇင်ဘာ ၂၃**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရခရိုင် တပ်ကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကြံဘိုကျေးရွာ၌ ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် ရေရရှိရေးလုပ်ငန်းများဆောင်ရွက်ပြီးစီးမှုကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဥတ္တရခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးစိုးလင်း၊ တပ်ကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးရန်နိုင်ရွှေနှင့် တာဝန်ရှိသူများ၊ ကုမ္ပဏီမှ တာဝန်ရှိသူများက ကျေးရွာကော်မတီဝင်များနှင့်အတူ ကြံဘိုကျေးရွာ၌ ကျေးလက်ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ကြံဘိုကျေးရွာ၌ အကျယ်လေးလက်မ၊ အနက်ပေ ၄၀၀ ရှိ စက်ရေတွင်းတူးဖော်ခြင်း၊ ဂါလန် ၂၀၀၀ ဆံ့ အုတ်ရေကန်တည်ဆောက်ခြင်း၊ ရေစက်ရုံတည်ဆောက်ခြင်းနှင့် ခြံစည်းရိုးကာရံခြင်း လုပ်ငန်းများကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၁၇ ဒသမ ၃၈ သန်းဖြင့် တင်ဒါအောင်မြင်သည့် Y2T ကုမ္ပဏီက စက်တင်ဘာလပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။ **သူသူ**

## နိုင်ငံတကာ သတင်းများ

# တရုတ်နိုင်ငံအခြေစိုက် ဘီဝိုင်ဒီကုမ္ပဏီက ဟန်ဂေရီနိုင်ငံ၌ လျှပ်စစ်စွမ်းအင်သုံးကားစက်ရုံ တည်ဆောက်မည်



**ဘူဒါပတ် ဒီဇင်ဘာ ၂၃**

တရုတ်နိုင်ငံအခြေစိုက် ဘီဝိုင်ဒီကုမ္ပဏီသည် ၎င်း၏ပထမဆုံး ဥရောပလျှပ်စစ်စွမ်းအင်သုံး မော်တော်ယာဉ်တည်ဆောက်ထုတ်လုပ်ရေးစက်ရုံကို ဟန်ဂေရီနိုင်ငံ၌ ဖွင့်လှစ်မည်ဖြစ်ကြောင်း ဟန်ဂေရီနိုင်ငံခြားရေးဝန်ကြီး ပီတာဆစ်ဂျာရီက ဒီဇင်ဘာ ၂၂ ရက်တွင် ပြောကြားခဲ့သည်။

ဘီဝိုင်ဒီကုမ္ပဏီသည် ကမ္ဘာ့အကြီးဆုံး လျှပ်စစ်စွမ်းအင်သုံး မော်တော်ယာဉ် ထုတ်လုပ်ရေးကုမ္ပဏီများထဲတွင် တစ်ခုအပါအဝင်ဖြစ်သည်။

ဘီဝိုင်ဒီအနေဖြင့် ၎င်း၏ပထမဆုံး ဥရောပအခြေစိုက်လျှပ်စစ်စွမ်းအင်သုံး မော်တော်ယာဉ်ထုတ်လုပ်ရေးစက်ရုံကို ဟန်ဂေရီတောင်ပိုင်း ဇီးဂတ်မြို့အနီးတည်ဆောက်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါစက်ရုံအတွက် ဘီဝိုင်ဒီကုမ္ပဏီ၏ ရင်းနှီးမြှုပ်နှံမှုသည် ဟန်ဂေရီသမိုင်းတစ်လျှောက် အကြီးမားဆုံး ရင်းနှီးမြှုပ်နှံမှုများထဲတွင် ပါဝင်ကြောင်း ဟန်ဂေရီနိုင်ငံခြားရေးဝန်ကြီးက သုံးသပ်ထားသည်။

ဟန်ဂေရီနိုင်ငံသည် ကမ္ဘာ့လျှပ်စစ်စွမ်းအင်သုံးမော်တော်ယာဉ်ထုတ်လုပ်ရေးလုပ်ငန်း၏ ဗဟိုချက်နိုင်ငံတစ်နိုင်ငံအဖြစ် ရပ်တည်ရန် ကြိုးပမ်းလျက်ရှိသည်။

ထို့ပြင် ဟန်ဂေရီသည် လစ်သီယမ်အိုင်းယွန်းဘက်ထရီထုတ်လုပ်ရေးလောက၏ ဗဟိုချက်တစ်ခုဖြစ်လာရေးအတွက်လည်းကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

Ref : RT

Trs : KKO

# တရုတ်၌ ကျောက်မီးသွေးတွင်း သံလမ်းပြေးယာဉ် လမ်းချော်မှုဖြစ်ပွား၊ ၁၂ ဦးသေဆုံး၍ ၁၃ ဦးဒဏ်ရာရ

**ပေကျင်း ဒီဇင်ဘာ ၂၃**

တရုတ်နိုင်ငံ အရှေ့မြောက်ပိုင်း ဟေလုံကျန်းပြည်နယ် ကျောက်မီးသွေးတွင်းတစ်တွင်း၌ ဒီဇင်ဘာ ၂၁ ရက်က မတော်တဆမှုတစ်ရပ်ဖြစ်ပွားခဲ့ရာ လူ ၁၂ ဦးသေဆုံး၍ ၁၃ ဦး ဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။

ကျိရှီးမြို့အနီးရှိ ကျောက်မီးသွေးတွင်းမြေအောက်၌ လုပ်ငန်းသုံးသံလမ်းပြေးယာဉ်တစ်စီး လမ်းချော်ခဲ့ကြောင်း တရုတ်အစိုးရမီဒီယာများက သတင်းထုတ်ပြန်ထားသည်။

သံလမ်းပြေးယာဉ် လမ်းချော်မှုကြောင့် လိုက်ပါသွားသည့်အလုပ်သမားများအနက် ၁၂ ဦးသေဆုံး၍ ၁၃ ဦး ဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။

တရုတ်နိုင်ငံသည် စက်မှုလုပ်ငန်း မတော်တဆမှုများကို တားဆီးရေးအတွက် ကျောက်မီးသွေးတွင်းများ လုံခြုံရေးကို မြှင့်တင်ရန်ကြိုးပမ်းလျက်ရှိသည်။

သို့သော် ဒီဇင်ဘာ ၁၄ ရက်က ရှန်ရှီးပြည်နယ် ကျောက်မီးသွေးတွင်းတစ်တွင်း၌ မတော်တဆမှုတစ်ရပ်ဖြစ်ပွားခဲ့ရာ သုံးဦးသေဆုံးခဲ့ရသည်။

အလားတူ ယခုနှစ် ဩဂုတ်လအတွင်း ရှန်ရှီးပြည်နယ်မှာပင် ကျောက်မီးသွေးတွင်း ပေါက်ကွဲမှုတစ်ရပ်ဖြစ်ပွားခဲ့ရာ လူ ၁၁ ဦး သေဆုံးခဲ့ရကြောင်း သိရသည်။

Ref : Xinhua

Trs : KKO



# အိန္ဒိယနိုင်ငံသား ၃၀၃ ဦးလိုက်ပါလာသော စင်းလုံးငှားလေယာဉ်ကို ပျံသန်းခွင့်တားဆီး၍ ပြင်သစ်တာဝန်ရှိသူများစစ်ဆေး

**ပဲရစ် ဒီဇင်ဘာ ၂၃**

အိန္ဒိယနိုင်ငံသား ၃၀၃ ဦး လိုက်ပါလာပြီး နီကာရာဂွါနိုင်ငံသို့ ဦးတည်ပျံသန်းမည့် စင်းလုံးငှားခရီးသည်တင်လေယာဉ်တစ်စင်းကို ပြင်သစ်တာဝန်ရှိသူများက ဆက်လက်ပျံသန်းခွင့်တားဆီး၍ စုံစမ်းစစ်ဆေးမှုများ ပြုလုပ်နေကြောင်း ဒီဇင်ဘာ ၂၂ ရက် သတင်းများအရ သိရသည်။

ရိုမေးနီးယား စင်းလုံးငှားလေယာဉ်ကုမ္ပဏီတစ်ခုကပိုင်ဆိုင်သော အဆိုပါခရီးသည်တင်လေယာဉ်သည် အာရပ်စော်ဘွားများပြည်ထောင်စု(ယူအေအီး)နိုင်ငံ ဒူဘိုင်းမြို့မှ ပျံသန်းလာခဲ့ပြီးနောက် စက်ပိုင်းဆိုင်ရာ ပြဿနာတစ်ရပ်ကြောင့် ပြင်သစ်အရှေ့ပိုင်း မာနေဒေသ ဗာထရီလေဆိပ်၌ ဒီဇင်ဘာ ၂၂ ရက်တွင် ဆင်းသက်ခဲ့ရသည်။

လက်ရှိအချိန်တွင် ပြင်သစ်အာဏာပိုင်များသည် အဆိုပါလေယာဉ်ကို ဆက်လက်ပျံသန်းခွင့်တားဆီးထားပြီး ခရီးသည်များ၏ အခြေအနေနှင့်ခရီးစဉ်ရည်ရွယ်ချက်များကို စုံစမ်းစစ်ဆေးလျက်ရှိသည်။

ပြင်သစ်တာဝန်ရှိသူများသည် လူကုန်ကူးမှုအဖြစ် သံသယဝင်ထားမှုကြောင့် အဆိုပါခရီးသည်တင်လေယာဉ်ကို စုံစမ်းစစ်ဆေးနေခြင်းဖြစ်သည်။

သတင်းများအရ အေ ၃၄၀ အမျိုးအစား ၎င်းခရီးသည်တင်လေယာဉ်ကို ပျံသန်းခွင့်တားဆီး၍ ခရီးသည်များကိုစုံစမ်းစစ်ဆေးနေခြင်းဖြစ်ပြီး လူနှစ်ဦးကိုလည်းထိန်းသိမ်းထားကြောင်း ပြင်သစ်တာဝန်ရှိသူများက ပြောကြားခဲ့သည်။

ထိုဖြစ်စဉ်နှင့် ပတ်သက်၍ ပြင်သစ်နိုင်ငံဆိုင်ရာ အိန္ဒိယသံရုံးက တစ်စုံတစ်ရာတုံ့ပြန်ခြင်း မရှိသေးကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# နိုင်ငံတကာကုန်သေတ္တာတင် သင်္ဘောလိုင်းများ ကုန်စည်သယ်ဆောင်ခ တိုးမြှင့်ရန်စီစဉ်

**လန်ဒန် ဒီဇင်ဘာ ၂၃**

မက်စ်ကုန်သေတ္တာတင်သင်္ဘောလိုင်းနှင့်စီအမ်အေစီဂျီအမ် ကုန်သေတ္တာတင်သင်္ဘောလိုင်းများအပါအဝင် ကမ္ဘာ့အကြီးဆုံးကုန်သေတ္တာတင်သင်္ဘောလိုင်းများ ကုန်စည်သယ်ဆောင်ခများတိုးမြှင့်ကောက်ခံမည်ဖြစ်ကြောင်း ဒီဇင်ဘာ ၂၂ ရက် သတင်းများအရ သိရသည်။

ပင်လယ်နီရေလမ်းကြောင်းကို ရှောင်ရှားနေရသည့် အချိန်တွင် အာဖရိကတိုက်ကိုကွေ့ပတ်သွားလာနေရသည်ဖြစ်ရာ ပိုမိုရှည်လျားလာသည့်ခရီးစဉ်ကုန်ကျစရိတ်ကာမိစေရေးအတွက် ကုန်စည်သယ်ဆောင်ခများတိုးမြှင့်ရန် နိုင်ငံတကာကုန်သေတ္တာတင် သင်္ဘောလိုင်းများက စီစဉ်ထားကြခြင်း ဖြစ်ကြောင်း သိရသည်။

ယီမင်အခြေစိုက် အီရန်ကျောထောက်နောက်ခံပြု ဟူသီသူပုန်များက ပင်လယ်နီရေပြင်အတွင်း သွားလာနေသည့် ကုန်တင်သင်္ဘောများကို တိုက်ခိုက်မှုများလုပ်ဆောင်လာမှုကြောင့် နိုင်ငံတကာကုန်တင်သင်္ဘော ကုမ္ပဏီများသည်လည်း ရေလမ်းကြောင်းသစ်များရှာဖွေလာကြရသည်။

တရုတ်မှ ဥရောပတောင်ဘက်သို့ စူးအက်တူးမြောင်းရေလမ်းကြောင်းမှမောင်းနှင်ပါက ပုံမှန်အားဖြင့် ကုန်တင်သင်္ဘောတစ်စီးအနေဖြင့် ၂၇ ရက်ခန့်အချိန်ယူရသည်။

သို့သော် လက်ရှိအချိန်တွင် ပင်လယ်နီ ရေလမ်းကြောင်းကို ရှောင်၍ အာဖရိကတောင်ဘက်စွန်း ဂွတ်အုပ်အငူကိုကွေ့ပတ်မောင်းနှင်နေရမှုကြောင့် တရုတ်နှင့်ဥရောပတောင်ပိုင်းခရီးစဉ်များမှာ ပုံမှန်ထက် ၁၀ ရက်ခန့်ထိပိုမိုကြာမြင့်လာမည်ဖြစ်သည်။

စူးအက်တူးမြောင်းနှင့်ချိတ်ဆက်ထားသော ပင်လယ်နီရေလမ်းကြောင်းသည် အာရှနှင့်ဥရောပအကြား အတိုဆုံးရေလမ်းကြောင်းဖြစ်ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# ဂါဇာကမ်းဒေသဆုံးဖြတ်ချက်မူကြမ်း ကုလလုံခြုံရေးကောင်စီ မဲခွဲအတည်ပြု

**နယူးယောက် ဒီဇင်ဘာ ၂၃**

ဂါဇာကမ်းမြောင်ဒေသအတွက် လူသားချင်းစာနာထောက်ထားမှု အကူအညီများ မြှင့်တင်ပေးအပ်နိုင်ရေးဆုံးဖြတ်ချက်မူကြမ်းကို ကုလသမဂ္ဂလုံခြုံရေးကောင်စီက ဒီဇင်ဘာ ၂၂ ရက်တွင် မဲခွဲအတည်ပြုခဲ့ကြောင်း သိရသည်။



အာရပ်စော်ဘွားများပြည်ထောင်စု ယူအေအီးနိုင်ငံက ရေးဆွဲထားသည့် အဆိုပါဆုံးဖြတ်ချက်မူကြမ်းကိုမဲခွဲရာတွင် လုံခြုံရေးကောင်စီအဖွဲ့ဝင်နိုင်ငံ ၁၃ နိုင်ငံတို့ကထောက်ခံမဲပေးခဲ့ကြပြီး အမေရိကန်နိုင်ငံနှင့် ရုရှားနိုင်ငံတို့က ပါဝင်မဲပေးခြင်း မရှိခဲ့ကြောင်း သိရသည်။

အဆိုပါ ဆုံးဖြတ်ချက်မူကြမ်းတွင် ဂါဇာဒေသအတွက် လူသားချင်းစာနာထောက်ထားမှု အကူအညီများ အနှောင့်အယှက်မရှိ ပိုမိုပေးအပ်ခွင့်ရရန် တောင်းဆိုထားသော်လည်း အပစ်အခတ်ရပ်စဲပေးရန် တောင်းဆိုထားခြင်းမရှိကြောင်း သိရသည်။

အမေရိကန်နိုင်ငံ၏ ဗီတိုအာဏာဖြင့်ပိတ်ပင်မှုကိုရှောင်ရှားရေးအတွက် ရက်သတ္တပတ်ကြာ အကြိတ်အနယ်ဆွေးနွေးပြီးနောက် ယူအေအီး၏ဆုံးဖြတ်ချက်မူကြမ်းကို မဲခွဲအတည်ပြုနိုင်ခဲ့ခြင်းဖြစ်သည်။

လက်ရှိအချိန်တွင် ရက်သတ္တ ၁၁ ပတ် ကြာမြင့်နေပြီဖြစ်သည့် အစ္စရေး-ဟားမတ်စ် စစ်ပွဲတွင် ဂါဇာဒေသ၌ ပါလက်စတိုင်းအရပ်သားများသေဆုံးမှုမြင့်တက်လာခြင်းကြောင့် အပစ်အခတ်ရပ်စဲကြရန် နိုင်ငံတကာကတောင်းဆိုလျက်ရှိသည်။

သို့သော် အပစ်အခတ်ရပ်စဲခဲ့ပါက ဟားမတ်စ်အုပ်စုအတွက်သာ အကျိုးရှိလိမ့်မည်ဟူသောအကြောင်းပြချက်ဖြင့် အမေရိကန်နိုင်ငံနှင့် အစ္စရေးတို့က အပစ်အခတ်ရပ်စဲရန် ငြင်းပယ်ထားကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# SCIENCE AND TECHNOLOGY

## တရုတ်နိုင်ငံက လွှတ်တင်ထားသောအာကာသယာဉ်က မြောက်အမေရိကဒေသအထက်တွင် အားကောင်းသည့်ရေဒီယိုလှိုင်းများ ထုတ်လွှင့်ခဲ့



**ဝါရှင်တန် ဒီဇင်ဘာ ၂၃**

တရုတ်နိုင်ငံက ပြီးခဲ့သည့် သီတင်းပတ်အတွင်း လွှတ်တင်ထားသော အာကာသယာဉ်သည် မြောက်အမေရိက ဒေသအထက်တွင် အားကောင်းသည့် ရေဒီယိုလှိုင်းများ ထုတ်လွှင့်ခဲ့ကြောင်း ဒီဇင်ဘာ ၂၂ ရက် သတင်းများအရ သိရသည်။

ရှန်လောင်းအမည်ရှိ တရုတ်အာကာသယာဉ်က ထုတ်လွှင့်ခဲ့သည့် ရေဒီယိုအချက်ပြလှိုင်းများကို အမေရိကန် အပျော်တမ်း နက္ခတ္တဗေဒလေ့လာသူတစ်ဦးက ဖမ်းယူနိုင်ခဲ့ခြင်းဖြစ်သည်။

ရှန်လောင်း အာကာသယာဉ်သည် ကနေဒါနိုင်ငံ ဘရစ်တစ်ရှ်ကိုလံဘီယာပြည်နယ်အထက်ကို ဖြတ်သန်းနေစဉ် ရေဒီယိုအချက်ပြလှိုင်းများ ထုတ်လွှင့်ခဲ့ခြင်းဖြစ်သည်။

ရှန်လောင်း အာကာသယာဉ်သည် ကမ္ဘာပတ်လမ်းကြောင်းပေါ်သို့ ရောက်ရှိခဲ့ပြီး ရက်ပိုင်းအတွင်းမှာပင် အမျိုးအမည်မသိ အရာဝတ္ထုခြောက်ခုကို ပတ်လမ်းပေါ်တွင် နေရာချထားခဲ့ပြီးဖြစ်သည်။

တရုတ်နိုင်ငံသည် ရှန်လောင်းအာကာသယာဉ်ကို ဒီဇင်ဘာ ၁၄ ရက်က လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

တရုတ်အာကာသ အေဂျင်စီအနေဖြင့် ရှန်လောင်းအာကာသယာဉ်ကို တတိယမြောက်မစ်ရှင်အဖြစ် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : KKO**

## Firefly Aerospace ကုမ္ပဏီက လော့ခ်ဟိမာတင်ကုမ္ပဏီ၏ ဂြိုဟ်တုတစ်စင်းကို အယ်လ်ဖာဒုံးပျံဖြင့် လွှတ်တင်ပေးခဲ့

**ဝါရှင်တန် ဒီဇင်ဘာ ၂၃**

Firefly Aerospace ကုမ္ပဏီသည် လော့ခ်ဟိမာတင်ကုမ္ပဏီ၏ ဂြိုဟ်တုတစ်စင်းကို အယ်လ်ဖာဒုံးပျံဖြင့် ဒီဇင်ဘာ ၂၂ ရက်တွင် လွှတ်တင်ပေးခဲ့ကြောင်း သိရသည်။

Firefly Aerospace ကုမ္ပဏီသည် အယ်လ်ဖာဒုံးပျံကို ကယ်လီဖိုးနီးယားပြည်နယ် ဗင်ဒန်ဘာ့ဂ်အာကာသစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Firefly Aerospace ကုမ္ပဏီသည် မူလက အယ်လ်ဖာဒုံးပျံကို ဒီဇင်ဘာ ၂၀ ရက်တွင် လွှတ်တင်ရန်စီစဉ်ထားသော်လည်း ရာသီဥတုအခြေအနေကြောင့် ဒီဇင်ဘာ ၂၂ ရက်မှသာ လွှတ်တင်နိုင်ခဲ့ကြောင်း သိရသည်။

လွှတ်တင်ပြီး မကြာမီမှာပင် အယ်လ်ဖာဒုံးပျံသည် သယ်ဆောင်သွားသည့် လော့ခ်ဟိမာတင်ဂြိုဟ်တုကို ကမ္ဘာပတ်လမ်းကြောင်း အနိမ့်ပိုင်းသို့ ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း သိရသည်။

Fly the Lightning ဟူ၍ အမည်ပေးထားသည့် အဆိုပါမစ်ရှင်သည် Firefly Aerospace ကုမ္ပဏီ၏ စတုတ္ထမြောက်အာကာသမစ်ရှင်ဖြစ်သည်။

Firefly Aerospace ကုမ္ပဏီသည် ၂၀၂၁ ခုနှစ် စက်တင်ဘာလအတွင်း အယ်လ်ဖာဒုံးပျံကို ပထမဆုံးအကြိမ် လွှတ်တင်ခဲ့ကြောင်း သိရသည်။



**Ref : Sputnik News**
**Trs : KKO**

## ဂျာမနီစစ်ဘက်၏ ရေဒါကင်းထောက်ဂြိုဟ်တုနှစ်စင်းလွှတ်တင်ရန် Space-X ကုမ္ပဏီ စီစဉ်

**ဝါရှင်တန် ဒီဇင်ဘာ ၂၃**

အမေရိကန်နိုင်ငံ အခြေစိုက် Space-X အာကာသနည်းပညာကုမ္ပဏီသည် ဂျာမနီစစ်ဘက်၏ ရေဒါကင်းထောက်ဂြိုဟ်တုနှစ်စင်းကို ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် ယနေ့တွင် လွှတ်တင်ရန်စီစဉ်ထားကြောင်း သိရသည်။



ဂျာမနီစစ်ဘက်ဂြိုဟ်တုနှစ်စင်းကို သယ်ယူထားသည့် ဖယ်လ်ကွန်-၉ ဒုံးပျံကို ကယ်လီဖိုးနီးယားပြည်နယ် ဗင်ဒန်ဘာ့ဂ်အာကာသစခန်းမှတစ်ဆင့် လွှတ်တင်ရန်စီစဉ်ထားကြောင်း သိရသည်။

SARah-2 ဟူ၍ အမည်ပေးထားသည့် အဆိုပါမစ်ရှင်အရ ဖယ်လ်ကွန်-၉ ဒုံးပျံသည် ကမ္ဘာပတ်လမ်းကြောင်း အနိမ့်ပိုင်းသို့ ဂျာမနီစစ်ဘက်ဂြိုဟ်တုနှစ်စင်းကို ပို့ဆောင်ပေးမည်ဖြစ်သည်။

Space-X အာကာသနည်းပညာကုမ္ပဏီသည် ယခုနှစ်အတွင်း အာကာသမစ်ရှင်ပေါင်း ၉၀ ကျော်ထိ လွှတ်တင်ထားပြီးဖြစ်သည်။

အထက်ပါ မစ်ရှင်များအနက် အများစုမှာ စတားလင့်ခ်အင်တာနက် ဝန်ဆောင်မှုဂြိုဟ်တုကွန်ရက်အတွက် လွှတ်တင်ခဲ့သော စတားလင့်ခ်မစ်ရှင်များ ဖြစ်ကြသည်။

လက်ရှိအချိန်တွင် Space-X အာကာသနည်းပညာကုမ္ပဏီသည် စတားလင့်ခ်အင်တာနက် ဝန်ဆောင်မှုဂြိုဟ်တုကွန်ရက်အတွက် စတားလင့်ခ်ဂြိုဟ်တုအစင်းရေ ၅၀၀၀ ကျော် လွှတ်တင်ထားပြီးဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**

# HEALTH

## ပဋိပစ္စည်းကုထုံးသစ်တစ်မျိုးက အစားအသောက်ဓာတ်မတည့်မှုကို လျှော့ချနိုင်

**နယူးယောက် ဒီဇင်ဘာ ၂၃**

ပဋိပစ္စည်း ကုထုံးသစ်တစ်မျိုးသည် ကလေးများနှင့်ဆယ်ကျော်သက်များ၏ အစားအသောက်ဓာတ်မတည့်မှုပြဿနာကို လျှော့ချပေးနိုင်ဖွယ်ရှိကြောင်း ဒီဇင်ဘာ ၂၂ ရက် သတင်းများအရသိရသည်။

Omalizumab (Xolair) အမည်ရှိ အဆိုပါပဋိပစ္စည်းကုထုံးသည် ဓာတ်မတည့်မှုပြဿနာမရှိဘဲ ကလေးများစားသောက်နိုင်သည့် အစားအစာအမျိုးအစား အရေအတွက်ကို မြှင့်တင်ပေးနိုင်ကြောင်း အမေရိကန်အစိုးရ ဓာတ်မတည့်ရောဂါနှင့် ကူးစက်ရောဂါဆိုင်ရာ အမျိုးသားအင်စတီကျုမှ သုတေသန ပညာရှင်များ၏ အဆိုအရ သိရသည်။

အမေရိကန် သုတေသနပညာရှင်များသည် မြေပဲအပါအဝင် အနည်းဆုံး အစားအစာသုံးမျိုးနှင့် ဓာတ်မတည့်မှုပြဿနာရှိသူ အသက် ၁၇ နှစ်အောက် ကလေး ၁၆၅ ဦးကို Omalizumab ဆေးဖြင့် လက်တွေ့စမ်းသပ်ခဲ့ကြသည်။

စမ်းသပ်မှုမှ ပေါ်ထွက်လာသော ရလဒ်များအရ Omalizumab ဆေးသုံးစွဲထားသူ လူငယ်များသည် Omalizumab ဆေးယောင် သုံးစွဲသူလူငယ်များနှင့် နှိုင်းယှဉ်ပါက ဓာတ်မတည့်မှုပြဿနာမရှိဘဲ စားနိုင်သောက်နိုင်သည့် အစားအစာအရေအတွက် ပိုများလာသည်ကို တွေ့ရကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

Omalizumab ဆေးသည် Monoclonal Antibodies ခေါ် ဓာတ်ခွဲခန်းအတွင်း ဖန်တီးထားသည့် ခုခံအားစနစ် ပရိုတင်းများပါဝင်သော ဆေးဖြစ်ကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**

## ခါးပတ်လည် အဆီစုစည်းမှုမြင့်မားပါက အမျိုးသမီးများ မျိုးဆက်ပွားကျန်းမာရေးပြဿနာပေါ်နိုင်

**ပေကျင်း ဒီဇင်ဘာ ၂၃**

ခါးပတ်လည် အဆီစုစည်းမှုမြင့်မားပါက အမျိုးသမီးများ၌ မျိုးဆက်ပွားကျန်းမာရေးပြဿနာများ ပေါ်လာနိုင်ကြောင်း ဒီဇင်ဘာ ၂၂ ရက် သတင်းများအရ သိရသည်။

တရုတ် သုတေသနပညာရှင်များသည် အမျိုးသမီးဦးရေ ၃၀၀၀ ကျော်တို့၏ မျိုးဆက်ပွားကျန်းမာရေးအခြေအနေများနှင့် လေ့ကျင့်ခန်းပြုလုပ်မှုပုံစံများကို လေ့လာခဲ့ကြကြောင်း သိရသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့်ရလဒ်များအရ ခါးပတ်လည် အဆီစုစည်းမှု တစ်စင်တီမီတာ တိုးလာတိုင်း အမျိုးသမီးများ၌ မျိုးဆက်ပွား ကျန်းမာရေးပြဿနာများ ပေါ်လာနိုင်ခြေမှာလည်း သုံးရာခိုင်နှုန်းထိ မြင့်တက်လာနိုင်သည်ကို တွေ့ရကြောင်း တရုတ် သုတေသန ပညာရှင်များက ပြောကြားသည်။

တရုတ် သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ ခါးပတ်လည် အတိုင်းအတာ စင်တီမီတာ ၆၀ ရှိသော အမျိုးသမီးများမှာ မျိုးဆက်ပွားကျန်းမာရေးပြဿနာများပေါ်လာနိုင်ခြေ အနိမ့်ဆုံးဖြစ်ကြောင်း သိရသည်။

တစ်ချိန်တည်းမှာပင် ခါးပတ်လည်အတိုင်းအတာ စင်တီမီတာ ၁၆၀ ထိရှိသော အမျိုးသမီးများမှာမူ မျိုးဆက်ပွားကျန်းမာရေး ပြဿနာများ ပေါ်လာနိုင်ခြေ မြင့်မားဆုံး သူများဖြစ်ကြောင်း တရုတ် သုတေသနပညာရှင်များက ပြောကြားသည်။

အမျိုးသမီးများ၏ ခါးပတ်လည် အဆီစုစည်းမှု အတိုင်းအဆနှင့် မျိုးဆက်ပွားကျန်းမာရေးပြဿနာများ ပေါ်လာနိုင်ခြေတို့ကြား ဆက်စပ်နေကြောင်း တရုတ်သုတေသန ပညာရှင်များက သုံးသပ်ထားသည်။

**Ref : Xinhua News**
**Trs : KKO**



## နိုင်ငံတကာ အားကစားသတင်းများ

# ဘက်ဆစ်တပ်အသင်းက မန်ယူအသင်းနည်းပြဟောင်း ဆိုးရှားကို နည်းပြသစ်ခန့်အပ်ကြောင်း ထုတ်ပြန်

**အင်ကာရာ ဒီဇင်ဘာ ၂၃**

တူကီယဲကလပ် ဘက်ဆစ်တပ်အသင်းသည် ရလဒ်ပိုင်းဆိုးရွားနေသည့် နည်းပြရီဇာကိုရာထူးမှထုတ်ပယ်ခဲ့ပြီးနောက် မန်ယူအသင်း နည်းပြဟောင်း ဆိုးရှားကို နည်းပြသစ်အဖြစ် ခန့်အပ်လိုက်ကြောင်း ထုတ်ပြန်ခဲ့သည်။

ဘက်ဆစ်တပ် အသင်းသည် နည်းပြရီဇာကို ပြီးခဲ့သည့် နိုဝင်ဘာလက နည်းပြဂူးနက်စ်နေရာတွင် အစားထိုးခန့်အပ်ခဲ့ပြီး ၎င်းအနေဖြင့် ပြိုင်ပွဲစုံခုနစ်ပွဲ တာဝန်ယူခဲ့ရာတွင် သုံးပွဲသာ အနိုင်ရခဲ့ကာ ဒီဇင်ဘာ ၂၁ ရက်က ကစားခဲ့သည့် အမှတ်ပေးပွဲစဉ်တွင် အလန်ယာစပေါ်အသင်းကို သုံးဂိုး တစ်ဂိုးဖြင့်ရှုံးနိမ့်ခဲ့ပြီးနောက် ရာထူးမှ ထုတ်ပယ်ခံရခြင်းဖြစ်သည်။

လက်ရှိတွင် ဘက်ဆစ်တပ် အသင်း တာဝန်ရှိသူများသည် မန်ယူအသင်းမှ ထွက်ခွာခဲ့ပြီးနောက် အသင်းလက်မဲ့ဖြစ်နေသည့် နည်းပြဆိုးရှားကို နည်းပြသစ်ခန့်အပ်ရန် သဘောတူညီမှုရရှိခဲ့ပြီး တစ်နှစ်ခွဲစာချုပ်ချုပ်ဆိုမည်ဖြစ်သည်။

နည်းပြဆိုးရှားသည် မန်ယူအသင်းကို နှစ်နှစ်ခွဲကျော်တာဝန်ယူခဲ့ရာတွင် အသင်းကို ၁၆၈ ပွဲ ကိုင်တွယ်ခဲ့ပြီး ၉၁ ပွဲနိုင်၊ ၃၇ ပွဲသရေ၊ ပွဲ ၄၀ ရှုံးရလဒ်ရယူခဲ့သော်လည်း ၂၀၂၁ ခုနှစ် အောက်တိုဘာလက ဝက်ဖို့ဒ်အသင်းကို လေးဂိုး တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည့်ပွဲစဉ်အပြီးတွင် မန်ယူအသင်းနှင့်လမ်းခွဲခဲ့ပြီး ယခုအခါ ဘက်ဆစ်တပ်အသင်းက နည်းပြဆိုးရှားကို နည်းပြသစ်ခန့်အပ်ခဲ့ကာ လာမည့် ဒီဇင်ဘာ ၂၆ ရက်တွင်ကစားရမည့် ဟာတေယာစပေါ်အသင်းနှင့်ပွဲစဉ်ကို တာဝန်ယူကိုင်တွယ်ခွင့်ရရန် ကြိုးပမ်းနေကြောင်း သိရသည်။

ဘက်ဆစ်တပ် အသင်းသည် ယခုနှစ်အမှတ်ပေးပြိုင်ပွဲ ၁၆ ပွဲကစားအပြီးတွင် ရမှတ် ၂၆ မှတ်ရရှိခဲ့ကာ အမှတ်ပေးဇယားအဆင့်(၅)နေရာတွင် ရောက်ရှိခဲ့ပြီး အဆင့်(၁)မှ ဖီနာဘာချီအသင်းနှင့် ရမှတ် ၁၇ မှတ်ကွာဟနေသော်လည်း ဥရောပပြိုင်ပွဲ ကစားခွင့်ရရှိနိုင်ရန် အခွင့်အရေးများ ပိုင်ဆိုင်ထားကြောင်း သိရသည်။

**Ref : Xinhua**
**Trs : ML**



## အားကစားသတင်း အတိုအထွာများ

- မန်ယူအသင်းက အဲဗာတန်အသင်း ခံစစ်ကစားသမား ဘရိန်းဝေတ်ကိုခေါ်ယူရန် ကြိုးပမ်းနေသောကြောင့် နည်းပြဒိုက်ချီက ကစားသမားအတွက် စတာလင်ပေါင် သန်း ၁၀၀ ပေးချေမှသာ လက်လွှတ်သွားမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။
- ဥရောပထိပ်သီးကလပ်အသင်းများက စိတ်ဝင်စားနေသည့် တိုက်စစ်မှူးအိုစီမန် ၂၀၂၆ ခုနှစ်ထိ သက်တမ်းတိုးစာချုပ်ချုပ်ဆိုခဲ့ကြောင်း အသင်းဥက္ကဋ္ဌဒီလော်ရန်တစ်က ထုတ်ပြန်ကြေညာခဲ့သည်။

**ML**

## ပရီးမီးယားလိဂ် ပွဲစဉ် (၁၈) ရလဒ်

| | | | | |
|---|---|---|---|---|
| ဝက်စ်ဟမ်း | ၂ | - | ၀ | မန်ယူ |
| ဖူလ်ဟမ် | ၀ | - | ၂ | ဘန်လေ |
| လူတန် | ၁ | - | ၀ | နယူးကာဆယ် |
| နော်တင်ဟမ် | ၂ | - | ၃ | ဘုန်းမောက် |
| စပါး | ၂ | - | ၁ | အဲဗာတန် |

(၀၄၀)

# ၂၀၂၃ ကလပ်ကမ္ဘာ့ဖလားပြိုင်ပွဲတွင် မန်စီးတီးအသင်း ချန်ပီယံဆုဆွတ်ခူး



**မန်ချက်စတာ ဒီဇင်ဘာ ၂၃**

၂၀၂၃ ကလပ်ကမ္ဘာ့ဖလား ဗိုလ်လုပွဲစဉ်အဖြစ် မန်စီးတီးအသင်းက ဖလူမီနန်စီအသင်းနှင့် ကစားခဲ့ရာ လေးဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့သောကြောင့် ပထမဆုံးအကြိမ် ကလပ်ကမ္ဘာ့ဖလားချန်ပီယံဆုဆွတ်ခူးခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် မန်စီးတီးအသင်းသည် ဆီမီးဖိုင်နယ်အဆင့်တွင် ဂျပန်ကလပ် အူရာဝါရက်ဒိုင်းမွန်းအသင်းကို သုံးဂိုး ဂိုးမရှိဖြင့်လည်းကောင်း၊ဖလူမီနန်စီအသင်းက အီဂျစ်ကလပ်ကိုင်ရိုအသင်းကို နှစ်ဂိုး ဂိုးမရှိဖြင့်လည်းကောင်း အနိုင်ရခဲ့ပြီး ဗိုလ်လုပွဲစဉ်သို့ တက်ရောက်ခဲ့ကာ မန်စီးတီးအသင်းက ဘောလုံးပိုင်ဆိုင်မှုအသာဖြင့် ကစားနိုင်ခဲ့သဖြင့် ပွဲချိန် စက္ကန့် ၄၀ နှင့် ၈၈ မိနစ်တွင် အယ်ဗာရက်ဇ်၊ ပွဲချိန် ၂၇ မိနစ်တွင် နီနိုက ကိုယ့်ဂိုးကိုယ်သွင်းယူခဲ့ပြီး ပွဲချိန် ၇၂ မိနစ်တွင် ဖိုဒန်က ဦးဆောင်ဂိုးများသွင်းယူခဲ့သောကြောင့် လေးဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့ကာ ပထမဆုံးအကြိမ် ဆုဖလားဆွတ်ခူးနိုင်ခဲ့သည်။

ထို့ကြောင့် မန်စီးတီးအသင်းသည် နည်းပြဂွါဒီယိုလာလက်ထက်တွင် ပရီးမီးယားလိဂ် ငါးကြိမ်၊ အက်ဖ်အေဖလား နှစ်ကြိမ်၊ ကွာရာဘောင်းဖလားလေးကြိမ်၊ ချန်ပီယံလိဂ်ဖလား၊ ယူအီးအက်ဖ်အေစူပါဖလားနှင့် ယခုဖလားတို့အပါအဝင် အမိကဆုဖလား ၁၄ ကြိမ်ထိဆွတ်ခူးခဲ့သည်။

ယခုပြိုင်ပွဲတွင် ကွင်းလယ်ကစားသမားရိုဒရီက ပြိုင်ပွဲတစ်လျှောက်အကောင်းဆုံး ကစားသမားဆုကိုဆွတ်ခူးခဲ့သကဲ့သို့ နည်းပြဂွါဒီယိုလာအနေဖြင့်လည်း ဖလားသမိုင်းတွင် ဘာစီလိုနာ၊ ဘိုင်ယန်မြူးနစ်အသင်း၊ မန်စီးတီးတို့နှင့်ကလပ်ကမ္ဘာ့ဖလားလေးကြိမ်ထိရရှိခဲ့သည့် ပထမဆုံး နည်းပြအဖြစ်လည်း မှတ်တမ်းဝင်ခဲ့ကြောင်း သိရသည်။

**Ref : RT**
**Trs : ML**

# လာမည့်အက်ဖ်အေဖလား တတိယအဆင့်တွင် VAR ဒိုင်လူကြီး သုံးဦးထိထားရှိမည်ဟု အက်ဖ်အေထုတ်ပြန်

**လန်ဒန် ဒီဇင်ဘာ ၂၃**

အင်္ဂလန် ဘောလုံးအဖွဲ့ချုပ် (အက်ဖ်အေ)သည် ယခုနှစ်အတွင်းကျင်းပနေသည့် အင်္ဂလန်အမှတ်ပေးပြိုင်ပွဲများတွင် VAR ဒိုင်လူကြီးနှစ်ဦးသာ အသုံးပြုနေသော်လည်း လာမည့် ဇန်နဝါရီလတွင် ကျင်းပမည့် အက်ဖ်အေဖလား တတိယအဆင့်ပြိုင်ပွဲများတွင် VAR ဒိုင်လူကြီးသုံးဦးထိ အသုံးပြုမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် ပရီးမီးယားလိဂ်ဒိုင်အဖွဲ့ချုပ်သည် ပြည်တွင်းပြိုင်ပွဲများတွင် VAR ဒိုင်လူကြီးနှင့် လက်ထောက် AVAR ဒိုင်လူကြီးဟူ၍ နှစ်ယောက်အသုံးပြုနေသော်လည်း လာမည့်အက်ဖ်အေဖလား တတိယအဆင့်တွင် VAR ဒိုင်နှင့် AVAR ဒိုင်တို့ကို ချိတ်ဆက်ကူညီပေးမည့် SVAR ဒိုင်အဖြစ် သုံးယောက်အသုံးပြုသွားမည်ဖြစ်ကြောင်း ဒိုင်အဖွဲ့ချုပ် ဟောင်းဝပ်က အတည်ပြုပြောကြားခဲ့သည်။

အဆိုပါ VAR ဒိုင်လူကြီး သုံးဦးထားရှိသည့်စနစ်ကို လက်ရှိဖီဖာနှင့် ယူအီးအက်ဖ်အေတို့က ကျင်းပသည့် ပြိုင်ပွဲများတွင် အသုံးပြုနေကြောင်းကို ပရီးမီးယားလိဂ်ဒိုင်အဖွဲ့ချုပ် ဟောင်းဝပ်က ထပ်မံ ပြောကြားခဲ့ကြောင်း သိရသည်။

ယခုနှစ် ပရီးမီးယားလိဂ်ပြိုင်ပွဲများတွင် VAR ဒိုင်ဆုံးဖြတ်ချက်နှင့်ပတ်သက်၍ စပါးအသင်းကလီဗာပူးအသင်းကို နှစ်ဂိုး တစ်ဂိုးဖြင့်အနိုင်ရခဲ့သည့်ပွဲစဉ်နှင့် နယူးကာဆယ်အသင်းက အာဆင်နယ်အသင်းကို တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့သည့်ပွဲစဉ်တို့တွင် အငြင်းပွားဖွယ်ရာဆုံးဖြတ်ချက်များ ဖြစ်ခဲ့ပြီးနောက် ပရီးမီးယားလိဂ် ဒိုင်အဖွဲ့ချုပ်က VAR ဒိုင်ကိုကူညီနိုင်ရန် နောက်ထပ်ဒိုင်တစ်ဦး ထပ်မံခန့်အပ်ရန်စီစဉ်ခဲ့ကြောင်း သိရသည်။

**Ref : Sputnik**
**Trs : ML**

# ဒိန်းမတ် တစ်နှစ်တာလူငယ်အကောင်းဆုံးကစားသမားဆုကို မန်ယူအသင်းတိုက်စစ်မှူး ဟိုက်လန်း ဆွတ်ခူး

**မန်ချက်စတာ ဒီဇင်ဘာ ၂၃**

ဒိန်းမတ် တစ်နှစ်တာလူငယ် အကောင်းဆုံး ကစားသမားဆုကို မန်ယူအသင်းတိုက်စစ်မှူးဟိုက်လန်းကဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

အသက် ၂၀ သာရှိသေးသည့် ဟိုက်လန်းသည် ပြီးခဲ့သည့် စက်တင်ဘာလမှစတင်ပြီး ဒိန်းမတ်အသင်းအတွက် ကစားပေးခဲ့သော်လည်း အသင်းနှင့်အကောင်းဆုံး ခြေစွမ်းပြကစားနိုင်ခဲ့ပြီး ယူရို ၂၀၂၄ ပြိုင်ပွဲ ခြေစစ်ပွဲတွင်လည်း အသင်းနှင့်အကောင်းဆုံးခြေစွမ်းပြကစားနိုင်ခဲ့ပြီးနောက် ယခုနှစ်အတွက် ဒိန်းမတ်တစ်နှစ်တာ အကောင်းဆုံး လူငယ်ကစားသမားဆုကို ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

ဟိုက်လန်းသည် ပြီးခဲ့သည့် ဘောလုံးရာသီကလည်း အတ္တလန်တာအသင်းတွင် ထိပ်တန်းအဆင့်ရှိ ခြေစွမ်းပြသနိုင်ခဲ့ပြီးနောက် ယခုနှစ်ဘောလုံးရာသီ၌ မန်ယူအသင်းသို့ ပြောင်းရွှေ့ကစားခဲ့သော်လည်း ဂိုးသွင်းယူနိုင်ရန်ရုန်းကန်နေရသော်လည်း ယူရို ၂၀၂၄ ပြိုင်ပွဲ ခြေစစ်ပွဲအဆင့်တွင် ဒိန်းမတ်အသင်းအတွက် သွင်းဂိုး ခုနစ်ဂိုးနှင့်ဖန်တီးမှုတစ်ကြိမ်ပြုလုပ်နိုင်ခဲ့သောကြောင့် တစ်နှစ်တာအကောင်းဆုံး လူငယ်ကစားသမားဆုကို ဆွတ်ခူးရရှိခဲ့ခြင်းဖြစ်သည်။




ဟိုက်လန်းက "ဒီဆုက ကျွန်တော့်ကစားသမားဘဝအတွက် အများကြီးအဓိပ္ပာယ်ရှိတဲ့ ဆုတစ်ခုပါ။ အခုလိုဆုရရှိခဲ့တဲ့အတွက်လဲ ဂုဏ်ယူပါတယ်။ ဒိန်းမတ်အသင်းလို အရည်အသွေးမြင့်ကစားသမားတွေရှိတဲ့ထဲကမှ အခုလိုရရှိခဲ့တဲ့အတွက်လဲ ဝမ်းသာပါတယ်။ အသင်းနဲ့အကောင်းဆုံးဖြစ်အောင် ကြိုးစားသွားမှာပါ"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : STA**

# ကလပ်ကမ္ဘာ့ဖလားပြိုင်ပွဲသမိုင်းတစ်လျှောက် အမြန်ဆုံးဂိုးသွင်းရှင်အဖြစ် အယ်ဗာရက်ဇ် စံချိန်သစ်တင်



**မန်ချက်စတာ ဒီဇင်ဘာ ၂၃**

မန်စီးတီးအသင်း တိုက်စစ်မှူး အယ်ဗာရက်ဇ်သည် ကလပ်ကမ္ဘာ့ဖလားပြိုင်ပွဲ သမိုင်းတစ်လျှောက် အမြန်ဆုံးဂိုးသွင်းရှင်အဖြစ်မှတ်တမ်းဝင်ခဲ့ကြောင်း သိရသည်။

ကလပ်ကမ္ဘာ့ဖလားပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ်ကစားခဲ့သည့် မန်စီးတီးအသင်းနှင့် ဖလူမီနန်စီအသင်းတို့ ကစားခဲ့သည့်ပွဲစဉ်တွင် အယ်ဗာရက်ဇ်သည် ပွဲချိန် စက္ကန့် ၅၀ တွင် မန်စီးတီးအသင်းခံစစ်မှူး နာသန်အကီ ကန်သွင်းယူခဲ့သည့်ဘောလုံးကို တိုက်ထိထွက်ခဲ့ရာ အပိုင်ဝိတ်သွင်းပြီး အသင်းအတွက် သွင်းဂိုးတစ်ဂိုးရယူနိုင်ခဲ့ပြီးနောက် မှတ်တမ်းသစ်စိုက်ထူနိုင်ခဲ့ခြင်းဖြစ်သည်။

ကလပ်ကမ္ဘာ့ဖလားပြိုင်ပွဲသမိုင်းတစ်လျှောက် အမြန်ဆုံးဂိုးသွင်းရှင်အဖြစ် အယ်ဗာရက်ဇ်မတိုင်မီက ၂၀၁၃ ခုနှစ်တွင် ကာဆာဘလန်ကာအသင်းနှင့်ဘိုင်ယန်မြူးနစ်အသင်းတို့ကစားခဲ့သည့်ပွဲစဉ်တွင် ဘိုင်ယန်မြူးနစ်အသင်း ခံစစ်ကစားသမား ဒန်တီက ပွဲချိန် ခြောက်မိနစ်နှင့် ၂၁ စက္ကန့်တွင်သွင်းယူပြီးစံချိန်တင်ထားခဲ့ပြီး ယခုအခါ အယ်ဗာရက်ဇ်က စက္ကန့် ၅၀ ဖြင့်စံချိန်သစ်တင်နိုင်ခဲ့ခြင်းဖြစ်သည်။

ကလပ်ကမ္ဘာ့ဖလား ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် ကစားခဲ့သည့် မန်စီးတီးအသင်းက ဖလူမီနန်စီအသင်းကို လေးဂိုး ဂိုးမရှိဖြင့်အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် အယ်ဗာရက်ဇ်သည် ပွဲချိန် စက္ကန့် ၅၀ နှင့် ၈၈ မိနစ်တွင် အသင်းအတွက် သွင်းဂိုးနှစ်ဂိုးသွင်းယူနိုင်ခဲ့ပြီး အဆိုပါပွဲစဉ်၏ အကောင်းဆုံးကစားသမားဆုကို ဆွတ်ခူးနိုင်ခဲ့သူဖြစ်သည်။

ထို့ပြင် အယ်ဗာရက်ဇ်သည် မတူညီသည့် ပြိုင်ပွဲများဖြစ်သည့် ပရီးမီးယားလိဂ်၊ အက်ဖ်အေဖလား၊ ချန်ပီယံလိဂ်ဖလား၊ ကွာရာဘောင်ဖလားကွန်မြူနတီဒိုင်းနှင့် ကလပ်ကမ္ဘာ့ဖလားပြိုင်ပွဲတို့တွင်ဂိုးသွင်းယူနိုင်ခဲ့သည့် တစ်ဦးတည်းသောကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း သိရသည်။

Ref : RT
Trs : STA

# သြစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲတွင် ဒိုမီနစ်သမ်နှင့် အမ်မာရာဒူကာနူတို့ လက်ရည်စစ်ပွဲအဆင့်မှ ဝင်ရောက်ယှဉ်ပြိုင်ရမည်

**ကင်ဘာရာ ဒီဇင်ဘာ ၂၃**

သြစကြီးယား အဆင့်(၁) တင်းနစ်ကစားသမား ဒိုမီနစ်သမ်နှင့် ဗြိတိန်တင်းနစ်မယ် အမ်မာရာဒူကာနူတို့သည် ၂၀၂၄ ခုနှစ် သြစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲတွင် လက်ရည်စစ်ပွဲအဆင့်မှ စတင်၍ ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သြစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲကျင်းပရေးကော်မတီက ယနေ့တွင် ထုတ်ပြန်ခဲ့သည်။

၂၀၂၀ ပြည့်နှစ်တွင် ရာဖေးလ်နာဒယ်၊ ဂျိုကိုဗစ်၊ ရော်ဂျာဖက်ဒရာတို့ကိုကျော်ဖြတ်ပြီး US Open တင်းနစ်ပြိုင်ပွဲချန်ပီယံဆုကို ဆွတ်ခူးခဲ့သည့် ဒိုမီနစ်သမ်သည် ယခုနှစ်အတွင်း ဒဏ်ရာပြဿနာများဖြင့်သာ လုံးပန်းနေခဲ့ရပြီး ပြိုင်ပွဲများဖြင့်လွဲချော်ခဲ့ရကာ ကမ္ဘာ့အဆင့်(၉၈)နေရာသို့ ကျဆင်းခဲ့သည့်အတွက် သြစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲကို တိုက်ရိုက်ဝင်ရောက်ယှဉ်ပြိုင်ခွင့်မြင့် လွဲချော်ခဲ့ရသော်လည်း ပြိုင်ပွဲဝင်တစ်ဦးဦးက ပြိုင်ပွဲမှနုတ်ထွက်ခဲ့မည်ဆိုပါက ဒိုမီနစ်သမ်က သြစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲတွင် တိုက်ရိုက်ပါဝင်ယှဉ်ပြိုင်ခွင့်ရရှိမည်ဖြစ်သည်။

လက်ရှိ အခြေအနေအရ လက်ရည်စစ်ပွဲမှသာ ပါဝင်ယှဉ်ပြိုင်ရမည်ဆိုပါက ဒိုမီနစ်သမ်သည် လက်ရည်စစ်ပွဲများကို ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၈ ရက်မှစ၍ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ဆယ်ကျော်သက် အရွယ်ဖြင့် ဂရန်းစလန်း ချန်ပီယံဆုဖလားဆွတ်ခူးခဲ့သည့် ဗြိတိန်တင်းနစ်မယ် အမ်မာရာဒူကာနူသည် နောက်ကျောဒဏ်ရာကို ခွဲစိတ်ကုသမှုခံယူခဲ့ရပြီး ယခုနှစ် တင်းနစ်ရာသီအတွင်း ပြိုင်ပွဲများဖြင့် ရှစ်လတိုင်တိုင်လွဲချော်ခဲ့ရပြီးနောက် ကမ္ဘာ့အဆင့်(၂၉၉)နေရာထိ ကျဆင်းခဲ့သည်။

ကမ္ဘာ့အဆင့် သတ်မှတ်ချက်ကြောင့် အမ်မာရာဒူကာနူအနေဖြင့် သြစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲတွင် လက်ရည်စစ်ပွဲအဆင့်မှစတင်ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ၂၀၂၁ ခုနှစ် US Open တင်းနစ်ပြိုင်ပွဲတွင် ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့စဉ်က လက်ရည်စစ်ပွဲအဆင့်မှ စတင်ယှဉ်ပြိုင်ခဲ့ကာ ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

Ref : RT
Trs : AZL

# Forbes မဂ္ဂဇင်း၏ တစ်နှစ်တာဝင်ငွေအကောင်းဆုံး အမျိုးသမီးကစားသမားစာရင်းတွင် ပိုလန်တင်းနစ်မယ် စဝီယာတက်ခ် အဆင့်(၁) နေရာ၌ရပ်တည်

**နယူးဂျာစီ ဒီဇင်ဘာ ၂၃**

အမေရိကန်နိုင်ငံ နယူးဂျာစီပြည်နယ် နယူးဂျာစီမြို့အခြေစိုက် Forbes မဂ္ဂဇင်းက ယခုနှစ်အတွက် တစ်နှစ်တာ ဝင်ငွေအကောင်းဆုံး အမျိုးသမီး အားကစားသမားများစာရင်းကိုထုတ်ပြန်ခဲ့ရာ တင်းနစ်လောကမှ ပိုလန်တင်းနစ်မယ် စဝီယာတက်ခ်က ဝင်ငွေအကောင်းဆုံး အမျိုးသမီးတင်းနစ်မယ်အဖြစ် ရပ်တည်နိုင်ခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ကမ္ဘာ့အဆင့်(၁) တင်းနစ်မယ် စဝီယာတက်ခ်သည် ယခုနှစ်အတွင်း တင်းနစ်ပြိုင်ပွဲများတွင် ရရှိခဲ့သော အောင်မြင်မှုများအပါအဝင် အခြားသော ကဏ္ဍများမှ ရရှိလာသည့် စုစုပေါင်းဝင်ငွေမှာ(အခွန်မဆောင်မီနှင့်အေးဂျင်ဖိုးမချေခင်)အမေရိကန်ဒေါ်လာ ၂၃ ဒသမ ၉ သန်းထိရှိခဲ့ပြီး Forbes မဂ္ဂဇင်း၏တစ်နှစ်တာဝင်ငွေအကောင်းဆုံး အမျိုးသမီး ကစားသမားစာရင်းတွင် အဆင့်(၁)နေရာ၌ ရပ်တည်နိုင်ခဲ့သည်။



တရုတ် Freestyle Skier စကိတ်စီးမယ် ဂူအိုက်လင်းက စုစုပေါင်းဝင်ငွေ ၂၂ ဒသမ ၁ သန်းဖြင့် ဝင်ငွေအကောင်းဆုံး စာရင်း၏ အဆင့်(၂)နေရာတွင် ရပ်တည်နိုင်ခဲ့သည်။

အမေရိကန် တင်းနစ်မယ် ကိုကိုဂေါ့ဖ်က စုစုပေါင်းဝင်ငွေ ၂၁ ဒသမ ၇ သန်းထိရရှိကာ ဝင်ငွေအကောင်းဆုံး အမျိုးသမီးကစားသမားစာရင်းတွင် အဆင့်(၃)နေရာ၌ ရပ်တည်နိုင်ခဲ့သည်။

Forbes မဂ္ဂဇင်း၏ တစ်နှစ်တာဝင်ငွေအကောင်းဆုံးအမျိုးသမီးကစားသမားစာရင်း၏ အဆင့်(၁၀)အတွင်း ရပ်တည်နေသောအမျိုးသမီး အားကစားမယ်များတွင် တင်းနစ်လောကမှ ကိုးဦးထိပါဝင်နေပြီး တစ်ဦးတည်းသာအခြားသော အားကစားလောကမှဖြစ်သည်။

စဝီယာတက်ခ်သည် ယခုနှစ် တင်းနစ်ရာသီတွင် အောင်မြင်မှုများစွာရရှိထားသည့် တင်းနစ်မယ်တစ်ဦးဖြစ်သလို တင်းနစ်လောကတွင် ကမ္ဘာ့အဆင့်(၁)နေရာ၌ ရက်သတ္တပတ်ပေါင်း ၈၂ ပတ်ထိ ရပ်တည်နိုင်ခဲ့သည့် တင်းနစ်မယ်တစ်ဦးလည်းဖြစ်ကြောင်း သိရသည်။

Ref : Xinhua
Trs : AZL

# တိုနီဖာဂူဆန်ကို UFC လောကမှအနားယူရန် UFC ဥက္ကဋ္ဌနှင့် ခန်နီရယ်ကော်မီယာတို့ တိုက်တွန်း

**ဝါရှင်တန် ဒီဇင်ဘာ ၂၃**

UFC လိုက်ဝိတ်တန်းချန်ပီယံဟောင်း အမေရိကန် UFC ကစားသမားတိုနီဖာဂူဆန်ကို UFC ဥက္ကဋ္ဌ ဒန်နာဝိုက်နှင့် UFC ဟဲဗီးဝိတ်တန်း ကမ္ဘာ့ချန်ပီယံဟောင်းဖြစ်သူ ခန်နီရယ်ကော်မီယာတို့က UFC လောကမှ အနားယူရန် ယနေ့တွင် တိုက်တွန်းပြောကြားခဲ့ကြောင်း သိရသည်။

တိုနီဖာဂူဆန်သည် ဒီဇင်ဘာ ၁၆ ရက်တွင် အင်္ဂလန် UFC ကစားသမားပင်ဘလက်ကို ဒိုင်အမှတ်ဖြင့် ရှုံးနိမ့်ခဲ့ပြီးနောက် နောက်ဆုံးထိုးသတ်ခဲ့သောစိန်ခေါ်ပွဲ ခုနစ်ပွဲတွင် ခုနစ်ပွဲစလုံးရှုံးနိမ့်ခဲ့ရသည့်အခြေအနေဖြင့် ရင်ဆိုင်ခဲ့ရသည်။

တိုနီဖာဂူဆန် အနေဖြင့် အကောင်းဆုံးအချိန် ကုန်ဆုံးသွားပြီဖြစ်သလို ခုနစ်ပွဲဆက်တိုက်ရှုံးနိမ့်ခဲ့သည့် မှတ်တမ်းဆိုးကြောင့် UFC လောကမှအနားယူသင့်ပြီဖြစ်ကြောင်း ဒန်နာဝိုက်နှင့် ခန်နီရယ်ကော်မီယာတို့က တိုက်တွန်းခဲ့ခြင်းဖြစ်သည်။

ခန်နီရယ် ကော်မီယာသည် UFC ကမ္ဘာ့ဟဲဗီးဝိတ်တန်း လက်ရှိချန်ပီယံဆုကို ခုနစ်ကြိမ်တိုင်တိုင် အောင်မြင်စွာကာကွယ်နိုင်ခဲ့သူဖြစ်ပြီး ၂၀၁၉ ခုနှစ်နှင့် ၂၀၂၀ ပြည့်နှစ်တို့တွင် အမေရိကန် UFC ကစားသမားမီယိုချစ်ကို နှစ်ကြိမ်တိုင်တိုင်ရှုံးနိမ့်ခဲ့ပြီးနောက် UFC လောကမှအနားယူခဲ့သူဖြစ်သည်။

ခန်နီရယ်ကော်မီယာက ကမ္ဘာ့ချန်ပီယံတစ်ယောက် အနေဖြင့် ပြိုင်ဘက်တစ်ဦးတည်းကို နှစ်ကြိမ်ဆက်တိုက်ရှုံးနိမ့်ကာ ကမ္ဘာ့ချန်ပီယံခါးပတ်ကို စွန့်လွှတ်ခဲ့ရခြင်းသည် ကစားသမားဘဝ၏ အကောင်းဆုံးအချိန်ကျော်လွန်သွားပြီဖြစ်သည်ဟုလည်း ဝန်ခံပြောကြားခဲ့ကြောင်း သိရသည်။

Ref : Sputnik
Trs : AZL

# (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားပိုက်ကျော်ခြင်းပြိုင်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂၃**

(၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားပိုက်ကျော်ခြင်းပြိုင်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် အသင်းအုပ်ချုပ်သူနည်းပြများနှင့် ပေါင်းစပ်ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားကွင်းရှိ Squash အားကစားရုံ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ ပေါင်းစပ်ညှိနှိုင်းအစည်းအဝေးတွင် အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးက အဖွင့်အမှာစကား ပြောကြားခဲ့ပြီးနောက် ယှဉ်ပြိုင်ရေးနှင့်လေ့ကျင့်ရေး ဌာနခွဲ(၁)ညွှန်ကြားရေးမှူး ဦးခွန်ဂျာအောင်၊ မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ဝန်ကြီးဌာနအလိုက် ပြိုင်ပွဲဝင် အသင်းအုပ်ချုပ်သူ၊ နည်းပြများက ပြိုင်ပွဲအောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ရေးအတွက် ပြိုင်ပွဲကျင်းပရေး ဆိုင်ရာကိစ္စရပ်များ၊ ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ ကိစ္စရပ်များ၊ ပြိုင်ပွဲစည်းမျဉ်း၊ စည်းကမ်းဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်ပြီး အသီးသီးဆွေးနွေးတင်ပြခဲ့ကြသည်။

ထို့နောက် ဒုတိယညွှန်ကြားရေးမှူးချုပ်က တင်ပြခဲ့မှုများကိုလိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပြီးနောက် အုပ်စုခွဲခြင်းနှင့်ပွဲစဉ်ဇယားရေးဆွဲခြင်းများကိုပြုလုပ်ခဲ့ပြီး အစည်းအဝေးကို ရုပ်သိမ်းခဲ့သည်။

အဆိုပါပြိုင်ပွဲတွင် ဆုကြေးငွေများအဖြစ်ပထမဆုအတွက် ငွေကျပ် သိန်း ၂၀၊ ဒုတိယဆုအတွက် ငွေကျပ် ၁၅ သိန်း၊ တတိယဆုအတွက် ငွေကျပ် ၁၀ သိန်းနှင့် စတုတ္ထဆုအတွက် ငွေကျပ် ငါးသိန်း ချီးမြှင့်ပေးအပ်မည်ဖြစ်ပြီး ဒီဇင်ဘာ ၂၄ ရက်မှ ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၂ ရက်ထိ နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားရုံ(C)တွင် ကျင်းပမည် ဖြစ်ကြောင်း သိရသည်။ STA

### အီတလီစီးရီးအေ ပွဲစဉ် (၁၇) ရလဒ်

| | | | | |
|---|---|---|---|---|
| ဖရိုစီဝမ်း | ၁ | - | ၂ | ဂျူဗင်တပ် |
| ဘိုလော့ဂ်နာ | ၁ | - | ၀ | အတ္တလန်တာ |
| တိုရီနို | ၁ | - | ၁ | ဒူဒီးနီးစ် |

(၀၄၀)

# နိုင်ငံတော်က အားထားရမည့် မျိုးဆက်သစ်လူငယ်များပေါ်ထွန်းရေး

ကိုယဉ်ချစ်(မန္တလေး)

> ❖ မျိုးဆက်သစ်လူငယ်လူရွယ်တွေအနေနဲ့ ဘဝကို တိုးတက်အောင် တည်ဆောက်ဖို့ နည်းလမ်းတွေအများကြီးရှိပါတယ်။ နည်းလမ်းကောင်းတွေကိုရှာဖွေနိုင်တဲ့၊ နည်းပညာတိုးတက်တဲ့ခေတ်ကာလမို့ လူငယ်တွေကံကောင်းတယ်လို့ပြောရမှာပါ။ မှန်ကန်တဲ့၊ ကောင်းမွန်တဲ့နည်းလမ်းတွေကိုရွေးချယ်ပြီး ဘဝကိုတိုးတက်အောင် တည်ဆောက်ဖို့တော့လိုပါမယ်။ မကောင်းတဲ့နည်းလမ်းတွေကို အကောင်းထင်ပြီး ရေလိုက်လွဲရင်တော့ ဆုတ်ယုတ်တဲ့ဘဝရေစုန်ထဲမှာ နစ်မျောသွားတတ်ပါတယ်။ ❖

မိဘတွေ၊ ဆရာတွေဆိုတာ သားသမီးတွေ၊ တပည့်တွေအားလုံးကို ကြီးပွားတိုးတက်အောင်မြင်စေချင်ကြပါတယ်။ ဒါကြောင့် သားသမီးတွေ၊ တပည့်တွေကို ကြီးပွားချမ်းသာတိုးတက်အောင်မြင်လာအောင် သူတို့စွမ်းအားတွေနဲ့ မြေတောင်မြှောက်ပြုစုပျိုးထောင်ပေးကြပါတယ်။ သားသမီးတွေ၊ တပည့်တွေကို သူတို့ထက် တော်စေချင်၊ တတ်စေချင်တယ်။ ကြီးပွားတိုးတက်အောင်မြင်စေချင်ကြတယ်။ သားသမီးတွေ၊ တပည့်တွေ တိုးတက်အောင်မြင်ကြီးပွားချမ်းသာကြရင် ပီတိတွေနဲ့ ဝမ်းသာကြည်နူးကြပါတယ်။ မိဘတွေ၊ ဆရာတွေဆိုတာ ဘဝအတွေ့အကြုံတွေ အများကြီးဖြတ်သန်းခဲ့ကြသူတွေဖြစ်တယ်။ အလားတူ ခေါင်းဆောင်တွေ၊ ပညာရှင်ကြီးတွေဆိုတာလဲ လူငယ်ဘဝကိုဖြတ်သန်းခဲ့ကြသူတွေဖြစ်တာကြောင့် လူငယ်တွေရဲ့ရှေ့ရေးကို အလေးထားတတ်ကြပါတယ်။

အထက်မှာဖော်ပြခဲ့တဲ့ပုဂ္ဂိုလ်တွေဟာ အတွေ့အကြုံတွေအများကြီးရှိကြတယ်။ အဲဒီအတွေ့အကြုံတွေဆိုတာ သူတို့ဘဝတစ်လျှောက်လုံးရဲ့ ကိုယ်တွေ့နဲ့ စာတွေဖတ်၊ တရားပွဲတွေ၊ ဟောပြောပွဲတွေ၊ ဆွေးနွေးပွဲတွေကရခဲ့ကြတာတွေဖြစ်တယ်။ အဲဒီအတွေ့အကြုံတွေထဲမှာ မှန်ကန်တဲ့အသိအမြင်တွေ၊ မှားယွင်းတတ်တဲ့အလုပ်တွေ၊ ကောင်းတာဆိုးတာတွေ အများကြီးပါပဲ။ အဲဒါတွေထဲက မှားတတ်တာတွေကို ပညာဉာဏ်နဲ့ကြည့်လိုက်တော့ မြင်လာရတဲ့အမှန်တရားတွေ၊ အတွေ့အကြုံတွေကို စာနဲ့ရေးလို့ပဲဖြစ်ဖြစ်၊ နှုတ်နဲ့ပြောလို့ပဲဖြစ်ဖြစ် လူငယ်တွေ အမှားနည်းအောင်၊ အမှန်မြင်တတ်အောင် ပြန်လည်မျှဝေပေးကြပါတယ်။ မှန်ကန်တဲ့အသိပညာ၊ အတတ်ပညာတွေနဲ့ အတွေ့အကြုံကောင်းတွေဟာ သူတို့ရဲ့ဘဝတွေနဲ့ ရင်းနှီးရယူခဲ့ကြရတာဖြစ်လို့ အင်မတန်တန်ဖိုးကြီးပါတယ်။

နိုင်ငံတော်အနေနဲ့လဲ လူငယ်တွေကိုအလေးအနက်တန်ဖိုးထားတယ်။ မျိုးဆက်သစ်လူငယ်လူရွယ်တွေရဲ့စွမ်းအားခွန်အားတွေကို ယုံကြည်တယ်။ နိုင်ငံ့လူဦးရေရဲ့ထက်ဝက်ကျော်ဖြစ်တဲ့ လူငယ်လူရွယ်အင်အားတွေကို စုစည်းလိုက်ရင် နိုင်ငံတော်အတွက် စွမ်းအားတွေအများကြီးပဲ။ ဒါကြောင့် လူငယ်တွေကို နိုင်ငံတော်ရဲ့အနာဂတ်ဖန်တီးရှင်တွေလို့ တင်စားကြပါတယ်။ မျက်မှောက်ကာလမှာ လူငယ်တွေကို နိုင်ငံတော်ရဲ့ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်တွေမှာ အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ဖို့ ဗလငါးတန်နဲ့ပြည့်စုံတဲ့ လူငယ်တွေဖြစ်အောင် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ပေးနေပါတယ်။

ဒါပေမဲ့ လူငယ်တွေမှာ ကောင်းမွန်တဲ့အရည်အချင်းတွေရှိသလို အတွေ့အကြုံနုနယ်တာ၊ အတုခိုးလွယ်တာ၊ တစ်ဖက်သားအပေါ် အထင်ကြီးလွယ် ယုံလွယ်တာ၊ မှန်တယ်ထင်ရင် တစ်ဇွတ်ထိုးလုပ်တတ်တာ၊ ဆင်ခြင်တုံတရား အားနည်းတာတွေလဲ ရှိတတ်ပါတယ်။ ဒီအားနည်းချက်တွေကြောင့် လူငယ်တွေက အမှားတွေပြုမိတတ်ကြပါတယ်။ ပုထုဇဉ်လူသားတွေမို့ အမှားနဲ့မကင်းနိုင်ဘူးလို့ ဆိုစကားရှိတယ်။ ဒါပေမဲ့ အမှားမှန်းသိရင် သိသိချင်း အမှန်ကိုပြင်နိုင်ရမယ်။ ပြင်ရဲရမယ်။ အမှားမှန်းသိပါလျက်နဲ့ အမှားမှာပျော်နေရင်တော့ ပျော်နေသမျှမှားနေမှာပါ။ လူတိုင်းလျှောက်လှမ်းကြတဲ့ဘဝခရီးကို အမှန်တရားလမ်းမကြီးပေါ်မှာ ပျော်ပျော်ရွှင်ရွှင်နဲ့ လျှောက်လှမ်းနိုင်တာက အကောင်းဆုံးရွေးချယ်မှုပါလို့ ဆိုချင်ပါတယ်။ အမှန်ကိုအမှားမြင်၊ အမှားကိုအမှန်ထင်ပြီး လျှောက်လှမ်းကြရင် ဘဝခရီးလမ်းပေါ်မှာ ဟိုမရောက် ဒီမရောက်နဲ့ ဇာတ်သိမ်းသွားရတတ်ပါတယ်။

လူ့ဘဝမှာ မှန်ကန်တဲ့အသိတရားတွေနဲ့ တည်ဆောက်တဲ့ လူနေမှုဘဝကသာ အဆင့်အတန်းရှိရှိနဲ့ ခိုင်မာတတ်ပါတယ်။ မျက်မှောက်ကာလမှာ လူငယ်လူရွယ်တွေရဲ့အတွေးအခေါ်၊ အပြောအဆို၊ အနေအထိုင်တွေဟာ အရင်နဲ့မတူတော့ဘဲပြောင်းလဲလာပါတယ်။ မြန်မာ့ယဉ်ကျေးမှုမှာ အခြေခံကျတဲ့လောကနီတိတွေ၊ ၃၈ ဖြာမင်္ဂလာတွေ၊ ယဉ်ကျေးလိမ္မာဆုံးမစာတွေနဲ့ အလှမ်းဝေးလာပါတယ်။ ဒါကြောင့် နိုင်ငံနဲ့ လူမျိုးအပေါ် ချစ်မြတ်နိုးစိတ်၊ ကိုယ်ပိုင်ယဉ်ကျေးမှုကို ထိန်းသိမ်းကာကွယ်လိုစိတ်နဲ့ အများအကျိုးကို သယ်ပိုးလိုစိတ်တွေလျော့နည်းလာတာကို သတိမူကြရပါမယ်။ လူငယ်တွေသာမက မိဘတွေ၊ ဆရာတွေကလဲ တည့်မတ်ထိန်းကျောင်းပေးဖို့ လိုအပ်ပါတယ်။ မကောင်းမှုတွေကို ကြိုတင်ကာကွယ်တာနဲ့ တိမ်းရှောင်နေထိုင်တတ်ဖို့ အကောင်းဆုံးနည်းလမ်းပါပဲ။

မျိုးဆက်သစ်လူငယ်လူရွယ်တွေအနေနဲ့ ဘဝကို တိုးတက်အောင်တည်ဆောက်ဖို့ နည်းလမ်းတွေအများကြီးရှိပါတယ်။ နည်းလမ်းကောင်းတွေကိုရှာဖွေနိုင်တဲ့၊ နည်းပညာတိုးတက်တဲ့ ခေတ်ကာလမို့ လူငယ်တွေကံကောင်းတယ်လို့ပြောရမှာပါ။ မှန်ကန်တဲ့၊ ကောင်းမွန်တဲ့နည်းလမ်းတွေကိုရွေးချယ်ပြီး ဘဝကိုတိုးတက်အောင် တည်ဆောက်ဖို့တော့လိုပါမယ်။ မကောင်းတဲ့နည်းလမ်းတွေကို အကောင်းထင်ပြီး ရေလိုက်လွဲရင်တော့ ဆုတ်ယုတ်တဲ့ ဘဝရေစုန်ထဲမှာ နစ်မျောသွားတတ်ပါတယ်။ အကောင်းနဲ့အဆိုးကို ဝေဖန်ပိုင်းခြားနိုင်တဲ့နည်းလမ်းကတော့ အသိပညာရှိဖို့လိုပါတယ်။ ကောင်းမှုနဲ့မကောင်းမှုကို အသိပညာနဲ့ပဲ ခွဲခြားသိမြင်နိုင်ပါတယ်။ ကောင်းတာကို မကောင်းထင်၊ မကောင်းတာကို အကောင်းထင်ရင်တော့ ဘဝခရီးလမ်းတစ်လျှောက်မှာ ဆိုးကျိုးများစွာနဲ့ကြမ်းတမ်းစွာ ဖြတ်သန်းရပါလိမ့်မယ်။

လူတော်လူကောင်းတွေဖြစ်ဖို့၊ စိတ်ကောင်းရှိဖို့ လိုပါတယ်။ လူ့သဘာဝအရ စိတ်ကောင်းရှိတတ်သလို တစ်ခါတစ်ရံမှာ စိတ်ရိုင်းတွေ ဝင်လာတတ်တာကို သတိပြုရပါမယ်။ မကောင်းတဲ့စိတ်ရိုင်းတွေဖယ်ထုတ်ပြီးစိတ်ကောင်းမွေးရပါမယ်။ စိတ်ကောင်းရှိဖို့အတွက် ကိုယ်ကျင့်တရားကိုအမြဲစောင့်ထိန်းရပါမယ်။ ကိုယ်ကျင့်တရားဆိုတာ သီလစောင့်ထိန်းတာပါပဲ။ သီလလုံခြုံအောင်စောင့်ထိန်းနိုင်ရင် စိတ်ထားမြင့်မြတ်လာပြီး စိတ်ကောင်းတွေကိန်းအောင်းလာပါလိမ့်မယ်။ စိတ်ကောင်းရှိသူနဲ့ စိတ်ယုတ်မာရှိသူကိုယှဉ်ပြီးကြည့်လိုက်ရင် ရုပ်ဆင်းပေါ်မှာ ကွဲကွဲပြားပြားထင်ထင်ရှားရှားပေါ်လွင်နေပါတယ်။ စိတ်ကောင်းရှိသူဟာ သူ့ရဲ့စိတ်က အမြဲကြည်လင်နေတာမို့ တက်ကြွလန်းဆန်းနေတယ်။ အမြဲစိတ်အေးချမ်းမှုတွေ ပိုင်ဆိုင်နေပါတယ်။ စိတ်ယုတ်မာရှိသူတွေကတော့ တစ်ဖက်သားအပေါ် မကောင်းမြင်စိတ်နဲ့ အပြစ်တင်လိုတဲ့စိတ်က အမြဲလွှမ်းမိုးနေတော့တက်ကြွမှုမရှိသလို အရာရာကို အလိုမကျဖြစ်နေပါတယ်။ စိတ်ကောင်းရှိသူတွေကသာ လောကကောင်းကျိုးတွေကို စေတနာသန့်သန့်နဲ့ အကျိုးဆောင်နိုင်တာမို့ စိတ်ကောင်းရှိအောင်မွေးမြူနေထိုင်ကြဖို့လိုပါတယ်။

မျိုးဆက်သစ်လူငယ်လူရွယ်တွေအတွက် လိုအပ်ချက်တစ်ခုကတော့ စည်းကမ်းရှိဖို့ပါ။ စည်းကမ်းဟာ လူရဲ့တန်ဖိုးဆိုတဲ့စကားကို လူတိုင်းကြားဖူးကြပါတယ်။ တချို့က စည်းကမ်းကို ချုပ်ချယ်တယ်လို့ထင်ပြီး မထီမဲ့မြင်လုပ်တတ်ကြပါတယ်။ စည်းကမ်းမဲ့သူတွေကြောင့် စည်းကမ်းချက်တွေ ထပ်ကာထပ်ကာပေါ်လာရပါတယ်။ စည်းကမ်းချိုးဖောက်သူတွေ များလာရင် အဲဒီထက်ပြင်းထန်တဲ့ဥပဒေဆိုတာပါ ထုတ်ပြန်ရပါတော့တယ်။ စည်းကမ်းဆိုတာ လိုက်နာစောင့်ထိန်းရမည့် ကျင့်ဝတ်။ ဥပဒေဆိုတာ အစဉ်အဆက် လိုက်နာခဲ့သောစည်းမျဉ်း၊ အများပြည်သူတို့ လိုက်နာရန် သက်ဆိုင်ရာအာဏာပိုင်အဖွဲ့က ပြဋ္ဌာန်းထားသည့် စည်းမျဉ်းလို့ မြန်မာအဘိဓာန်မှာ အဓိပ္ပာယ်ဖွင့်ဆိုထားပါတယ်။

တိုးတက်အောင်မြင်သူတွေအတွက် လိုအပ်ချက်တစ်ခုကတော့ ရိုးသားမှုပါ။ "ရိုးသားခြင်းသည် အင်အားကိုအတောင်ပံများ တပ်ပေးသည်"ဆိုတဲ့ လက်တင်စကားပုံတစ်ခုကို မှတ်သားဖူးပါတယ်။ ရိုးသားသူရဲ့ဂုဏ်သိက္ခာဟာ ထိပ်တန်းမှာတည်ရှိသလို တန်ဖိုးကြီးမားတဲ့ ရှားပါးပစ္စည်းတစ်မျိုးလဲဖြစ်ပါတယ်။ မြန်မာတွေဟာ ရိုးသားမှုကိုအများကြီးတန်ဖိုးထားကြသူတွေဖြစ်ပါတယ်။ နေ့စဉ် လူနေမှုဘဝတွေမှာ ရိုးရိုးသားသားဆက်ဆံလုပ်ကိုင်ကြတဲ့ အချိန်ကာလမှာ တည်ငြိမ်အေးချမ်းသာယာမှုကို ခံစားကြရပါတယ်။ မရိုးသားကြတဲ့အချိန်မှာ စိတ်ဝမ်းတွေကွဲပြီး စည်းလုံးညီညွတ်မှုတွေပါ ပြိုကွဲတတ်တယ်ဆိုတာကို မေ့မထားသင့်ပါဘူး။

ရိုးသားတဲ့သူဟာ ဘယ်လိုအခက်အခဲအကျပ်အတည်းတွေနဲ့ကြုံပါစေ ရိုးသားမှုကို သိက္ခာတစ်ရပ်အနေနဲ့ စောင့်ထိန်းထားတတ်ကြပါတယ်။ ရိုးသားမှုဆိုတဲ့ဂုဏ်သိက္ခာကို အထိမခံကြပါဘူး။ ဒါကြောင့် ရိုးသားသူတွေဟာ အကြောင်းမသင့်လို့ ဆင်းရဲနေပါစေ တည်ငြိမ်အေးချမ်းတဲ့ဘဝကို ပိုင်ဆိုင်ကြတယ်။ လောဘတွေကို ထိန်းချုပ်ထားနိုင်တယ်။ ကိုယ်ချင်းစာနာစိတ်၊ အများအကျိုးဆောင်လိုစိတ်တွေ ကိန်းအောင်းနေတတ်ကြတယ်။ ဘဝရပ်တည်နေရတဲ့အချိန်မှာမပြည့်စုံနေတာတောင် ရိုးသားမှုကိုစောင့်ထိန်းတတ်ကြတယ်။ စိတ်ပိုင်းဆိုင်ရာနောက်ဆံတင်းစရာမရှိကြပါ။ ပူပင်သောကတွေနဲ့ ကင်းဝေးနေတတ်ပါတယ်။ ဒါကြောင့် ရိုးသားတဲ့သူတွေဖြစ်အောင် အမြဲသတိနဲ့ ယှဉ်ပြီးနေထိုင်သင့်ပါတယ်။

နောက်တစ်ချက်ကတော့ မိမိနဲ့ပတ်ဝန်းကျင်ကို မှန်ကန်တဲ့အမြင်နဲ့ မြင်အောင်ကြည့်တတ်ဖို့လိုပါတယ်။ အမြင်မကြည်ရင်၊ အမြင်မမှန်ရင် ကိုယ့်မြင်ကွင်းမှာ မြင်ရတဲ့မြင်ကွင်းဟာ မှုန်ဝါးနေပါလိမ့်မယ်။ မြင်ရတဲ့အမြင်ကိုလဲ အမှန်အတိုင်းမြင်အောင် ကြည့်တတ်ဖို့လိုပါတယ်။

အမြင်နဲ့ပတ်သက်ပြီး ငယ်ငယ်ကကြားဖူးတဲ့ပုံပြင်လေးတစ်ပုဒ်ကို သတိပြန်ရမိတယ်။ တစ်ခါက အင်မတန်ချစ်ခင်ကြတဲ့သူငယ်ချင်းလေးယောက်ဟာ အတူလမ်းလျှောက်လာရင်း ကျောကုန်းပေါ်မှာ အမှတ်အသားတစ်ခုပါတဲ့ လိပ်တစ်ကောင်ကို လမ်းပေါ်မှာတွေ့တယ်။ သူတို့ဟာ အဲဒီလိပ်ကိုဝိုင်းကြည့်ကြတယ်။ ကျောပေါ်ကအမှတ်အသားကို အမြီးဘက်ကကြည့်တဲ့လူက ဂငယ်အက္ခရာလို့ပြောတယ်။ ခေါင်းဘက်ကကြည့်တဲ့သူကငယ်မဟုတ်ဘူး ပဆောက်လို့ပြောတယ်။ လိပ်ရဲ့ဘယ်ဘက်ကကြည့်တဲ့သူက ဂငယ်လဲမဟုတ်ဘူး။ ပဆောက်လဲမဟုတ်ဘူး။ ငလို့ပြောပြန်တယ်။ အဲဒီတော့ လိပ်ရဲ့ယာဘက်ကလူက မင်းတို့အားလုံး မှားတယ်။ အဲဒါ ၁ ဂဏန်းပါလို့ပြောတယ်။ ဒီလိုနဲ့ ငြင်းကြခုံကြရင်း ရန်ဖြစ်တဲ့ထိရောက်သွားတယ်။ အဲဒီအချိန်မှာ အဘိုးအိုတစ်ယောက်ရောက်လာပြီး အခြေအနေကိုမေးရင်း လိပ်ကိုတစ်ပတ်လည်အောင် ပတ်ကြည့်တယ်။ အဲဒီလူလေးယောက်ကိုလဲ လေးဖက်စလုံး ပတ်ပြီးကြည့်စေတယ်။ အဲဒီကျမှ သူငယ်ချင်းလေးယောက်စလုံးဟာ ကိုယ့်အမြင်နဲ့ကိုယ်မှန်ပေမဲ့ အခြားဘက်တွေက ကြည့်လို့မြင်ရတဲ့အမြင်တွေကို ကြည့်တတ်ဖို့လိုပါလား ဆိုတဲ့အသိကို ရသွားကြတယ်။ လူလောကကြီးမှာ ပုထုဇဉ်လူသားတွေ စုစည်းနေထိုင်ကြတာဖြစ်တော့ လောဘ၊ ဒေါသ၊ မောဟ မစင်တဲ့ အမြင်တွေနဲ့ကြည့်ပြီး ကိုယ့်အမြင်ကသာ အမှန်လို့ စွဲမှတ်ကြပါတယ်။ သူ့ဘက်ကိုယ့်ဘက်ဘက်ပေါင်းစုံက အမြင်မှန်အောင် ကြည့်တတ်ဖို့လိုတယ်လို့ ဆိုချင်ပါတယ်။

အရေးကြီးတဲ့အချက်တစ်ချက်ကတော့ တိုးတက်နေတဲ့ခေတ်ကာလကြီးထဲမှာ သင်ယူလေ့လာမှုတွေကို အမြဲမပြတ် လုပ်နေကြရမှာဖြစ်ပါတယ်။ စဉ်းစားတွေးခေါ်တတ်တဲ့ အသိဉာဏ်ဆိုတာ လူတိုင်းမှာရှိတယ်။ ဒါပေမဲ့ တစ်ယောက်နဲ့တစ်ယောက် အသိဉာဏ်ရှိတာချင်းမတူဘူး။ စာဖတ်တဲ့သူ၊ သင်ယူလေ့လာနေသူတွေဟာ အခြားသူတွေထက် ဉာဏ်ရည်ပိုပြီးမြင့်နေပါတယ်။ အသက်ရှင်ရပ်တည်ဖို့ အစားတွေစားသောက်ရသလို လူတွေရဲ့အသိဉာဏ်ဖွံ့ဖြိုးဖို့ သင်ယူရမယ်။ နားထောင်ရမယ်။ စာတွေဖတ်ရမယ်။ ဒါမှ အသိဉာဏ်တွေ တိုးပွားလာမယ်။ အလွယ်ကူဆုံးလုပ်လို့ရတဲ့စာတွေ များများဖတ်ရမယ်။ စာပေရဲ့တန်ခိုးဟာ ဆွဲဆောင်မှုကြီးမားပြီး လူတစ်ယောက်ရဲ့ဘဝကိုပါပြုပြင်ပြောင်းလဲသွားနိုင်တယ်။ ဒါကြောင့် လူငယ်တွေဟာ မိမိအရည်အသွေးတိုးတက်ဖွံ့ဖြိုးနေအောင် စာဖတ်ကြဖို့နဲ့ သင်ယူလေ့လာမှုတွေပြုလုပ်ဖို့ တိုက်တွန်းလိုပါတယ်။

နိဂုံးချုပ်အနေနဲ့တင်ပြလိုတာက မျိုးဆက်သစ်လူငယ်တွေကို အရည်အချင်းပြည့်စုံတဲ့လူငယ်တွေ၊ ထက်မြက်တဲ့လူငယ်တွေ၊ ကာယဉာဏစာရိတ္တဘက်စုံဖွံ့ဖြိုးတိုးတက်တဲ့လူငယ်တွေဖြစ်လာအောင် ရေရှည်ကြိုးပမ်းဆောင်ရွက်သွားကြရမှာ ဖြစ်ပါတယ်။ မိဘပြည်သူတွေအနေနဲ့လဲ ဗလငါးတန်ဖွံ့ဖြိုးတဲ့လူငယ်လူရွယ်တွေပေါ်ထွန်းလာရေးကို အမျိုးသားရေးတာဝန်တစ်ရပ်လို ခံယူပြီး ဆောင်ရွက်ပေးကြရမှာဖြစ်ပါတယ်။ မျိုးဆက်သစ်လူငယ်တွေကလဲ ထူးချွန်ထက်မြက်တဲ့ လူချွန်လူကောင်းတွေ ဖြစ်လာအောင် မိမိကိုယ်ကို လေ့ကျင့်ပျိုးထောင်နေကြရမှာဖြစ်ပါတယ်။ နိုင်ငံတော်မှာ အရည်အချင်း၊ အရည်အသွေးထက်မြက်တဲ့မျိုးဆက်သစ်လူငယ်တွေ များများပေါ်ထွန်းလာလေ နိုင်ငံတော်ကြီးဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်နိုင်သူတွေများလေဖြစ်မှာမို့ နိုင်ငံတော်က အားကိုးအားထားပြုရတဲ့ မျိုးဆက်သစ်လူငယ်တွေပေါ်ထွန်းလာအောင် မိဘပြည်သူတွေနဲ့ မျိုးဆက်သစ်လူငယ်တွေက ဝိုင်းဝန်းကြိုးပမ်းပေးနိုင်ကြပါရန် တိုက်တွန်းရေးသားလိုက်ရပါတယ်။

**ကိုးကား**

- **ပါမောက္ခချုပ်ဆရာတော်ကြီး ဒေါက်တာ နန္ဒမာလာဘိဝံသ၏ ကိုယ်ကျင့်တရားသည် သာ၍ လူ့အဆင့်အတန်း တရားတော်**
- **ဦးတင့်ဝင်းနိုင်၏ နိုင်ငံတကာ စကားပုံ အဘိဓာန်**
- **၃-၂-၂၀၂၄ ရက်၊ ၂၀-၄-၂၀၂၄ ရက် နှင့် ၂၈-၇-၂၀၂၄ ရက်ထုတ် ရတနာပုံ သတင်းစာများ။**

## သာကေတမြို့နယ် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာတွင် ကရင်နှစ်သစ်ကူးပွဲတော် ဇန်နဝါရီ ၁၁ ရက်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်



**ရန်ကုန် ဒီဇင်ဘာ ၂၃**

ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာတွင် ကရင်နှစ်သစ်ကူးပွဲတော်ကို ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၁၁ ရက်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း ကရင်စာပေနှင့်ယဉ်ကျေးမှုအသင်း(ရန်ကုန်တိုင်းဒေသကြီး) ဥက္ကဋ္ဌ ပွဲတော်ကျင်းပရေးကော်မတီဝင် မန်းသန်းဝင်းက ပြောပြ၍ သိရသည်။

၂၀၂၄ ခုနှစ် ရန်ကုန်တိုင်းဒေသကြီး ကရင်နှစ်သစ်ကူးပွဲတော်ကို ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ်ရှိ ပြည်ထောင်စုတိုင်းရင်းသားကျေးရွာတို့တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

"နှစ်စဉ်ကျင်းပနေကျအတိုင်း ရန်ကုန်တိုင်းဒေသကြီး ပြည်ထောင်စုတိုင်းရင်းသားကျေးရွာမှာ တိုင်းဒေသကြီးအဆင့် အခမ်းအနားကို ခမ်းခမ်းနားနားလုပ်မှာပါ။ ပရိသတ်တွေလဲ လာကြမှာပါ။ အလံတင်အခမ်းအနားလဲရှိမယ်။ ဟောပြောပွဲလဲရှိမယ်။ တိုင်းရင်းသားအဆို၊ အကတွေ၊ ဈေးရောင်းပွဲတော်တွေပါမယ်။ တိုင်းရင်းသားအကဆိုရင် ကရင်ရိုးရာဒုံးအကပါမယ်။ ဝါးညှပ်အကပါမယ်။ တောင်ယာစူးထိုးအက၊ ဝါးထောက်အကတွေပါဝင်မှာပါ။ ဒီနှစ်ကတော့ ထူးထူးခြားခြား ရိုးရာအားကစားအနေနဲ့ များဖွတ်ပြိုင်ပွဲလဲပါမယ်"ဟု ကရင်စာပေနှင့်ယဉ်ကျေးမှုအသင်း(ရန်ကုန်တိုင်းဒေသကြီး) ဥက္ကဋ္ဌ ပွဲတော်ကျင်းပရေးကော်မတီဝင် မန်းသန်းဝင်းက ပြောပြသည်။

ယခုနှစ်ကျင်းပမည့် ကရင်နှစ်သစ်ကူးပွဲတော်တွင် ကရင်တိုင်းရင်းသားရိုးရာအကအလှများဖြင့် ဖျော်ဖြေတင်ဆက်သွားမည့်အပြင် ကရင်တိုင်းရင်းသားရိုးရာ အသုံးအဆောင်များ၊ အဝတ်အစားများ၊ အစားအစာများကို ရောင်းချသည့် ဈေးဆိုင်ခန်းများ ဖွင့်လှစ်သွားမည်ဖြစ်ကာ ရိုးရာအားကစားပြိုင်ပွဲများလည်း ထည့်သွင်းကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ASH


## ချောက်ချားစရာ ည ၈ နာရီ ဇာတ်လမ်းတွဲ ဒီဇင်ဘာ ၂၅ ရက်တွင် Channel K ရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသမည်ဖြစ်

**ရန်ကုန် ဒီဇင်ဘာ ၂၃**

ချောက်ချားစရာ ည ၈ နာရီ ရုပ်သံဇာတ်လမ်းတွဲကို ဒီဇင်ဘာ ၂၅ ရက်တွင် Channel K ရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း အဆိုပါရုပ်သံဇာတ်လမ်းတွဲကို ပုံဖော်ရိုက်ကူးထားသူ ဒါရိုက်တာ အောင်ပြည့်က ပြောပြ၍ သိရသည်။

ချောက်ချားစရာ ည ၈ နာရီ ရုပ်သံဇာတ်လမ်းတွဲသည် 8 PM Films ရုပ်ရှင်ထုတ်လုပ်ရေးက ထုတ်လုပ်သည့် ရုပ်သံဇာတ်လမ်းတွဲဖြစ်ပြီး အဆိုပါရုပ်သံဇာတ်လမ်းတွဲ၏ ဝတ္ထုဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို 8 PM Films Script Group က ရေးသားထားကြောင်း သိရသည်။

"အမှောင်ထုထဲမှာတစ်ယောက်တည်းဖြစ်နေရတဲ့အချိန် ပုံမှန်မဟုတ်တဲ့တုန်လှုပ်ချောက်ချားစရာ ထူးခြားဆန်းကြယ် ဖြစ်ရပ်တွေနဲ့ကြုံလာရတဲ့အခါ လူသားတွေရဲ့စိတ်ခံစားချက်က ကြောက်ရွံ့ထိတ်လန့်ခြင်းတွေအဖြစ် ပြောင်းလဲလာတတ်ကြတယ်။ လူတိုင်းမမြင်နိုင်၊ မထိတွေ့နိုင်တဲ့ မတူညီတဲ့ဖြစ်ရပ်များစွာရှိနေပါတယ်။ အဲဒီဖြစ်ရပ်တွေကို ယုံကြည်ခံစားချင်သူတွေအတွက် မတူညီတဲ့ဇာတ်လမ်းတိုတစ်ပုဒ်ချင်းစီကို အပိုင်းတစ်ခုချင်းစီအလိုက် ကြည့်ရှုခံစားရမှာဖြစ်ပါတယ်"ဟု ဒါရိုက်တာ အောင်ပြည့်က ပြောပြသည်။




ချောက်ချားစရာ ည ၈ နာရီ ရုပ်သံဇာတ်လမ်းတွဲတွင် သရုပ်ဆောင် အေဘယ်လ်၊အောင်ပြည့်စုံ၊ အောင်ခန့်၊ စနိုး၊ ကျော့သခင်၊ နီနီဝမ်း၊ မေမြတ်၊ ငြိမ်းဆုသွယ်၊ ပိုးအိအိတို့အပြင် အခြားအနုပညာရှင်များစွာ ပါဝင်သရုပ်ဆောင်ထားကြောင်း၊ အဆိုပါဇာတ်လမ်းတွဲကို ဒီဇင်ဘာ ၂၅ ရက်မှစတင်ကာ အပတ်စဉ် တနင်္လာနေ့နှင့် အင်္ဂါနေ့ ည ၇ နာရီ ၄၅ မိနစ်တွင် ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

ASH

## လဲချားမြို့နယ် ဝမ်ထီကျေးရွာ၌ ဘက်စုံသုံးခန်းမတည်ဆောက်ပြီးစီးမှု စစ်ဆေး

**လဲချား ဒီဇင်ဘာ ၂၃**

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင် လဲချားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ရန်ပုံငွေဖြင့် ဝမ်ထီကျေးရွာ၌ ဘက်စုံသုံးခန်းမ တည်ဆောက်ခြင်းလုပ်ငန်းပြီးစီးမှုကို ဒီဇင်ဘာ ၂၂ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် လဲချားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းထွန်းနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ ဝမ်ထီကျေးရွာ၌ ဘက်စုံသုံးခန်းမတည်ဆောက်ခြင်းလုပ်ငန်းပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက အဆိုပါဘက်စုံသုံးခန်းမကို ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရန် မှာကြားသည်။

လဲချားမြို့နယ် ဝမ်ထီကျေးရွာ၌ အလျား ၅၄ ပေ၊ အနံပေ ၂၀၊ အမြင့် ၁၀ ပေရှိ ဘက်စုံသုံးခန်းမ တည်ဆောက်ခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ရန်ပုံငွေကျပ် ၁၅ သန်းအသုံးပြု၍ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် ဩဂုတ်လစတုတ္ထပတ်က စတင်ဆောက်လုပ်ခဲ့ရာ ယခုအခါ လုပ်ငန်းများရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်၍ ဝမ်ထီကျေးရွာရှိ ကျေးလက်နေပြည်သူများအတွက် သာရေးနာရေးနှင့်လူမှုရေးဆိုင်ရာကိစ္စရပ်များ၊ အစည်းအဝေးများ ကျင်းပပြုလုပ်နိုင်ပြီဖြစ်ကြောင်း သိရသည်။

**အေးသူ**

## Road House အက်ရှင်ဇာတ်ကား ၂၀၂၄ ခုနှစ် မတ် ၁ ရက်တွင် ရုံတင်ရန်စီစဉ်ထား

**နယူးယောက် ဒီဇင်ဘာ ၂၃**

Road House အမည်ရှိ အက်ရှင်ဇာတ်ကားကို ၂၀၂၄ ခုနှစ် မတ် ၁ ရက်တွင် ရုံတင်ပြသရန် Amazon Primevideo က စီစဉ်ထားကြောင်း ဒီဇင်ဘာ ၂၂ ရက် သတင်းများအရ သိရသည်။

အဆိုပါဇာတ်ကားသည် ၁၉၈၀ ပြည့်နှစ်ကာလများအတွင်း ရုံတင်ပြသသည့် Road House ဇာတ်ကားကို ပြန်လည်ဆန်းသစ်ရိုက်ကူးထားသော ဇာတ်ကားဖြစ်ကြောင်း သိရသည်။


Road House ဇာတ်ကားကို ဒါရိုက်တာ ဒေါက်ဂလပ်လီပင်းက ရိုက်ကူးပေးထားပြီး အဓိက ဇာတ်ကောင်နေရာတွင် မင်းသား ဂျိတ်ဂျီလန်ဟေး ပါဝင်ထားသည်။ အဆိုပါဇာတ်ကားတွင် ဂျိတ်ဂျီလန်ဟေးသည် UFC ကိုယ်ခံပညာ အားကစားသမားတစ်ဦးအဖြစ်မှ အရက်ဆိုင် လူမိုက်ဖြစ်လာသူအဖြစ် သရုပ်ဆောင်ထားကြောင်း သိရသည်။

Road House ဇာတ်ကားတွင် ဂျိတ်ဂျီလန်ဟေးနှင့်အတူ UFC ကစားသမား ကွန်နာဗက်ဂရီဂေါလည်း ပထမဆုံးအကြိမ်အဖြစ် ပါဝင်ထားသည်။

မူလ Road House ဇာတ်ကားကို ဒါရိုက်တာ ရိုးဒီဟာရင်တန်က ရိုက်ကူးခဲ့ပြီး မင်းသား ပက်ထရစ်ဆွာ ပါဝင်သရုပ်ဆောင်ခဲ့ခဲ့ကြောင်း သိရသည်။

**Ref : Xinhua News**

**Trs : KKO**




## My French Amore ဇာတ်ကားကို ဒါရိုက်တာ အင်ဒရူးဒေးဗစ် ရိုက်ကူးမည်

**နယူးယောက် ဒီဇင်ဘာ ၂၃**

My French Amore ဟာသဇာတ်ကားသစ်ကို ကမ္ဘာကျော် ဒါရိုက်တာ အင်ဒရူးဒေးဗစ်က တာဝန်ယူရိုက်ကူးမည်ဖြစ်ကြောင်း ဒီဇင်ဘာ ၂၂ ရက် သတင်းများအရ သိရသည်။

My French Amore ဟူ၍ အမည်ပေးထားသည့် အဆိုပါ ဟာသဇာတ်ကားသစ်အတွက် ဝတ္ထုဇာတ်ညွှန်းကို ကွယ်လွန်သူ စာရေးဆရာ၊ ဇာတ်ညွှန်းရေးဆရာ ဂျင်းစိုင်းဒါက ရေးသားပေးထားခြင်းဖြစ်ကြောင်း ဒါရိုက်တာ အင်ဒရူးဒေးဗစ်က ပြောကြားသည်။


My French Amore ဇာတ်ကားသည် သူလျှိုတစ်ဦးအဖြစ် အယောင်ဆောင်ထားသော အမျိုးသားတစ်ဦး၏အဖြစ်ကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးမည့်ဇာတ်ကားဖြစ်သည်။

ဒါရိုက်တာ အင်ဒရူးဒေးဗစ်သည် The Fugitive ဇာတ်ကားကို ရိုက်ကူးခဲ့သူဖြစ်သည်။

၁၉၉၃ ခုနှစ်တွင် ရုံတင်ပြသခဲ့သည့် The Fugitive ဇာတ်ကားသည် ဇနီးဖြစ်သူကို သတ်ဖြတ်သူအဖြစ် မှားယွင်းစွပ်စွဲခံခဲ့ရသော ဆရာဝန်တစ်ဦး၏အဖြစ်ကို ဇာတ်အိမ်ဖွဲ့ ရိုက်ကူးထားခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**


**Trs : KKO**



# Vice Chairman of State Administration Council Deputy Prime Minister Vice-Senior General Soe Win attends Christmas Day Thanksgiving ceremony



Vice-Senior General Soe Win delivers Christmas Day address.



Cardinal Charles Bo extends Christmas greetings.

**Nay Pyi Taw December 23**

The Christmas Day Thanksgiving ceremony, jointly sponsored by Myanmar Council of Churches, Catholic Bishops Conference of the Republic of the Union of Myanmar, Myanmar Evangelical Christian Alliance, and Myanmar Christian Mission Cooperation, was held at Holy Cathedral Church at the corner of Bogyoke Aung San Street and Bo Aung Kyaw Street, Botahtaung Township, Yangon Region this evening, attended by Vice Chairman of State Administration Council Deputy Prime Minister Vice-Senior General Soe Win.

Also present were Daw Than Than Nwe, wife of the Vice-Senior General, SAC member Union Minister for Defence Admiral Tin Aung San and wife, union ministers and wives, senior military officers from Office of Commander-in-Chief and wives, the Yangon Region chief minister, the Yangon Command commander and wife, region ministers and wives, the mayor, bishops of Myanmar Council of Churches, Catholic bishops and nuns, bishops of Myanmar Evangelical Christian Alliance and Myanmar Christian Mission Cooperation, officials of Christian associations and Interfaith Friendship Organization, guests, Christians in Myanmar, Catholic youth groups, Christian elders.

On arrival at the Holy Cathedral Church, the Vice-Senior General and party were welcomed by Archbishop Cardinal Charles Bo and bishops.

The ceremony was held at St. Mary's Cathedral, and Archbishop U Myat Hsan said the opening prayer, Auxiliary Bishop Noel Saw Naw Aye extended greetings, and the hymn "Then Jesus Came" was sung in chorus.

In his Christmas Day address, the Vice-Senior General said since the olden days, the successive governments of Myanmar has ensured the right to freedom of religion and worship in accord with the adopted rules and principles. The section 354 (d) of Chapter 8 of 2008 Constitution states, "to develop their language, literature, culture they cherish, religion they profess, and customs without prejudice to the relations between one national race and another or among national races and to other faiths" and the section 362 states, "The Union also recognizes Christianity, Islam, Hinduism and Animism as the religions existing in the Union at the day of the coming into operation of this Constitution." The said two provisions have clearly permitted individuals or all the members of a religion the right to follow their faith within the framework of rules, principles and laws.

Then, paragraphs praising the Christ in 1:23 of the Gospel of Matthew and 2:14-14 of the Gospel of Luke were explained.

Then, missionaries such as archbishops, bishops and reverent priests and nuns were requested on behalf of devotees to send prayers to Christ to shed compassion on each human being and to make the world peaceful.

As the word "compassion" is included in every religious faith, it is something that is powerful and can overcome and penetrate everything. Similarly, peace can be achieved with compassion. It is necessary for missionaries to inspire Christian devotees as well as devotees of other religions to observe teachings of the Christ and to show compassion and sympathy to each other among humans. Protection of compassion makes the world safe and secure. In conclusion, the Vice-Senior General prayed for peace for each individual, family and the entire world.

Then, vocalists sang hymns and Rev.D U Aye Min read out the bible and Archbishop Steven Than Myint Oo made a special prayer. Sister Midorin of the CBCM read out the bible and the Christmas Orchestra played music.

Then, Cardinal Charles Bo extended Christmas greetings, saying not only Christians but also all human beings in the world may have blessing and auspiciousness on an auspicious Christmas occasion. All Myanmar citizens may enjoy mental and physical peace after achieving genuine peace and achieve success in religious, economic and social fields. All may be peaceful, prosperous and happy.

Afterwards, Cardinal Charles Bo and Archbishop Steven Than Myint Oo presented Christmas gifts to the Vice Senior General and wife, who presented a fruit basket and goods produced by the Tatmadaw as Christmas gifts.

Then, Archbishop U Myat San and Auxiliary Bishop Noel Saw Naw Aye and SAC Member Admiral Tin Aung San and wife exchanged Christmas gifts.

Afterward, Rev Man Pastor spoke words of thanks and Cardinal Charles Bo said the blessing for the Republic of the Union of Myanmar before hymns were sung.

Then, Rev. Saw San Aung praised those who took part in hosting the Christmas dinner.

Afterward, the Vice-Senior General and party enjoyed the Christmas dinner hosted by the Myanmar Council of Churches, the Catholic Bishops Conference of Myanmar, the Myanmar Evangelist Christian Alliance and the Myanmar Christianity Propagation Alliance. 100




Vice-Senior General Soe Win and Daw Than Than Nwe present foodstuffs.

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Akauk Taung Pagoda in Bago offers free accommodation and vegetarian meals daily for pilgrims


Akauk Taung Pagoda in Bago.

**Pyay December 23**

Akauk Taung Pagoda in Pyay Township of Bago Region is open regardless of the season, and is offered free accommodation and vegetarian meals daily for pilgrims, according to U Min Aung, a member of the Board of Trustees of the Pagoda.

Pilgrims who come to Akauk Taung Pagoda are also given free bed rolls, which have been arranged for them to stay in. In addition, the Akauk Taung Monk also donates rice and vegetarian dishes to the pilgrims every day from 6:00 am to 6:00 pm.

"There is no special pilgrimage season for Akauk Taung Pagoda. It is open all season. It is also arranged for free accommodation for pilgrims. In addition to accommodation, according to the plan and tradition of Akauk Taung Monk, rice and vegetarian curries are also donated daily from 6:00 am to 6:00 pm. About 200 pilgrims came on weekends and between 20 and 30 people in weekdays," U Min Aung said.

ASH

# Condensed milk, milk powder worth more than US$3 million imported in November

**Nay Pyi Taw December 23**

The Ministry of Commerce on 22 December stated that more than 1,500 tons of condensed milk and milk powder worth more than US$3 million in November due o local demand.

Although Myanmar produces milk and dairy products, condensed milk and milk powder are still imported due to local demand.

In November, US$3.792 million worth of condensed milk and milk powder weighing more than 1,500 tons were imported through maritime trade route.

In this regard, some 500 tons of condensed milk and more than 1,000 tons of milk powder were imported.

In October, just 400 tons of condensed milk was imported, and November import exceeded more than 100 tons. Moreover, condensed milk weighing more than 7,000 tons were imported in October compared to 6,000 tons in November.

Relevant ministries and Myanmar Dairy Product Entrepreneurs Association cooperate with each other in enhancing the private sector to increase production of dairy products at home and reduce import volume.

A private dairy cow farm namely Hteik Tan is successfully operated at mile post 37/4 on Yangon-Pathein Road in Peyonseik Village of Nyaungdon Township.


Dairy products in shelves in a supermarket.

The farm operates the breeding with Some K250 million investments starting from January in 2016-17 financial year with 23 workers. It uses 30 Holstein Friesian Dairy cows on 5.5 acres of land, and it reaches 93 dairy cows at present. The farm produces milks from these cows with the use of steamed machine from the Department of Livestock Breeding and Veterinary Department under the school milk programme.

At present, the farm sells fresh milk, pasteurized milk, low fat pasteurized milk, yogurt and low fat yogurt. 336

# Authorities approve over 3 b kyats for the benefits of social security insurance workers

**Mandalay December 23**

More than three billion kyats have been approved and supported for the benefits of social security insurance workers by townships in Mandalay Region, according to the Social Security Office for Mandalay Region.

From April to date, there have been 27,923 cases of workers who are entitled to benefits for these social security insurances and most of them are health and social care insurance and women's births cases. A total of 3,046.052 million kyats have been approved for the cases with these benefits, said U Than Naing Oo, the officer in charge of the Social Security Office for Mandalay Region.

"We are working for the benefits of the workers who work for their families. During the eight-month benefit, more than 3,000 million kyats have been approved and supported. In order to collect financial benefits for social security insurance workers, they can contact the social security office and social security clinic in the relevant township. If there are requests, we are issuing benefit allowances in a timely manner," he said.

185

# China to continue sharing development achievements with world: FM spokesperson

**Beijing December 23**

A Chinese foreign ministry spokesperson on Thursday said China will continue to expand high-level opening up, improve the business environment, step up intellectual property protection, form an open and globally competitive innovation ecosystem and share with the world China's development achievements.

According to media reports, Steven Barnett, the International Monetary Fund (IMF) Senior Resident Representative in China, said in an interview that China will contribute one-third of global economic growth in 2023. He predicted that higher and more resilient growth is within reach for China in 2024.

"Lately, many international organizations like the IMF and the Organization for Economic Cooperation and Development (OECD) have revised up their 2023 growth projections for China and are confident in China's economic prospects next year," spokesperson Wang Wenbin said when asked to comment on the interview at a daily news briefing.

Wang said China is widely considered the biggest driver for the world economy. The research of the IMF shows that faster growth in China has positive spillovers on the rest of the world. A one percentage point increase in China would, on average, increase the level of output in other economies by 0.3 percent.

Xinhua

# UN expresses concern over Israeli evacuation order in southern Gaza

**United Nations December 23**

The United Nations on Thursday expressed concern over the Israeli order for the evacuation of civilians in southern Gaza.

The Israeli military on Wednesday designated a new area covering about 20 percent of central and south of Khan Younis city for immediate evacuation. Prior to the onset of the hostilities, the area was home to about 111,000 people. The area also includes 32 shelters that accommodated more than 141,000 displaced men, women and children, the vast majority of whom were previously displaced from northern Gaza, said Stephane Dujarric, spokesman for UN Secretary-General Antonio Guterres.

He quoted the UN Office for the Coordination of Humanitarian Affairs as saying that access to evacuation information on Khan Younis and other key information is impaired by interruptions in telecommunications and the lack of electricity. Telecommunications are still down in most of Gaza for the eighth day in a row.

Dujarric stressed that no area in Gaza is safe.

Xinhua



# Counter-Drone နည်းလမ်းများ

မျိုးခိုင်(ရေနံချောင်း)

တန်ပြန်ဒရုန်းစနစ်များသည် လေကြောင်းပိုင်နက် လုံခြုံရေးအခင်းအကျင်းတွင် မရှိမဖြစ် အစိတ်အပိုင်းတစ်ခုဖြစ်သည်။ ဒရုန်းစနစ် Uncrewed Aerial Systems (UAS) သည် ရေပန်းစားလာသည်နှင့်အမျှ ဒရုန်းဖြစ်ရပ်များ အများအပြားပေါ်ထွက်လာလျက်ရှိသည်။ ခွင့်ပြုချက်မရှိဘဲ ဝင်ရောက်လာသော UAS များကို ရှာဖွေခြင်း၊ ခြေရာခံခြင်း၊ ဖော်ထုတ်ခြင်းနှင့် လျော့ပါးစေသည့် ဆန်းသစ်သောဖြေရှင်းချက်များသည် လေကြောင်းပိုင်နက်အောက်ရှိ အရေးကြီးသော လုံခြုံရေးကွာဟချက်ကို ဖြည့်ဆည်းပေးနိုင်လိမ့်မည်ဖြစ်သည်။

**Counter-Uncrewed Aircraft System (C-UAS) နှင့်Counter-Droneကြား ကွာခြားချက်**

တန်ပြန် UAS စနစ် နှင့် တန်ပြန်ဒရုန်းစနစ် ဟူသော အသုံးအနှုန်းများကို မကြာခဏ အပြန်အလှန်အားဖြင့် အသုံးပြုလေ့ရှိကြသည်။ "ဒရုန်း" ဟူသော ဝေါဟာရသည် တပ်ဖွဲ့ဝင်များမပါဝင်သော လူမဲ့ Uncrewed Aerial Vehicle လေယာဉ်ကို အတိအကျရည်ညွှန်းပြီး UAS ဟူသော ဝေါဟာရသည် UAV လည်ပတ်မှုအတွက် လိုအပ်သော အစိတ်အပိုင်းသုံးခုစလုံးကို ရည်ညွှန်းနေသည်။

လေကြောင်းအာဏာပိုင်အဖွဲ့ကြီးဖြစ်သည့် FAA သည် လေယာဉ်၏ ဘေးကင်းပြီးထိရောက်စွာလည်ပတ်နိုင်စေရန်အတွက် လိုအပ်သောစက်ကိရိယာများနှင့် UAV တို့ကိုပေါင်း၍ ဒရုန်းစနစ် (Uncrewed Aerial Systems - UAS) ဟူ၍ အဓိပ္ပာယ်ဖွင့်ဆိုထားသည်။ UAS ဆိုသည်မှာ Uncrewed Aerial Vehicle (UAV)၊ ထိန်းချုပ်စခန်း (Control Station) ကြား ဆက်သွယ်မှုစနစ်တို့အပါအဝင် ဒရုန်းစနစ်တစ်ခုလုံးကို ရည်ညွှန်းသည်။ တန်ပြန်ဒရုန်းစနစ် UAS သို့မဟုတ် တန်ပြန်ဒရုန်း ဖြေရှင်းချက်စနစ်တို့သည် အဆိုပါခြိမ်းခြောက်မှုများမှ လေကြောင်းပိုင်နက်လုံခြုံရေးကို ပံ့ပိုးပေးနိုင်သည့် Counter System စနစ်ပင်ဖြစ်သည်။

**Counter-UAS ၏ အရေးပါမှု**

ဒရုန်းများသည် ပို၍လွယ်လွယ်ကူကူ ရရှိနိုင်သည်။ ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုနိုင်သည်။ ထိန်းညှိလုပ်ဆောင်နိုင်သည်။ တပ်ဖြန့်အသုံးပြုလာသည်နှင့်အမျှ အဖွဲ့အစည်းများနှင့် အေဂျင်စီများသည် ၎င်းတို့၏ပျံသန်းသော လေပိုင်နက်တစ်လျှောက် တစ်ကမ္ဘာလုံးတွင် လုံခြုံရေးစိန်ခေါ်မှုအသစ်များနှင့် ရင်ဆိုင်နေကြရသည်။

ဒရုန်းများသည် အောက်ပါနည်းလမ်းအမျိုးမျိုးဖြင့် လေကြောင်းပိုင်နက်လုံခြုံရေးကို ခြိမ်းခြောက်နိုင်သည်-

(က) စောင့်ကြည့်ခြင်း

(ခ) လေကြောင်းပိုင်နက် အနှောင့်အယှက်ဖြစ်စေခြင်း

(ဂ) လုပ်ပိုင်ခွင့်မပြုထားသော မီဒီယာလုပ်ငန်းဖြစ်လာနိုင်ခြင်း

(ဃ) အဖျက်စွမ်းအားရှိသော ဝန်တင်ဆောင်နိုင်မှုများ အသုံးပြုလာခြင်း။

ဒရုန်းများသည် ပိုမိုခေတ်မီလာပြီး အနှောင့်အယှက် အတားအဆီးဖြစ်လာသည်နှင့်အမျှ တန်ပြန် UAS ဖြေရှင်းချက်များသည် ထိရောက်မှုရှိရန် အရေးကြီးသည်။ ကမ္ဘာတစ်ဝန်းရှိ ရာနှင့်ချီသော စီးပွားရေး၊ အစိုးရနှင့် စစ်ဘက်ဆိုင်ရာ ထိပ်တန်းခေါင်းဆောင်များသည် ဒရုန်းခြိမ်းခြောက်မှုများအပေါ် အကောင်းမွန်ဆုံးနှင့် ယုံကြည်စိတ်ချရဆုံး တန်ပြန်နိုင်သည့်နည်းလမ်းများကို အပြိုင်အဆိုင် ကြိုးပမ်းရှာဖွေလျက်ရှိကြသည်။ လက်ရှိ စက်မှုလုပ်ငန်းကုမ္ပဏီများသည် AI နှင့် Machine Learning (ML) အဆင့်မြင့်နည်းပညာများကို အသုံးချဖော်ထုတ်ခြင်းဖြင့် ဒရုန်းများကို စဉ်ဆက်မပြတ် အလိုအလျောက် စိစစ်ခွဲခြားဖော်ထုတ်နိုင်သည့် နည်းလမ်းများကို အာရုံစိုက်လုပ်ဆောင်လာကြသည်။

**Counter-UAS စနစ်များကို တရားဝင်ဖြစ်စေမှု**

အမေရိကန်နိုင်ငံတွင် C-UAS လုပ်ငန်းကို ပြဋ္ဌာန်းထားသည့်ဥပဒေသည် ခေတ်မီ UAS ၏ အစိတ်အပိုင်း သုံးခုစလုံးနှင့် သက်ဆိုင်သည်။ ထို့ပြင် တရားဝင်ဖြန့်ကြက်အသုံးပြုမှုသည် အစိတ်အပိုင်းသုံးခု (Controller၊ Link & Vehicle) တစ်ခုစီအတွက်ကွဲပြားပြီး တန်ပြန် UAS ဖြေရှင်းချက်ထုတ်လုပ်သည့် ကုမ္ပဏီတိုင်းသည် စနစ်၏ အစိတ်အပိုင်းတစ်ခုစီတွင် သင့်လျော်စွာပြဋ္ဌာန်းပေးထားသော တရားဝင်စံနှုန်းများကို နားလည်ပြီး



အသုံးချရန် အရေးကြီးသည်။ အန္တရာယ်ရှိသောဒရုန်းများရန်မှ လေပိုင်နက်ကို ကာကွယ်ရန်အတွက် မူဝါဒနှင့် စည်းမျဉ်းအကြံပြုချက်များကို ပံ့ပိုးပေးရန် အမြဲတစေ တောင်းဆိုထားသည်။

**Counter-UAS စွမ်းဆောင်ရည်များ**

**၁။ ဒရုန်းများကို ထောက်လှမ်းခြင်း**

ဒရုန်းသည် သတ်မှတ်ထားသောသတိပေးဇုန်တွင် ရောက်ရှိနေကြောင်း အော်ပရေတာကို သတိပေးရန်အတွက် Counter-UAS စနစ်များကို အသုံးပြုသည်။ အော်ပရေတာ၏ လိုအပ်ချက်များပေါ် မူတည်၍ ဤထောက်လှမ်းမှုစနစ်များသည် ပုံသေအခြေစိုက် သို့မဟုတ် သယ်ဆောင်ရလွယ်ကူသော ဇာရှင်းများဖြစ်နိုင်သည်။ ၎င်းတို့သည် ရေဒါ၊ Optical နှင့် Acoustics အပါအဝင် အမျိုးမျိုးသော ထောက်လှမ်းမှုနည်းပညာများကို အသုံးပြုနိုင်သည်။

**၂။ ဒရုန်းများကို ခြေရာခံထိန်းကျောင်းခြင်း**

ဒရုန်း တစ်စင်းကိုတွေ့ရှိပြီးသည်နှင့် တန်ပြန်ဒရုန်းဖြေရှင်းချက်စနစ်တစ်ခုသည် ဒရုန်း၏လမ်းကြောင်းနှင့် ဒရုန်းလေယာဉ်မှူး၏တည်နေရာကို ခြေရာခံထိန်းကျောင်းနိုင်မည်ဖြစ်ပြီး အော်ပရေတာကို လေကြောင်းပိုင်နက် အခြေအနေနှင့်ပတ်သက်၍ သတင်းအချက်အလက် ထုတ်လုပ်ပေးနိုင်မည်။

**၃။ ဒရုန်းများကို ခိစစ်ခွဲခြား၊ ဖော်ထုတ်ခြင်း**

ဒရုန်းများ ရေပန်းစားလာသည်နှင့်အမျှ အဖွဲ့အစည်းအများအပြားသည် ၎င်းတို့၏နေ့စဉ်လုပ်ငန်းဆောင်တာများတွင် တွင်တွင်ကျယ်ကျယ် စတင်အသုံးပြုလာကြသည်။ တန်ပြန်ဒရုန်းစနစ်တစ်ခုသည် ဒရုန်းအမှတ်အသားတစ်ခုကို ဖော်ထုတ်သောအခါ အော်ပရေတာသည် ဒရုန်းကို မိတ်ဆွေ သို့မဟုတ် ရန်သူအဖြစ် စိစစ်ခွဲခြားဖော်ထုတ်နိုင်စေမည်ဖြစ်သည်။ အဆိုပါစနစ်သည် ဒရုန်း၏အမျိုးအစားကိုလည်း ခွဲခြားသိမြင်နိုင်ပြီး လုံခြုံရေးဝန်ထမ်းများသည် ၎င်းတို့၏လေပိုင်နက်အတွင်းရှိ ဒရုန်းများ၏ အကွာအဝေး၊ အမြန်နှုန်းဆိုင်ရာ အချက်အလက်များကို သိရှိနိုင်လိမ့်မည်ဖြစ်သည်။

**၄။ UAS ကို ပျက်ပြယ်စေခြင်း**

ဒရုန်းများကို တန်ပြန်နိုင်သည့် နည်းပညာများစွာတီထွင်အသုံးပြုလျက်ရှိကြသည်။ ဒရုန်းလုပ်ဆောင်မှုအပေါ် နှောင့်ယှက်လှိုင်းများဖြင့် ပြုလုပ်နိုင်သလို Active Counter Measures နည်းလမ်းများအနေဖြင့် Drone Communications ဆက်သွယ်ရေးလင့်ခ်များအပေါ် Jamming Devices များဖြင့် ဖျက်ဆီးခြင်း၊ ပစ်ချဖျက်ဆီးနိုင်သည်ထိ လုပ်ဆောင်မည်ဆိုပါက ကြားဖြတ်တိုက်ခိုက်ရေးစနစ်များ အသုံးပြုခြင်းနှင့် ဒရုန်းအော်ပရေတာများကို ယာယီပျောက်ကွယ်သွားစေနိုင်ရန် High-Power Laser များ အသုံးပြုခြင်း စသည်တို့ပါဝင်သည်။

**Counter-UAS နည်းပညာအမျိုးအစားများ**

တန်ပြန် UAS နည်းပညာအမျိုးအစားများစွာရှိသည်။ တန်ပြန် UAS နည်းပညာအချို့သည် အာရုံခံကိရိယာတစ်မျိုးတည်းသာ အသုံးပြုသည်။ အခြားသူများတွင် Jamming၊ တိုက်ခိုက်ဖျက်ဆီးခြင်း သို့မဟုတ် အရှေ့စွမ်းအင်သုံး ပျက်ပြယ်စေရေး အမျိုးအစား တစ်မျိုးမဟုတ်တစ်မျိုး ပါဝင်နိုင်သည်။ စစ်ဘက်ဆိုင်ရာ CUAS အပလီကေးရှင်းအများစုသည် အစအဆုံး လုပ်ဆောင်ရမည့် တိုက်ပွဲလုပ်ငန်းစနစ်မျိုးဖြစ်သည်။ အဆန်းပြားဆုံး CUAS ဖြေရှင်းချက်သည် C2 CUAS ကြိုးကြပ်ကွပ်ကဲမှုစနစ်ဖြင့် အာရုံခံကိရိယာ၊ စနစ်မျိုးစုံထည့်သွင်းနိုင်ပြီး ပစ်မှတ်ဆိုင်ရာအချက်အလက်များကို လေကြောင်းအခြေအနေတစ်ခုတည်းအဖြစ်ပေါင်းစည်းကာ လက်ရှိအနေအထားပေါ်မူတည်၍ ဦးစားပေးလုပ်ငန်းအလိုက် အသင့်တော်ဆုံးတန်ပြန်နိုင်သည့် နည်းလမ်းများဖြင့် တုံ့ပြန်ရန် ညွှန်ကြားအမိန့်ပေးနိုင်သည့် စနစ်မျိုးဖြစ်သည်။

**Counter-UAS Sensors**

အာရုံခံကိရိယာများသည် UAS ကို အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်စေရန်၊ ခွဲခြားသတ်မှတ်ပြီး ခြေရာခံထိန်းကျောင်းနိုင်ရန် ဒီဇိုင်းထုတ်ထားလေ့ရှိသည်။ ဤကဏ္ဍတွင် ဒရုန်းများကို ၎င်းတို့၏အကွာအဝေးအတွင်း၌ အာရုံခံနိုင်ရန် မတူညီသောနည်းပညာများကို အသုံးပြုသည့် အာရုံခံကိရိယာများ ပါဝင်ဖွဲ့စည်းထားလေ့ရှိသည်။ ထိုသို့သောဖြေရှင်းချက်သည် အဖွဲ့အစည်းများကို ပိုမိုကောင်းမွန်သော လေပိုင်နက်အခြေအနေဆိုင်ရာ အသိအမြင်များ ပေးစွမ်းနိုင်စေပြီး လေပိုင်နက်၊ အဆောက်အအုံများ၊ လေယာဉ်များနှင့် အရပ်ဘက်ဆိုင်ရာ အဆောက်အအုံများကို ကာကွယ်ရန်အတွက် သင့်လျော်သော တန်ပြန်အရေးယူမှုများကို ပြုလုပ်နိုင်စေမည်ဖြစ်သည်။

နိုင်ငံတကာ တန်ပြန်ဒရုန်းထုတ်လုပ်ရေးကုမ္ပဏီများသည် အာရုံခံကိရိယာအမျိုးမျိုးမှ အချက်အလက်များကိုစုဆောင်းပြီး ခွဲခြမ်းစိတ်ဖြာကာ သင့်လျော်သောတုံ့ပြန်မှုကို ရွေးချယ်နိုင်ရန် ဒီဇိုင်းထုတ်ထားကြသည်။ စနစ်၏ဆော့ဖ်ဝဲပိုင်းတွင် ထောက်လှမ်းခြင်းနည်းပညာအမျိုးမျိုးနှင့် ချိတ်ဆက်ထားနိုင်သည့်အတွက် အာရုံခံမှုနှင့်ပတ်သက်၍ လွဲမှားခြင်းမျိုးမရှိပေ။ အမေရိကန်နိုင်ငံအခြေစိုက် Dedrone ကုမ္ပဏီထုတ် DedroneTracker.AI သည် မတူညီသော ဒရုန်း အစင်း ၂၀၀ ကျော်ကို ထောက်လှမ်းရေးတွင် အချိန်နှင့်တစ်ပြေးညီ အကောင်းဆုံးပံ့ပိုးပေးနိုင်ရန် Multi-Sensor ပေါင်းစပ်မှုကို အသုံးပြုသည့် Machine-Learning CUAS C2 ဖြေရှင်းချက်တစ်ခုဖြစ်သည်။

**ရေဒါ**

ဒရုန်းနှင့် ထိန်းချုပ်ရေးစခန်းကြား ဆက်သွယ်ရေးချိတ်ဆက်မှုသည် စနစ်၏အရေးကြီးသော အစိတ်အပိုင်းတစ်ခုဖြစ်သည်။ ခေတ်မီ UAS အများအပြားသည် ဆက်သွယ်ရေးချိတ်ဆက်မှုတွင် ရေဒီယိုအချက်ပြမှုများကို အသုံးပြုကြသည်။ Radio Frequency အာရုံခံကိရိယာများသည် ဒရုန်းပျံသန်းမှုများကိုရှာဖွေခြေရာခံနိုင်ပြီး ခွဲခြားသတ်မှတ်ကာ ဒရုန်းမောင်းနှင်သည့် လေယာဉ်မှူးကိုရှာဖွေရန် အဆိုပါရေဒီယိုအချက်ပြမှုများကိုလက်ခံရရှိကာ ခွဲခြမ်းစိတ်ဖြာမှုများပြုလုပ်နိုင်သည်။ RF အာရုံခံကိရိယာများသည် "Passive" ဖြစ်သောကြောင့် ၎င်းတို့သည် အာရုံခံနိုင်ရန် ရေဒီယိုလှိုင်းတစ်စုံတစ်ရာထုတ်လွှင့်၍ ထောက်လှမ်းခြင်းမျိုးမဟုတ်ဘဲ ဒရုန်းကိုအောင်မြင်စွာရှာဖွေတွေ့ရှိနိုင်သည်ဟု ဆိုလိုသည်။

**Radio Frequency (RF) Analyzers - ရေဒီယိုလှိုင်းနှုန်း (RF) ခွဲခြမ်းစိတ်ဖြာမှု**

ဆက်သွယ်ရေးသည် အဆင့်မြှင့်တင်ထားသော ဒရုန်း(UAV) နှင့် ထိန်းချုပ်ရေးစခန်းကြားတွင် စနစ်၏ အရေးကြီးသောအစိတ်အပိုင်းကို ချိတ်ဆက်ပေးသည်။ ခေတ်သစ် UAS အများစုသည် ဆက်သွယ်ရေးချိတ်ဆက်မှုတွင် ရေဒီယိုအချက်ပြမှုများကို အသုံးပြုကြသည်။ RF အာရုံခံကိရိယာများသည် ဒရုန်းများ၏လုပ်ဆောင်ချက်များကို သိရှိရန်၊ ဖော်ထုတ်ရန်နှင့် ခြေရာခံရန် ရေဒီယိုအချက်ပြမှုများအပေါ်၌ပင် ခွဲခြမ်းစိတ်ဖြာခြင်းပင်ဖြစ်သည်။ RF အာရုံခံကိရိယာများ၊ အသံအာရုံခံကိရိယာများသည် "Passive" အမျိုးအစားပင်ဖြစ်သည်။

**Counter-Drone အသံအာရုံခံကိရိယာများ**

Counter-Drone Acoustic Sensors များသည် ၎င်းတို့ပတ်ဝန်းကျင်ရှိ လေပိုင်နက်၏အသံပိုင်းဆိုင်ရာ ပုံရိပ်ကိုဖန်တီးပြီး အချက်အလက်များကို ခွဲခြမ်းစိတ်ဖြာရန်အတွက် ထိန်းချုပ်ကိရိယာ သို့မဟုတ် ကွန်ပျူတာစနစ်သို့ ပြန်လည်ပေးပို့သည်။ အသံအာရုံခံကိရိယာများ၏ အဓိကအကျိုးကျေးဇူးများမှာ အတားအဆီးများနောက်ကွယ်တွင်ဖြစ်စေ၊ အမှောင် သို့မဟုတ် မြူများအပါအဝင် ဒရုန်းများကို တစ်ခါတစ်ရံ မြင်ကွင်းအပြင်ဘက်တွင် ထောက်လှမ်းသိရှိနိုင်မှုဖြစ်သည်။ အချို့သောအခြေအနေများတွင် ၎င်းတို့သည် Optics အာရုံခံစနစ်များ၏ ထောက်လှမ်းမှုအကွာအဝေးထက် ကျော်လွန်လုပ်ဆောင်နိုင်လေ့ရှိသည်။ ဤအကြောင်းများကြောင့် အသံအာရုံခံကိရိယာများသည် ဒရုန်းထောက်လှမ်းမှု အခြေအနေအချို့တွင် ရည်ရွယ်ချက်ရှိရှိ ထည့်သွင်းအသုံးပြုလာသည်။ RF အာရုံခံကိရိယာများကဲ့သို့ပင် အသံအာရုံခံကိရိယာများသည် "Passive" ဖြစ်ပြီး အာရုံခံကိရိယာထုတ်လွှတ်မှုများအတွက် တန်ပြန်လုပ်ဆောင်ခံရမည့်အပေါ် စိုးရိမ်စရာမလိုဘဲ အသုံးပြုနိုင်သည်။

(ဆက်လက်ဖော်ပြပါမည်)

# ကန်ကြီးထောင့်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် စပါး ၁၀၇၉၆၉ ဧက ရိတ်သိမ်းပြီးစီး



**ပုသိမ် ဒီဇင်ဘာ ၂၃**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် စပါး ၁၀၇၉၆၉ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းစိုးက ပြောပြ၍ သိရသည်။

ကန်ကြီးထောင့်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စပါး ၁၄၃၉၈၈ ဧကကို ဇွန်လဒုတိယပတ်က စတင်စိုက်ပျိုးခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးခဲ့သည့် စပါးများကို အောက်တိုဘာလ ဒုတိယပတ်က စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ၁၀၇၉၆၉ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း၊ ထိုသို့ရိတ်သိမ်းခဲ့သည့် စပါးတစ်ဧကလျှင် ၉၄ ဒသမ ၁၃ တင်း ထွက်ရှိကြောင်း သိရသည်။

"ကန်ကြီးထောင့်မြို့နယ်မှာ မိုးစပါး ၁၄၃၉၈၈ ဧကထိ စိုက်ပျိုးခဲ့ပါတယ်။ မိုးစပါးတွေ ရာနှုန်းပြည့် စိုက်ပျိုးနိုင်ဖို့အတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန စတဲ့ နှီးနွယ်ဌာနတွေနဲ့ တောင်သူတွေ ပူးပေါင်းစိုက်ပျိုးခဲ့ပါတယ်။ မိုးစပါးတွေကို လက်ရှိရိတ်သိမ်းနေပါတယ်။ မိုးစပါးစိုက်ပျိုးရာသီမှာလဲ စိုက်နည်းစနစ်တွေ မှန်ကန်စေဖို့၊ အထွက်နှုန်းကောင်းစေဖို့၊ ပိုးမွှား အန္တရာယ်ကင်းရှင်းစေဖို့၊ အခက်အခဲမရှိ စိုက်ပျိုးနိုင်စေဖို့အတွက် လုပ်ငန်းတွေ ဆောင်ရွက်ပေးခဲ့တာကြောင့် ရိတ်သိမ်းတဲ့အခါမှာလဲ အထွက်နှုန်းကောင်း၊ အရည်အသွေးကောင်း စပါးတွေထွက်ရှိခဲ့ပါတယ်" ဟု ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းစိုးက ပြောပြသည်။

ကန်ကြီးထောင့်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စပါးဧက လျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ရေး စိုက်ပျိုးရေးဦးစီးဌာနက မြေဆီလွှာပြုပြင်သည့်လုပ်ငန်းများ ကွင်းဆင်းသရုပ်ပြခြင်း၊ ရေစိမ့်ပေါက်၊ ရေထွက်ပေါက်များ ရှာဖွေခြင်း၊ ရွှေချကာကွယ်နှိမ်နင်းခြင်း စသည့်လုပ်ငန်းများကိုလည်း ကြိုတင်စီမံဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **ကျော်ကျော်လင်း**

# လဲချားမြို့နယ် နမ့်မော်တိန်းကျေးရွာ၌ တတိယအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**လဲချား ဒီဇင်ဘာ ၂၃**

ရှမ်းပြည်နယ် (တောင်ပိုင်း) လွိုင်လင်ခရိုင် လဲချားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေများ တိုးပွားလာစေရန်ရည်ရွယ်၍ နမ့်မော်တိန်း၊ ဘုရားလင်ဆီ၊ နားလွယ်ကျေးရွာ သုံးရွာလျှင် တစ်ယူနစ်ဖြင့် တတိယအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက နမ့်မော်တိန်းကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ လဲချားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းထွန်း၊ စီမံကိန်းတာဝန်ခံနှင့်ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း၏ အကျိုးကျေးဇူးများ၊ စီမံကိန်းဝိသေသများ၊ စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၃၂ ဒသမ ၅ သန်း လွှဲပြောင်းပေးအပ်သည်။



ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက နမ့်မော်တိန်း၊ ဘုရားလင်ဆီ၊ နားလွယ်ကျေးရွာ သုံးရွာလျှင် တစ်ယူနစ်ဖြင့် စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၆၁ ဦးကို ရန်ပုံငွေကျပ် ၃၂ ဒသမ ၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**အေးသူ**

# ပခုက္ကူမြို့နယ် နံ့ပိုကုန်းကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းပြီးစီးမှု စစ်ဆေး

**ပခုက္ကူ ဒီဇင်ဘာ ၂၃**

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ပခုက္ကူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် နံ့ပိုကုန်းကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပခုက္ကူခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကြည်ကြည်မာ၊ ပခုက္ကူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသန့်ဇင်ထွန်းနှင့် ဝန်ထမ်းများက ကျေးရွာတွင်းလမ်းဖြစ်မြောက်ရေး ကော်မတီဝင်များနှင့်အတူ နံ့ပိုကုန်းကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာကော်မတီဝင်များနှင့် တွေ့ဆုံပြီး ဆောင်ရွက်ပြီးလုပ်ငန်းများ ရေရှည်အသုံးပြုနိုင်ရေး သက်ဆိုင်သူအားလုံးက ဝိုင်းဝန်းထိန်းသိမ်းပေးရန် မှာကြားသည်။

ပခုက္ကူမြို့နယ် နံ့ပိုကုန်းကျေးရွာ၌ လမ်းအရှည် ပေ ၈၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ပံ့ပိုးရန်ပုံငွေကျပ် ၁၅ သန်း၊ ကျေးရွာပြည်သူလူထုထည့်ဝင်ငွေကျပ် ၈ ဒသမ ၃ သန်း စုစုပေါင်းငွေကျပ် ၂၃ ဒသမ ၃ သန်းဖြင့် ပခုက္ကူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ အင်ဂျင်နီယာဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် နိုဝင်ဘာ ၉ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးမှုကြောင့် နံ့ပိုကုန်းကျေးရွာရှိ အိမ်ခြေ ၁၁၅ အိမ်မှ လူဦးရေ ၅၄၀ တို့ သွားလာရေး လွယ်ကူနေပြီဖြစ်ကြောင်း သိရသည်။ **ကိုညို**


# လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



**နိုင်ငံတော်မီဖွံ့ဖြိုးရေးအတွက်**

**အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို**

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


# မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

**၂၃-၁၂-၂၀၂၄**

**ဆန်**

| | | |
|---|---|---|
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၁၀၀၀၀/၁၁၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၀၂၀၀၀/၁၀၄၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၉၆၀၀၀/၉၈၅၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၉၆၀၀၀/၉၈၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၇၄၀၀၀/၇၈၀၀၀ |
| ဧည့်ဝီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၇၂၀၀၀/၇၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၆၉၀၀၀/၇၂၀၀၀ |

**စားဆီ**

| | | |
|---|---|---|
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၀၀၀၀/၁၂၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၂၅၀၀/၁၃၅၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၃၀၀၀/၁၃၅၀၀ |

**စက်သုံးဆီ**

| | | |
|---|---|---|
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၄၆၀ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၅၁၅ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၂၂၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၆၁၀ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၇၁၀ |

**(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

**ဘိလပ်မြေ**

| | | |
|---|---|---|
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |

**သံချောင်း**

| | | |
|---|---|---|
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၀၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |

**အိမ်မိုးသွပ်**

| | | |
|---|---|---|
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၉၆)

# ၂၀၂၄ ခုနှစ် (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဝန်ကြီးဌာနပေါင်းစုံ အသက် ၂၅ နှစ်အောက် အမျိုးသမီး ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ပွဲအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များ တက်ရောက်



**နေပြည်တော် ဒီဇင်ဘာ ၂၃**

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနက ကြီးမှူးကျင်းပသည့် ၂၀၂၄ ခုနှစ် (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဝန်ကြီးဌာနပေါင်းစုံ အသက် ၂၅ နှစ်အောက် အမျိုးသမီး ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိဘောလုံးကွင်း၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များ တက်ရောက်ကြည့်ရှုအားပေးပြီး ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ ဒေါ်ဒွဲဘူ၊ ပိုးရယ်အောင်သိန်း၊ ဒေါက်တာမှုထန်၊ ဒေါက်တာဘရွှေ၊ ဦးရွှေကြိမ်နှင့် ဦးရန်ကျော်၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ တပ်မတော်မှ အဆင့်မြင့်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ဝန်ကြီးဌာနများမှ ပြိုင်ပွဲဝင်အသင်းများအလိုက် အုပ်ချုပ်သူ၊ နည်းပြများနှင့် အားကစားသမားများ၊ ဝန်ထမ်းများနှင့် ဘောလုံးဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ဦးစွာ ၂၀၂၄ ခုနှစ် (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်ဝန်ကြီးဌာနပေါင်းစုံအသက်၂၅ နှစ်အောက် အမျိုးသမီး ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်အဖြစ် ပြည်ထဲရေးဝန်ကြီးဌာနအသင်းနှင့် ကာကွယ်ရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ပြည်ထဲရေးဝန်ကြီးဌာန အသင်းက ကာကွယ်ရေးဝန်ကြီးဌာန အသင်းကို တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိသည်။

ထို့နောက် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးရန်ကျော်နှင့် ဦးရွှေကြိမ်းက အကောင်းဆုံးဂိုးသမားဆု၊ အကောင်းဆုံး နောက်တန်းကစားသမားဆု၊ အကောင်းဆုံး အလယ်တန်းကစားသမားဆု၊ အကောင်းဆုံး ရှေ့တန်းကစားသမားဆုနှင့် ပွဲစဉ်တစ်လျှောက် အကောင်းဆုံးကစားသမား ဆုရရှိကြသူများကို တစ်ဦးချင်း အကောင်းဆုံး ဂုဏ်ပြုဆုတံဆိပ်များနှင့် ဂုဏ်ပြုဆုငွေများကိုလည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဒေါက်တာဘရွှေက စတုတ္ထဆုရရှိသည့် နယ်စပ်ရေးရာဝန်ကြီးဌာန အသင်းအား ဂုဏ်ပြုဆုငွေကိုလည်းကောင်း ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာမှုထန်က တတိယဆုရရှိသည့် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနအသင်းကိုလည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပိုးရယ်အောင်သိန်းက ဒုတိယဆုရရှိသည့် ကာကွယ်ရေးဝန်ကြီးဌာန အသင်းကိုလည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူက ပထမဆုရရှိသည့် ပြည်ထဲရေးဝန်ကြီးဌာနအသင်းကိုလည်းကောင်း တစ်ဦးချင်းဂုဏ်ပြုဆုတံဆိပ်များနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က ပထမဆုရရှိသည့် ပြည်ထဲရေးဝန်ကြီးဌာနအသင်းအား တံခွန်စိုက်ဆုဖလားကို ပေးအပ်ချီးမြှင့်သည်။

၂၀၂၄ ခုနှစ်(၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဝန်ကြီးဌာနပေါင်းစုံ အသက် ၂၅ နှစ်အောက်အမျိုးသမီးဘောလုံးပြိုင်ပွဲကို တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးအတွက် အထောက်အကူဖြစ်စေရေး၊ ဝန်ကြီးဌာနအသီးသီးမှ ဝန်ထမ်းများကို ပျော်ပျော်ရွှင်ရွှင် စည်းစည်းလုံးလုံးဖြင့် ချစ်ခင်ရင်းနှီးမှု ရရှိစေရေးနှင့် ဝန်ထမ်းများတက်ကြွရွှင်လန်းစွာဖြင့် လုပ်ငန်းတာဝန်များကို ပိုမိုထမ်းရွက်နိုင်စေရေးတို့အတွက် ရည်ရွယ်၍ ဒီဇင်ဘာ ၁၄ ရက်မှ ၂၃ ရက်ထိ နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားကွင်း၊ လေ့ကျင့်ရေးဘောလုံးကွင်းများနှင့် လယ်ဝေးအားကစားကွင်း(TC-2) တို့၌ ကျင်းပခဲ့ခြင်းဖြစ်ပြီး ပြိုင်ပွဲဝင် ဝန်ကြီးဌာန ဘောလုံးအသင်း ငါးသင်းမှ အုပ်ချုပ်သူ၊ နည်းပြများ၊ အားကစားသမားများ စုစုပေါင်း ၁၅၀ ကျော် ပါဝင်ယှဉ်ပြိုင်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မန္တလေးတိုင်းဒေသကြီးအတွင်း ဒေသဖွံ့ဖြိုးရေးနှင့် သမဝါယမလုပ်ငန်းများဆောင်ရွက်နေမှုများကို ပြည်ထောင်စုဝန်ကြီး ဦးလှမိုး ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဒီဇင်ဘာ ၂၃**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်တို့သည် ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများနှင့်အတူ မန္တလေးတိုင်းဒေသကြီးအတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် သမဝါယမလုပ်ငန်းများဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ် ကင်းလပ်ကျေးရွာသို့ရောက်ရှိပြီး ကျေးရွာယာယီရှင်းလင်းဆောင်၌ဒေသခံပြည်သူများနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးဆိုင်ရာများကို ဆွေးနွေးပြောကြားသည်။



ထို့နောက် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်က တိုင်းဒေသကြီးအတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့မှု အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်ပေးနိုင်မည့်များကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်တစ်ဦးက ကျေးရွာဆိုင်ရာ အချက်အလက်များ ရှင်းလင်းတင်ပြပြီး ဒေသခံပြည်သူများ၏ ဒေသဖွံ့ဖြိုးရေးဆိုင်ရာ တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ထောက်ပံ့ရန်ပုံငွေကျပ်သိန်း ၁၅၀၊ ကျေးရွာထည့်ဝင်ငွေ ကျပ်သိန်း ၁၀၀ ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် ကျေးရွာတွင်း လမ်းအရှည်ပေ ၁၂၅၀၊ အကျယ် ၁၂ ပေ၊ အမြင့်ခြောက်လက်မဒု ကွန်ကရစ်ခင်းခြင်းလုပ်ငန်းနှင့် ရေသန့်စင်စက်တပ်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် စဉ့်ကိုင်မြို့နယ်အုန်းပင်ခြံကျေးရွာရှိမြို့နယ်သမဝါယမအသင်းစုပိုင် တန် ၂၀ ကျ ပုလဲအမှတ်(၈) အဆင့်မြင့်ဆန်စက်သို့ရောက်ရှိပြီး သမဝါယမအသင်းသားတောင်သူများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံ၍ ပြည်ထောင်စုဝန်ကြီးက နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ထောက်ပံ့ငွေများကို သီးနှံပေါ်ပါက သတ်မှတ်ကာလအတွင်း အပြေအကြေပေးသွင်းကြရန် တိုက်တွန်းမှာကြားပြီး မြို့နယ်သမဝါယမအသင်းစုပိုင် တန် ၂၀ ကျ အဆင့်မြင့်ဆန်စက်လည်ပတ်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဆန်စက်ကို စွမ်းအားပြည့်လည်ပတ်နိုင်ရေး ကြိုးစားဆောင်ရွက်သွားရန် မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများသည် ကျောက်ဆည်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာနက တာဝန်ယူဆောင်ရွက်ခဲ့ပြီး ကျေးရွာနှစ်ရွာ၊ အိမ်ခြေ ၄၀၇ လုံး၊ လူဦးရေ ၁၇၉၀ နှင့် စိုက်ပျိုး မြေဧက ၅၀၀ ကျော်ကိုအကျိုးပြုပေးနိုင်မည့် တောင်နောက်ကျေးရွာနှင့် သင်တောင်း ကျေးရွာဆက်သွယ်သော ကျေးရွာချင်းဆက် ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင် ခြင်းလုပ်ငန်ဆောင်ရွက်ပြီးစီးမှု အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ကျောက်ဆည်မြို့ မြို့တော်ခန်းမ၌ အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနက ကြီးမှူးဖွင့်လှစ်ခဲ့သည့် အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေပြည်သူများဝင်ငွေတိုးရေးဆောင်ရွက်မည့်လုပ်ငန်း၊ တန်ဖိုးမြှင့် စားသောက်ကုန် (Bakery & Snack) ထုတ်လုပ်မှုနည်းပညာအခြေခံနှင့် မွမ်းမံသင်တန်းဆင်းပွဲနှင့် ထူးချွန်သူများကို လုပ်ငန်းသုံးပစ္စည်းများပေးအပ်ပွဲ အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က တက်ရောက်၍ အမှာစကားပြောကြားသည်။

ထို့နောက် သင်တန်းဆင်းသူများအနက် လုပ်ငန်းထူထောင်လိုသူ ထူးချွန်သင်တန်းသားများကို ဒေသဖွံ့ဖြိုးရေးလုပ်ငန်းသုံးပစ္စည်းများပေးအပ်ကြရာ ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးစီးပွားရေးရာဝန်ကြီး ဦးသိန်းဌေးနှင့် သက်ဆိုင်ရာ တာဝန်ရှိသူများက ဆုများအသီးသီးပေးအပ်ချီးမြှင့်ကာ သင်တန်းသူများကိုယ်စား သင်တန်းသူတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# လူထုအားကစားလှုပ်ရှားမှုအထိမ်းအမှတ် စုပေါင်းလမ်းလျှောက်ပွဲ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ ပါဝင်ဆင်နွှဲ

**နေပြည်တော် ဒီဇင်ဘာ ၂၃**

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအနေဖြင့် ၂၀၂၃ ခုနှစ် ဒီဇင်ဘာလစတုတ္ထပတ် လူထုအားကစားလှုပ်ရှားမှုအထိမ်းအမှတ် စုပေါင်းလမ်းလျှောက်ပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ကျင်းပသည်။

စုပေါင်းလမ်းလျှောက်ပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာမှုထန်၊ ဒေါက်တာဘရွှေနှင့် ခွန်စံလွင်၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုဝင်များ ပျော်ပျော်ရွှင်ရွှင် ပါဝင်ဆင်နွှဲကြသည်။



၂၀၂၃ ခုနှစ် ဒီဇင်ဘာလစတုတ္ထပတ် လူထုအားကစားလှုပ်ရှားမှု အထိမ်းအမှတ် စုပေါင်းလမ်းလျှောက်ပွဲကို မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက သေနတ်ပစ်ဖောက်တာလွှတ်ပေးရာ ပါဝင်ဆင်နွှဲကြသူများသည် ဝဏ္ဏသိဒ္ဓိအားကစားကွင်း ဂိတ်အမှတ်(၁)မှ စတင်တာထွက်ကြပြီး ဝဏ္ဏသိဒ္ဓိအားကစားကွင်း၏ သတ်မှတ်လမ်းကြောင်းများအတိုင်း ဂိတ်(A)ရှေ့ထိ ပျော်ပျော်ပါးပါးလမ်းလျှောက်ကာ စုပေါင်းကိုယ်လက်ကြံ့ခိုင်ရေး လေ့ကျင့်ခန်း အတွဲ(၁)၊ (၂)နှင့် Physical Fitness Dance လေ့ကျင့်ခန်းများကို စုပေါင်း လှုပ်ရှားဆောင်ရွက်ကြကာ အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများက ရေသန့်ဘူးများနှင့် အစားအစာများ ပေးဝေခဲ့ကြသည်။

အဆိုပါစုပေါင်းလမ်းလျှောက်ပွဲ ပဥ္စမပတ်ကို ဒီဇင်ဘာ ၃၀ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုဝင်များ ပါဝင်ဆင်နွှဲကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ဆောင်းသီးနှံစိုက်ဧရိယာများ စိုက်ပျိုးရေဖူလုံစွာအသုံးပြုနိုင်ရေးဆောင်ရွက်



**နေပြည်တော် ဒီဇင်ဘာ ၂၃**

နေပြည်တော်ကောင်စီနယ်မြေ အတွင်းရှိ စိုက်ပျိုးမြေများ သီးထပ်စွမ်းအားမြှင့်တင်ရေး၊ ဆောင်းသီးနှံစိုက်ဧရိယာများ စိုက်ပျိုးရေဖူလုံစွာ အသုံးပြုနိုင်ရေးအတွက် လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးရန် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ဇေယျာသီရိခရိုင် စက်စက်ယိုရေလှောင်ဆည်နှင့် ရေသောက်ဧရိယာအတွင်းရှိ စိုက်ကွင်းများ၊ ရာဇဌာနီလမ်းမကြီးဘေးဝဲယာရှိ ဆောင်းသီးနှံစိုက်ခင်းများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးသည် ပုဗ္ဗသီရိမြို့နယ် သပြေကုန်းကျေးရွာအနီးရှိ စက်စက်ယိုချောင်းပေါ်တွင် တည်ဆောက်ထားသည့် သံကူကွန်ကရစ် ရာဘာရေလွှဲဆည်အတွင်း ရေဝင်ရောက်မှု၊ မြောင်းမကြီး ရေတံခါး၊ ရေကူမြောင်းရေတံခါးနှင့် စိုက်ပျိုးရေပေးဝေမှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးရာ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ တာဝန်ရှိသူများက ရေလွှဲဆည်ဆိုင်ရာ အချက်အလက်များနှင့် ရာသီအလိုက် စိုက်ပျိုးရေပေးဝေမှုတို့ကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် စက်စက်ယိုဆည် ရေသောက်ဧရိယာနှင့် ရာဇဌာနီလမ်းမကြီးဘေးဝဲယာရှိ ဆောင်းသီးနှံစိုက်ခင်းများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး စိုက်ပျိုးထုတ်လုပ်မှုတိုးတက်ရေးအတွက် မိမိတို့ဝန်ကြီးဌာနအောက်ရှိ ဌာနများအားလုံးက အသိပညာပေးခြင်း နည်းပညာဖြန့်ဝေခြင်းအပါအဝင် လိုအပ်ချက်များကို ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန်၊ စိုက်ပျိုးမြေများကို တည်ဆဲလယ်ယာမြေ ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ အသုံးပြုရေးအတွက် ကြပ်မတ်ဆောင်ရွက်ရန် တာဝန်ရှိသူများအား ဆွေးနွေးမှာကြားသည်။

စက်စက်ယိုရေလှောင်ဆည်မှ စိုက်ပျိုးမြေ စီစစ်ပြီးဧက ၇၈၂ဧကကို စိုက်ပျိုးရေပေးဝေလျက်ရှိကြောင်း၊ ရာဇဌာနီ လမ်းဘေးဝဲယာ ဆောင်းသီးနှံ ၂၃၂ ဒသမ ၄၅ ဧကတွင် စက်ရေတွင်းများမှ မြေအောက်ရေဖြင့် စိုက်ပျိုးခြင်း၊ အစိုဓာတ်ထိန်းစိုက်ပျိုးခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသကဲ့သို့ ရာဇဌာနီလမ်း တောင်ဘက်ခြမ်းရှိ Plastic Lining အတွင်းသို့ ငလိုက်ရေလွှဲဆည်မှ ရေဖြည့်သွင်း၍လည်းကောင်း၊ ရာဇဌာနီလမ်းမြောက်ဘက်ခြမ်းရှိ Plastic Lining အတွင်းသို့ စက်စက်ယိုရေလွှဲဆည်မှ ရေဖြည့်သွင်း၍လည်းကောင်း ဖြည့်စွက်ရေပေးဝေနိုင်ရေး စီမံဆောင်ရွက်ထားရှိပြီး လိုအပ်ပါက အမြင့်ပိုင်းစိုက်ကွင်းများအတွက် ရွေ့လျားဆိုလာ ရေတင်စက်များ အသုံးပြုနိုင်ရေး ဆောင်ရွက်ထားရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မန္တလေးမြို့ ရတနာပုံဥယျာဉ်တွင် လူထုစုပေါင်းလမ်းလျှောက်ပွဲ စည်ကားသိုက်မြိုက်စွာဆင်နွှဲ

**မန္တလေး ဒီဇင်ဘာ ၂၃**

တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်နိုင်ရန် တစ်မျိုးသားလုံး၏ကာယ၊ ဉာဏ၊ စာရိတ္တဘက်စုံဖွံ့ဖြိုးတိုးတက်စေရန်၊ အားကစားကို လူအများစိတ်ပါဝင်စားပြီး လေ့လာလိုက်စားခြင်းဖြင့် လူတိုင်းကျန်းမာသန်စွမ်းပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေးလုပ်ငန်းများကို စွမ်းစွမ်းတမံဆောင်ရွက်စေရန်၊ နိုင်ငံတော်၏ အားကစားအဆင့်အတန်းတိုးတက်မြင့်မားလာစေရန်နှင့် လူတစ်စုအားကစားမှ လူထုအားကစားသို့ဟူသော ရည်မှန်းချက်ကိုအထောက်အကူပြုစေရန်ရည်ရွယ်ချက်များဖြင့် နိုင်ငံတစ်ဝန်း၌ ဒီဇင်ဘာအားကစားလ လူထုစုပေါင်းလမ်းလျှောက်ပွဲကို တပျော်တပါးပျော်ရွှင်စွာ ဆင်နွှဲလျက်ရှိသည်။

မန္တလေးမြို့တွင်လည်း ဒီဇင်ဘာလ၏ အပတ်စဉ်စနေနေ့များ၌ နံနက် ၆ နာရီတွင် စုပေါင်းလမ်းလျှောက်ပွဲနှင့် စုပေါင်းကိုယ်လက်ကြံ့ခိုင်မှု ကာယလေ့ကျင့်ခန်း၊ Myanmar Fitness Dance များဖြင့် လှုပ်ရှားဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းက အောင်မြေသာစံမြို့နယ်ရှိ မန္တလေးနန်းမြို့နှင့် ကျုံးရေပြင်ကြားရတနာပုံဥယျာဉ်တွင်ကျင်းပရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများတက်ရောက်ကြပြီး ဌာနဆိုင်ရာများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ဆရာ၊ ဆရာမများပါဝင်သည့် ပြည်သူလူထုနှင့်အတူစည်ကားသိုက်မြိုက်စွာ ပျော်ရွှင်ဆင်နွှဲခဲ့ကြသည်။




ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လူထုစုပေါင်းလမ်းလျှောက်ပွဲကို ရတနာပုံဥယျာဉ်နှင့် ကျုံးရေပြင်ကြား ၁၉ လမ်းဦးထိပ်တံတားထိပ်အနီးရှိ တာလွှတ်နေရာမှ သေနတ်ပစ်ဖောက်၍ စတင်တာလွှတ်ပေးရာ ပြည်သူလူထုစုစုပေါင်း ဦးရေ ၂၀၀၀ ကျော်က ကျုံးအရှေ့တောင်ဘက်ထောင့်ထိ စုပေါင်းလမ်းလျှောက်ခြင်းကို စည်ကားသိုက်မြိုက်စွာ ပျော်ရွှင်ပါဝင်ဆင်နွှဲခဲ့ကြပြီး စုပေါင်းကိုယ်လက်ကြံ့ခိုင်မှု ကာယလေ့ကျင့်ခန်းအတွဲ(၁/၂)၊ Myanmar Fitness Dance များဖြင့် တပျော်တပါး လှုပ်ရှားဆောင်ရွက်ခဲ့ကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများသည် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် ချမ်းအေးသာစံမြေမြို့နယ်ရှိ အမှတ်(၂၇)အခြေခံပညာအထက်တန်းကျောင်း(ခွဲ)သို့ သွားရောက်ပြီး ချုံနွယ်ပေါင်းမြက်များ၊ သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းနေမှု၊ ရေစီးရေလာကောင်းမွန်စေရေး အမှိုက်သရိုက်မြောင်းစာများ ဆယ်ယူရှင်းလင်းနေမှုများကို တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများ၊ ဒေသခံပြည်သူများနှင့် စက်ယန္တရားတို့ဖြင့်တက်ညီလက်ညီ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုအားပေးကာ လိုအပ်သည်များ ဖြည့်စွက်ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **မျိုးကျော်**

# (၇၆)နှစ်မြောက် တပ်မတော်(ရေ)နှစ်ပတ်လည်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်

**နေပြည်တော် ဒီဇင်ဘာ ၂၃**

(၇၆)နှစ်မြောက် တပ်မတော်(ရေ) နှစ်ပတ်လည်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် တပ်မတော်(ရေ)မှ အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များက ယနေ့တွင် ဂုဏ်ပြုချီးမြှင့်ငွေကျပ်သိန်း ၁၀၀ ကို ပေးအပ်လှူဒါန်းရာ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးမင်းဦးက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာကို ပြန်လည်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးမင်းဦးထံ (၇၆)နှစ်မြောက် တပ်မတော်(ရေ) နှစ်ပတ်လည်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် တပ်မတော်(ရေ)မှ အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များက ဂုဏ်ပြုချီးမြှင့်ငွေကျပ် သိန်း ၁၀၀ ကို ပေးအပ်လှူဒါန်းစဉ်။**



# ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ပညာရေးဒီဂရီကောလိပ်ပေါင်းစုံအားကစားပြိုင်ပွဲများ စတင်ကျင်းပ





**နေပြည်တော် ဒီဇင်ဘာ ၂၃**

ပညာရေးဝန်ကြီးဌာန ဆရာအတတ်ပညာဦးစီးဌာန ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ပညာရေးဒီဂရီကောလိပ်ပေါင်းစုံ အားကစားပြိုင်ပွဲကို ဒီဇင်ဘာ ၂၂ ရက်မှ ၂၆ ရက်ထိ နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိ အားကစားကွင်း၊ အားကစားရုံများ၌ ကျင်းပလျက်ရှိရာ ယနေ့နံနက်ပိုင်းမှစတင်ပြီး အားကစားနည်းများအလိုက် ယှဉ်ပြိုင်ကစားကြသည်။

ယနေ့နံနက် ၇ နာရီတွင် ဝဏ္ဏသိဒ္ဓိ ဘောလုံးကွင်း၌ ပြေးခုန်ပစ်ပြိုင်ပွဲပထမနေ့ပွဲစဉ်အဖြစ် အမျိုးသားမီတာ ၄၀၀ အပြေးပြိုင်ပွဲ၊ အမျိုးသမီး မီတာ ၄၀၀ အပြေးပြိုင်ပွဲ၊ အမျိုးသားအလျားခုန်ပြိုင်ပွဲ၊ အမျိုးသမီးအလျားခုန်ပြိုင်ပွဲ၊ အမျိုးသားသံလုံးပစ်ပြိုင်ပွဲ၊ အမျိုးသမီးသံလုံးပစ်ပြိုင်ပွဲများကို ကျင်းပကြရာ အမျိုးသားမီတာ ၄၀၀ အပြေးပြိုင်ပွဲတွင် မောင်မြမိုးအောင်(မြစ်ကြီးနား)က ပထမ၊ မောင်အောင်ပိုင်စိုး(ရန်ကင်း)က ဒုတိယ၊ မောင်ဝေဖြိုးအောင်(တောင်ကြီး)က တတိယရရှိကြသည်။

အမျိုးသမီးမီတာ ၄၀၀ အပြေးပြိုင်ပွဲတွင် မဆန်ဒေါင်းဇီတာရီ(မြစ်ကြီးနား)က ပထမ၊ မဝင်းနေခြည်(ဘားအံ)က ဒုတိယ၊ မမိုးဝသန်ထက်(ရန်ကင်း)က တတိယရရှိပြီး အမျိုးသားအလျားခုန်ပြိုင်ပွဲတွင် မောင်ဟိန်းထက်(ပခုက္ကူ)က ပထမ၊ မောင်နိုင်ထက်ဦး(ထားဝယ်)က ဒုတိယ၊ မောင်မင်းစောချစ်(မြစ်ကြီးနား)က တတိယရရှိကြသည်။ အမျိုးသမီးအလျားခုန်ပြိုင်ပွဲတွင် မဖူးငုံ(ရန်ကင်း)က ပထမ၊မဆုပြည့်ပြည့်ဦး(ထားဝယ်)က ဒုတိယ၊ မနန်းအေးအေးမိုး(ဘားအံ)က တတိယရရှိကြသည်။

အမျိုးသား သံလုံးပစ်ပြိုင်ပွဲတွင် မောင်ကျော်စွာဦး(ဘားအံ)က ပထမ၊ မောင်မင်းဇင်ဟိန်း(ပုသိမ်)က ဒုတိယ၊ မောင်ပြည့်စုံအောင် (၁) (ဘိုကလေး)က တတိယရရှိကြပြီး အမျိုးသမီးသံလုံးပစ်ပြိုင်ပွဲတွင် မသီသီဟန်(မကွေး)က ပထမ၊ မဂူဂူးအောင်(ဘိုကလေး)က ဒုတိယ၊ မပန်ဆုဝေ(တောင်ကြီး)က တတိယဆုများကို ရရှိကြရာ ပြိုင်ပွဲများအပြီးတွင် ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့အတူ ပညာရေးဒီဂရီကောလိပ်ပေါင်းစုံ အမျိုးသား၊ အမျိုးသမီးဘော်လီဘော၊ ပိုက်ကျော်ခြင်း၊ ဘောလုံးပြိုင်ပွဲ၏ အုပ်စုပွဲစဉ်များကို နိုဝင်ဘာ ၆ ရက်မှ စတင်၍ မန္တလေးဇုန်(အထက်မြန်မာပြည်)၊ ရန်ကုန်ဇုန်(အောက်မြန်မာပြည်)တို့၌ ဇုန်အလိုက်ကစားခဲ့ကြပြီး ယနေ့နံနက်ပိုင်းတွင် ဝဏ္ဏသိဒ္ဓိအားကစားကွင်းသတ်မှတ်နေရာများ၌ ဆီမီးဖိုင်နယ်ပွဲစဉ်များကို ဆက်လက်ယှဉ်ပြိုင်ကစားကြသည်။

ဝဏ္ဏသိဒ္ဓိအားကစားကွင်း (A)ရုံတွင် အမျိုးသား၊အမျိုးသမီးဘောလီဘောပြိုင်ပွဲကို ယှဉ်ပြိုင်ကစားကြရာ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်၊ ဆရာအတတ်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများ၊ အုပ်ချုပ်သူ၊ နည်းပြများနှင့် ကျောင်းသား၊ ကျောင်းသူများ လာရောက်ကြည့်ရှုအားပေးကြသည်။

အမျိုးသမီး ဘော်လီဘောပြိုင်ပွဲတွင် မန္တလေး(က)အသင်းက ရန်ကုန်(ခ)အသင်းကို သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ ရန်ကုန်(က)အသင်းက မန္တလေး(ခ)အသင်းကို သုံးပွဲပြတ်ဖြင့်လည်းကောင်း အနိုင်ရရှိကြပြီး အမျိုးသားဘော်လီဘောပြိုင်ပွဲတွင် ရန်ကုန်(က)အသင်းက မန္တလေး(ခ)အသင်းကို သုံးပွဲပြတ်ဖြင့် အနိုင်ရရှိကြသည်။

ဝဏ္ဏသိဒ္ဓိအားကစားကွင်း (C)ရုံတွင် အမျိုးသားပိုက်ကျော်ခြင်းပြိုင်ပွဲကို ယှဉ်ပြိုင်ကစားကြရာ ရန်ကုန်(ခ)အသင်းက မန္တလေး(က)အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ မန္တလေး(ခ)အသင်းက ရန်ကုန်(က)အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း အနိုင်ရရှိကြသည်။

ဝဏ္ဏသိဒ္ဓိအားကစားကွင်း လေ့ကျင့်ရေးကွင်းအမှတ်(၃)တွင် အမျိုးသား ဘောလုံးပြိုင်ပွဲများကို ယှဉ်ပြိုင်ကစားကြရာ မန္တလေး(က)အသင်းက ရန်ကုန်(ခ)အသင်းကို သုံးဂိုး နှစ်ဂိုးဖြင့်လည်းကောင်း၊ မန္တလေး(ခ)အသင်းက ရန်ကုန်(က)အသင်းကို တစ်ဂိုး ဂိုးမရှိဖြင့်လည်းကောင်း အသီးသီးအနိုင်ရရှိခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**





# မှော်ဘီမြို့နယ်နှင့် မဟာအောင်မြေမြို့နယ်တို့၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်



သံဃာတော်များအား အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကို တာဝန်ရှိသူများက ကြည့်ရှုအားပေးစဉ်။



ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၂၃**

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် လှပဒါးကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များနှင့် ဒေသခံပြည်သူများကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က အဆိုပါကျေးရွာရှိ အောင်ချမ်းသာဓမ္မရိပ်သာကျောင်းတိုက်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် နယ်မြေခံဆေးကုသရေးအဖွဲ့က သွားနှင့်ခံတွင်းရောဂါ၊ မျက်စိရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ ကလေးရောဂါ၊ ဆီးချိုသွေးချိုရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ သံဃာတော် ၁၂ပါး၊ သာသနာ့နွယ်ဝင်သီလရှင် ကိုးပါးနှင့်ဒေသခံပြည်သူ ၁၆၃ ဦးတို့ကို လိုအပ်သည့် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးပြီး ယင်းသို့ဆောင်ရွက်ပေးနေမှုများကို မှော်ဘီတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးသည်။

အလားတူ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် မဟာအောင်မြေအနောက်ရပ်ကွက် ပင်မမော်တော်ယာဉ်ကျောင်းတိုက်၌ သံဃာတော် ၁၃၄ ပါးတို့ကို သွေးတိုးရောဂါ၊ အဆစ်အမျက်ရောင်ရောဂါ၊ ဆီးချိုရောဂါ၊ အသက်ရှုလမ်းကြောင်းဆိုင်ရာ ရောဂါ၊ မျက်စိရောဂါ၊သွားနှင့်ခံတွင်းရောဂါ၊ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့်ဆေးဝါးကုသမှုများဆောင်ရွက်ပေးခြင်း၊ ECG၊ Ultrasoundစက်တို့ဖြင့် ရောဂါရှာဖွေစမ်းသပ်ပေးခြင်း၊ ဆီးချိုသွေးချိုနှင့် သွေးအုပ်စုများ စစ်ဆေးပေးခြင်း၊ ကျန်းမာရေးအသိပညာပေးခြင်းတို့ကို ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သော သံဃာတော်များအား နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးစကားလျှောက်ထားပြီး လိုအပ်သည်များညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

# တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်းရှိ မြို့နယ်များမှ ဆေးရုံဆေးခန်းများ၌ သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် ဒီဇင်ဘာ ၂၃**

မိမိတို့၏ နေ့စဉ်လူမှုဘဝ နေထိုင်ဖြတ်သန်းရာတွင် ပတ်ဝန်းကျင် သန့်ရှင်းသပ်ရပ်နေမှသာ ကိုယ်စိတ်နှလုံးချမ်းမြေ့ပြီး မျက်စိပသာဒဖြစ်ဖွယ်ရာ သန့်ရှင်းသာယာလှပသောမြို့ရွာ Clean City၊ Clean Village များဖြစ်လာမည်ဖြစ်ကာ ကျန်းမာရေးနှင့် ညီညွတ်မှုတမည်ဖြစ်သည့်အတွက် မိမိ ဒေသ၊မိမိမြို့ရွာ သန့်ရှင်းသာယာရေးကို ဒေသခံများ၊ ဒေသတွင်တာဝန်ထမ်းဆောင်နေကြသည့် အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့်စည်ပင်သာယာရေး တာဝန်ရှိသူများက မပြတ်မနေ ဆောင်ရွက်ကြရမည်ဖြစ်သည်။

ယခုအချိန်အခါတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးဆောင်မှုနှင့်အတူ နိုင်ငံတစ်ဝန်းလုံး၌ တပ်မတော်သားများ၊ ဌာနဆိုင်အဖွဲ့အစည်းများ၊ ဒေသခံပြည်သူအားလုံးတို့က နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ညီညီညွတ်ညွတ်ဖြင့်ဆောင်ရွက်လျက်ရှိကြပြီး အပတ်စဉ်စနေနေ့တိုင်းတွင်လည်း မိမိတို့၏မြို့ရွာများရှိ ဆေးရုံ၊ဆေးခန်းများ၌ ခြင်၊ ယင်ပေါက်ဖွားမှုမရှိစေရေးနှင့် ဆေးရုံတက်ရောက် ကုသနေသော လူနာများကို လေကောင်းလေသန့်ရရှိစေရန် ချုံနွယ်၊ ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်းများကို အားတက်သရော ဆောင်ရွက်လျက်ရှိသည်။



ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့ မြို့နယ်ပြည်သူ့ဆေးရုံ၌ နယ်မြေခံ တပ်မတော်သားများနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများက ရပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြစဉ်။



ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်ရှိ တီဘီရောဂါအထူးကုဆေးရုံကြီး၌ ရပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြစဉ်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်နှင့် လှိုင်မြို့နယ်တို့၌လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နှင့် ရေတာရှည်မြို့တို့၌လည်းကောင်း ဒေသခံပြည်သူများ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ကျန်းမာရေးဝန်ထမ်းများ၊ စည်ပင်သာယာရေးအဖွဲ့များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် လူမှုရေးအသင်းအဖွဲ့များက ဆေးရုံ၊ဆေးခန်းများရှိ ခြင်ခိုအောင်းနိုင်သောချုံနွယ်များ၊ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ ရေစီးရေလာ ကောင်းမွန်စေရေး ရေနုတ်မြောင်းများတူးဖော်ပေးခြင်းနှင့် ဆေးရုံဝင်းအတွင်း၊အပြင် သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးကြသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

☆ ကျောဖုံးမှအဆက်

အမွေးအဖြူရောင်ဖြစ်ခြင်း၊ အမြီးတံခါးပိတ်ဖြစ်ခြင်း၊ အရေပြားမှာ ဩဇာကွက်ဖြစ်ခြင်း၊ အသားအရေပန်းရောင်ဖြစ်ခြင်း၊ ခြေဖဝါးတွင် ရှေ့ခြေသည်းငါးခုစီနှင့် နောက်ခြေသည်း လေးခုစီပါရှိခြင်း၊ နားကြီးခြင်းစသည့် ရတနာဆင်ဖြူတော်များ၏ ကြန်အင်လက္ခဏာ ခုနစ်ချက်နှင့် ကိုက်ညီသော ဆင်ဖြူတော်ကလေးဖြစ်သည်။

ထိုဆင်ဖြူတော်ကလေး "ရဋ္ဌနန္ဒက" မှာ ယခုအသက် တစ်နှစ် ငါးလသားအရွယ်တွင် အရပ်အမြင့် လေးပေ၊ ကိုယ်လုံးလုံးပတ် ၆ပေ ၅လက်မ၊ ကိုယ်အလေးချိန် ၁၀၄၅ ပေါင်ရှိလာပြီး ရတနာဆင်ဖြူတော်ထိန်းသိမ်းစောင့်ရှောက်ရေး ဥယျာဉ်၊ နေပြည်တော်ရှိ ရတနာဆင်ဖြူတော်ဆောင်တွင် မိခင်ဆင်မကြီးနှင့်အတူ ကျန်းမာပျော်ရွှင်လျက်ရှိကြောင်းနှင့် ဆင်ဖြူတော်ကလေး "ရဋ္ဌနန္ဒက"မှာ ငယ်စဉ်ကတည်းကပင် လူနှင့်ယဉ်ပါးသည့် ဆင်ဖြူတော်ကလေး ဖြစ်ပြီး ပိုမိုယဉ်ပါးလာစေရန်ဆင်နှင့် လူသားတို့အကြား ကောင်းမွန်စွာ ဆက်ဆံတတ်စေရန် လေ့ကျင့်သင်ကြားခြင်းစနစ် "Peace Human and Elephant Inter- action Training" ဖြင့် လေ့ကျင့် သင်ကြားပေးလျက်ရှိကြောင်း သတင်း ရရှိသည်။

**(သတင်းစဉ်)**

## သဇင်(FM) အသံလွှင့်အစီအစဉ်

၂၄-၁၂-၂၀၂၃ (တနင်္ဂနွေနေ့)

| | | |
|---|---|---|
| ၁။ | ၀၈း၀၀ | မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ |
| ၂။ | ၁၀း၁၅ | Hit I M |
| ၃။ | ၁၀း၄၀ | နိပါတ်တော်လာသိမှတ်စရာ |
| ၄။ | ၁၁း၃၅ | Our Present Songs |
| ၅။ | ၁၄း၁၀ | စိတ်ဝင်စားစရာ ပုံပြင်ကမ္ဘာ |

# နယ်စပ်ဒေသများတွင် မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်နေသူများကို ဥပဒေနှင့်အညီဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာတာဝန်ရှိသူများထံသို့ ဆက်လက်လွှဲပြောင်းပေးအပ်



**နေပြည်တော် ဒီဇင်ဘာ ၂၃**

နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသများအပါအဝင် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို အလေးထားဆောင်ရွက်လျက်ရှိပြီး အချို့သောပြည်ပနိုင်ငံသားများအနေဖြင့် နယ်စပ်ဒေသများမှတစ်ဆင့် မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်နေထိုင်လျက်ရှိကြောင်း သိရှိရသည့်အတွက် အုပ်ချုပ်ရေးအဖွဲ့အစည်းများမှ လိုအပ်သည့် စိစစ်မှုများပြုလုပ်ကာ ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်လွှဲပြောင်းပေးအပ်လျက်ရှိသည်။

ထိုသို့ လွှဲပြောင်းပေးအပ်ခြင်းများ ဆောင်ရွက်လျက်ရှိရာတွင် ဒီဇင်ဘာ ၁၆ ရက်မှ ယနေ့ထိ တရုတ်နိုင်ငံသား အမျိုးသား ၂၂၉ ဦး၊ အမျိုးသမီး ၃၉ ဦး စုစုပေါင်း ၂၆၈ ဦးကို စိစစ်ဖော်ထုတ်ရရှိခဲ့ပြီး ထပ်မံလွှဲပြောင်းပေးနိုင်ခဲ့ခြင်းကြောင့် ၂၀၂၃ ခုနှစ် အောက်တိုဘာ ၃၀ ရက်မှ ယနေ့ထိ တရုတ်နိုင်ငံသား အမျိုးသား ၁၀၉၁၄ ဦး၊ အမျိုးသမီး ၁၄၀၂ ဦး စုစုပေါင်း ၁၂၃၁၆ ဦး ဖော်ထုတ်ရရှိခဲ့၍ ဥပဒေနှင့်အညီ လိုအပ်သည့်စိစစ်ခြင်းများ ဆောင်ရွက်ခဲ့ကာ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ တာဝန်ရှိသူများထံသို့ စနစ်တကျပြန်လည်လွှဲပြောင်းပေးအပ်ခြင်းများ ဆောင်ရွက်နိုင်ခဲ့သည်။

နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသများမှ တရားမဝင် ဝင်ရောက်နေထိုင်လျက်ရှိသည့်ပြည်ပနိုင်ငံသားများကို စိစစ်ဖော်ထုတ်ခြင်းနှင့် ပြန်လည်လွှဲပြောင်းခြင်း လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

# စစ်ကိုင်း၊ အောင်မြေသာစံနှင့် မော်လမြိုင်မြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဒီဇင်ဘာ ၂၃**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၂၂ ရက် နံနက် ၉နာရီတွင် စစ်ကိုင်းမြို့ တကောင်းရပ်ကွက်တွင် TOYOTA HIACE ခရီးသည်တင်မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ဘိန်းစိမ်း ၁၈ ကီလိုကိုလည်းကောင်း၊ ထိုနေ့ နံနက် ၁၀ နာရီတွင် အောင်မြေသာစံမြို့နယ် မင်းတဲအိကင်းရပ်ကွက် ၈၉ လမ်း၊၁၂×၁၄ လမ်းကြား ရှိကားဂိတ်တွင် ပါဆယ်ပစ္စည်းလာရောက်ထုတ်ယူသူ မနန်းသောရီ(ခ)နန်းစောရီကို စစ်ဆေးရှာဖွေရာ ဘိန်းစိမ်း ၄၅ ဒသမ ၅ ကီလိုကိုလည်းကောင်း၊

ဒီဇင်ဘာ ၂၁ ရက် ညနေ ၅ နာရီခွဲတွင် မော်လမြိုင်မြို့နယ် ကြာအင်းကျေးရွာအုပ်စု ကြာအင်းကျေးရွာအနီးတွင် သန်းဇော်မောင်းနှင်ပြီး ချစ်လွင်လိုက်ပါလာသည့် မော်တော်ဆိုင်ကယ်ကိုရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၉၆၀၀၀ သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



# နမ္မတူမြို့ထဲသို့ တပ်မတော်ကပစ်ခတ်သည့် လက်နက်ကြီးကျရောက်ပေါက်ကွဲမှုကြောင့် ကလေးငယ်သုံးဦးနှင့် လူကြီးနှစ်ဦးဒဏ်ရာရဟု မဟုတ်မမှန်သတင်းများ လူမှုကွန်ရက်ပေါ်တွင် ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၂၃**

ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ္မတူမြို့နယ် ပန်ဟိုက်ရပ်ကွက်(၆)နှင့် အီဟန်းရပ်ကွက်(၉)တို့တွင် ယနေ့နံနက်ပိုင်း၌ တပ်မတော်ကပစ်ခတ်သည့် လက်နက်ကြီးကျည်ကျရောက်ပေါက်ကွဲမှုကြောင့် ကလေးသုံးဦးနှင့်လူကြီးနှစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သတင်းတု၊ သတင်းမှားများကို လူမှုကွန်ရက်စာမျက်နှာတွင် တရားမဝင်ပြည်ဖျက်မီဒီယာတစ်ခုဖြစ်သည့် KhitThit Mediaက လုပ်ကြံရေးသားနေသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ သက်ဆိုင်ရာနယ်မြေမှ တာဝန်ရှိသူတစ်ဦးထံ ဆက်သွယ်မေးမြန်းချက်အရ နမ္မတူမြို့နယ်အတွင်း နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးအတွက် လုံခြုံရေးတာဝန်များထမ်းဆောင်လျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များကို TNLA သောင်းကျန်းသူများက လက်နက်ကြီးများဖြင့် လာရောက်ပစ်ခတ်တိုက်ခိုက်ခဲ့မှုကြောင့် ပြည်သူများနေထိုင်ရာရပ်ကွက်အတွင်းသို့ လက်နက်ကြီးကျည်ကျရောက်ပေါက်ကွဲခဲ့ကြောင်း သိရှိရပြီး အပြစ်မဲ့ပြည်သူများ ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် နမ္မတူမြို့အတွင်းသို့ လက်နက်ကြီးဖြင့် ပစ်ခတ်မှုဆောင်ရွက်ခဲ့ခြင်း မရှိကြောင်း သိရှိရသည်။

ထိုသို့ အကြမ်းဖက်သောင်းကျန်းသူများ၏ မြို့ရွာများအတွင်းသို့ပစ်ခတ်တိုက်ခိုက်နေသည့်လုပ်ရပ်များကို ဖုံးကွယ်ပေးရန်၊ ပြည်သူလူထုက တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် နိုင်ငံတကာစာမျက်နှာများတွင် တပ်မတော်၏ဂုဏ်သိက္ခာ ကျဆင်းစေရန်အတွက် အကြမ်းဖက်အားပေးပြည်ဖျက်မီဒီယာများက ကောလာဟလသတင်းများကို ရည်ရွယ်ချက်ရှိရှိ ရေးသားဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။




## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဒီဇင်ဘာ ၂၃**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေး ဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဒီဇင်ဘာ ၂၂ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "Hiruto Nya"Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ် အမှတ်(၁၅) ရပ်ကွက်နေ သက်ဖြိုးအောင်(ခ)သက်ကြီးအား ညနေ ၄ နာရီ မိနစ် ၂၀ တွင် ပခုက္ကူမြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

# အင်ဒိုနီးရှားအစိုးရက သစ်တောကြိုးဝိုင်းများခုတ်ထွင်ရှင်းလင်းပြီး ဆီအုန်းစိုက်ပျိုးသည့်ကုမ္ပဏီကြီးများကို အရေးယူရန်စီစဉ်နေ



**ဂျကာတာ ဒီဇင်ဘာ ၂၃**

အင်ဒိုနီးရှားအစိုးရသည် သစ်တောကြိုးဝိုင်းများ ခုတ်ထွင်ရှင်းလင်းပြီး ဆီအုန်းစိုက်ခင်းများ စိုက်ပျိုးလျက်ရှိသည့် ကုမ္ပဏီကြီးများကို အရေးယူရန်စီစဉ်နေကြောင်း ရေကြောင်းရေးရာနှင့် ရင်းနှီးမြှုပ်နှံမှုဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ဆီအုန်းစိုက်ပျိုးမှုသည် မြောက်ဆုမတြားစီရင်စုတွင် အများဆုံးစိုက်ပျိုးလျက်ရှိသကဲ့သို့ ဆီအုန်းစိုက်ခင်းများအတွက် သစ်တောကြိုးဝိုင်းများပြုန်းတီးခဲ့ရသည့် အခြေအနေကြောင့် ဆီအုန်းစိုက်ပျိုးသည့် ကုမ္ပဏီများကို စုစုပေါင်းဒဏ်ကြေးငွေအဖြစ် ရူပီယာ ၄ ဒသမ ၈ ထရီလီယံထိ ဒဏ်ရိုက်သွားမည်ဖြစ်ကြောင်း ရေကြောင်းရေးရာနှင့် ရင်းနှီးမြှုပ်နှံမှုဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်။

"ဥပဒေနဲ့မညီညွတ်တဲ့စိုက်ခင်းတွေစိုက်ပျိုးတဲ့ကုမ္ပဏီတွေကို ဒဏ်ရိုက်ဖို့အတွက် စုံစမ်းစစ်ဆေးမှုတွေ ပြုလုပ်ပြီးပါပြီ။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေနဲ့ အရေးယူသွားမှာ ဖြစ်ပါတယ်။ ခွင့်ပြုချက်မရဘဲ စိုက်ပျိုးထားတဲ့ ဆီအုန်းစိုက်ခင်းပိုင်ရှင်၊ ကုမ္ပဏီတွေကို ဒဏ်ကြေးငွေအဖြစ် စုစုပေါင်း ရူပီယာ ၄ ဒသမ ၈ ထရီလီယံ ဒဏ်ရိုက်သွားမှာဖြစ်ပါတယ်" ဟု ရေကြောင်းရေးရာနှင့် ရင်းနှီးမြှုပ်နှံမှုဝန်ကြီး ဖာမန်းဟိုင်ဒိုင်ယက်က ပြောကြားခဲ့သည်။

ဆီအုန်းကုမ္ပဏီကြီးများကို သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေဖြင့် အရေးယူသွားမည်ဖြစ်ပြီး သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ရန်ပုံငွေအတွက် ဒဏ်ငွေများ ပေးဆောင်ရန်သာဖြစ်ဒဏ် ချမှတ်သွားမည်ဖြစ်ကြောင်း၊ ဆီအုန်းကုမ္ပဏီတစ်ခုချင်းစီအလိုက် ဒဏ်ကြေးငွေသတ်မှတ်သွားမည်ဖြစ်ပြီး သတ်မှတ်ရက်အတွင်း ဒဏ်ကြေးငွေပေးဆောင်သွားရန်လည်း ထုတ်ပြန်ခဲ့သည်။

အင်ဒိုနီးရှားနိုင်ငံသည် ကမ္ဘာ့နိုင်ငံများအနက် ဆီအုန်းစိုက်ပျိုးထုတ်လုပ်မှု အများဆုံးသောနိုင်ငံဖြစ်ကြောင်း၊ ဆီအုန်းစိုက်ပျိုးမှုကြောင့် သစ်တောပြုန်းတီးမှုမြင့်မားသောနိုင်ငံများစာရင်း၌ ပါဝင်လာခြင်းကြောင့် အင်ဒိုနီးရှားအစိုးရက ၂၀၂၀ ပြည့်နှစ်မှစ၍ ဆီအုန်းစိုက်ပျိုးခြင်းအတွက် သစ်တောမြေများ ခုတ်ထွင်ရှင်းလင်းရာတွင် အစိုးရထံမှ ခွင့်ပြုချက်တောင်းခံရမည်ဖြစ်ပြီး ခွင့်ပြုချက်တောင်းခံထားခြင်းမရှိဘဲ စိုက်ပျိုးထားသော ဆီအုန်းစိုက်ခင်း ပိုင်ရှင်များကို ထိရောက်စွာ အရေးယူမည်ဟု တရားဝင် ထုတ်ပြန်ထားပြီးဖြစ်ကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : Sai Sat**

# ကိပ်တောင်းမြို့တွင် တောမီးလောင်ကျွမ်းမှုကြောင့် ဒေသခံတချို့ ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရ

**ပရီတိုးရီးယား ဒီဇင်ဘာ ၂၃**

တောင်အာဖရိကနိုင်ငံ ကိပ်တောင်းမြို့တွင် ဒီဇင်ဘာ ၂၂ ရက်က တောမီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ရာ ဒေသခံတချို့ ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရကြောင်း ကိပ်တောင်းအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

တောမီးကိုအမြန်ဆုံးငြိမ်းသတ်နိုင်ရေးအတွက် လေယာဉ်နှစ်စင်းနှင့် ရဟတ်ယာဉ်တစ်စင်းကို တောမီးငြိမ်းသတ်ရေးတွင် အသုံးပြုနေကြောင်း၊ တောမီးလောင်ကျွမ်းမှုကြောင့် အန္တရာယ်ရှိနိုင်သည့် နေအိမ်ပေါင်း ၃၀၀ ကျော်မှဒေသခံများ ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရပြီး ယာယီကယ်ဆယ်ရေးစခန်းတွင် နေရာချပေးထားရကြောင်း သိရသည်။

"ဒီဇင်ဘာ ၂၂ ရက်က စတင်လောင်ကျွမ်းခဲ့တဲ့ တောမီးကြောင့် သစ်တောမြေ ၁၂ စတုရန်းကီလိုမီတာ ပျက်စီးခဲ့ပါတယ်။ တောမီးဟာ ထိန်းချုပ်ရခက်တဲ့အဆင့်ကို ရောက်ရှိနေပြီးတော့ တောမီးကူးစက်လာနိုင်တဲ့ ဧရိယာတွေမှာ နေထိုင်တဲ့ နေအိမ်ပေါင်း ၃၀၀ ကျော်က ဒေသခံတွေ ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရပါတယ်။ တောမီးလောင်ကျွမ်းမှုကြောင့် တောရိုင်းတိရစ္ဆာန်တချို့လဲ ထွက်ပြေးတိမ်းရှောင်နေရပါတယ်။ တောမီးကို အမြန်ဆုံး ထိန်းချုပ်နိုင်ဖို့အတွက် လေကြောင်းအကူအညီ ရယူထားပါတယ်"ဟု ကိပ်တောင်းအာဏာပိုင်အဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူ တစ်ဦးက ပြောကြားခဲ့သည်။



ကိပ်တောင်းမြို့သည် တောင်အာဖရိကနိုင်ငံတွင် ကမ္ဘာလှည့်ခရီးသည် အများဆုံးလာရောက်သည့်မြို့ဖြစ်ပြီး ယခုအခါတောမီးလောင်ကျွမ်းမှုကြောင့် နိုင်ငံခြားသားခရီးသည်များ လာရောက်လည်ပတ်ခွင့်ကို ယာယီပိတ်ထားရကြောင်း ကိပ်တောင်း အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

**Ref : Sputnik News**
**Trs : Sai Sat**

# ဥရောပမြောက်ဘက်ပိုင်းတွင် မုန်တိုင်းတိုက်ခတ်မှုကြောင့် လူနှစ်ဦးသေဆုံးပြီး တစ်ဦးဒဏ်ရာရရှိ

**ဘရပ်ဆဲလ် ဒီဇင်ဘာ ၂၃**

ဥရောပမြောက်ဘက်ပိုင်းတွင် ဒီဇင်ဘာ ၂၂ ရက် ညပိုင်းက အားကောင်းသည့်မုန်တိုင်းတိုက်ခတ်ခဲ့မှုကြောင့် ဘယ်လ်ဂျီယံနိုင်ငံတွင် အမျိုးသမီးတစ်ဦး သေဆုံးပြီး တစ်ဦးဒဏ်ရာရရှိကာ နယ်သာလန်နိုင်ငံတွင် အမျိုးသမီးတစ်ဦးသေဆုံးခဲ့ကြောင်း ဥရောပမသဂ္ဂက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

မုန်တိုင်းသည် ဘယ်လ်ဂျီယံနိုင်ငံကို ဗဟိုပြု၍ တိုက်ခတ်ခဲ့ခြင်းဖြစ်ကြောင်း၊ ဘယ်လ်ဂျီယံနိုင်ငံနှင့် နယ်သာလန်နိုင်ငံတို့တွင် သေဆုံးခဲ့သည့်အမျိုးသမီးနှစ်ဦးမှာ ခရစ္စမတ်သစ်ပင်လဲကျရာမှ သေဆုံးခဲ့ခြင်းဖြစ်ကြောင်း၊ နော်ဝေနိုင်ငံသည်လည်း မုန်တိုင်းအန္တရာယ်ဖြင့် ရင်ဆိုင်ခဲ့ရကြောင်း၊ မုန်တိုင်းကြောင့် နော်ဝေလေကြောင်းခရီးစဉ်များကို ယာယီဆိုင်းငံ့ထားကာ ဖယ်ရီတချို့ကိုလည်း ယာယီဆိုင်းငံ့ထားပြီး လျှပ်စစ်မီးပြတ်တောက်မှုများဖြင့်လည်းရင်ဆိုင်နေရကြောင်း၊ ထို့ပြင် ဂျာမနီနိုင်ငံတွင်လည်း မုန်တိုင်းဒဏ်သင့်ဧရိယာများ၌ ရထားခရီးစဉ်များကို ယာယီပိတ်ထားကြောင်း ထုတ်ပြန်ခဲ့သည်။

မုန်တိုင်းကြောင့် ဥရောပမြောက်ဘက်ပိုင်းရှိ နိုင်ငံများတွင် ခရစ္စမတ်ဈေးရောင်းပွဲတော်များကို ဖျက်သိမ်းထားရကြောင်း၊ မြောက်ပင်လယ်တွင်လည်း ရေပမာဏမြင့်တက်နေကြောင်း၊ မုန်တိုင်းအန္တရာယ်ဖြင့် ရင်ဆိုင်နေရသည့် ဘယ်လ်ဂျီယံနိုင်ငံ၊ နယ်သာလန်နိုင်ငံ၊ ဂျာမနီနိုင်ငံ၊ နော်ဝေနိုင်ငံတို့အနက် ဘယ်လ်ဂျီယံနိုင်ငံသည် မုန်တိုင်းအန္တရာယ်ဖြင့် အဆိုးရွားဆုံး ရင်ဆိုင်နေရကြောင်း သိရသည်။

မုန်တိုင်းတိုက်ခတ်မှုကြောင့် ဘယ်လ်ဂျီယံနိုင်ငံတွင် ရေကြီးရေလျှံမှုဖြစ်ပေါ်နေသည့်အတွက် လမ်းမကြီးတချို့ကို ယာယီပိတ်ထားရပြီး ဒေသခံတချို့မှာလည်း ဘေးလွတ်ရာ ရွှေ့ပြောင်းရမည့်အခြေအနေဖြင့် ရင်ဆိုင်နေရကြောင်း သိရသည်။

**Ref : Russia Today**
**Trs : Sai Sat**

## ရေဘေးအတွက်ကြိုတင်ပြင်ဆင်ရန်များ

၁။ မိမိအိမ်ပတ်ဝန်းကျင်ရှိ ဘေးအန္တရာယ်ဖြစ်နိုင်ခြေများနှင့်အိမ်၏ ကြံ့ခိုင်မှုကို စစ်ဆေးပါ။




၂။ မိသားစုများ အရေးပေါ် ပြောင်းရွှေ့နိုင်ရန်နေရာ၊ လမ်းကြောင်းများနှင့် မိသားစုဆုံရပ်ကို ကြိုတင်သတ်မှတ်ထားပါ။

(ဥပမာ- အသက်ကယ် ကုန်းမြင့်၊ ရေလွတ်နိုင်သည့်နေရာများ၊ အဆောက်အအုံများ)



၃။ ရေစိုပျက်စီးနိုင်သော ပစ္စည်းများကို ခြောက်သွေ့၍ မြင့်သော နေရာတွင် ထားရှိပါ။






၄။ မိမိပတ်ဝန်းကျင်ရှိ မြစ်ချောင်းများ၏ အန္တရာယ်ရှိနိုင်သော ရေကြီးမှု အမြင့်ပေများကို သိရှိမှတ်သားထားပါ။

၅။ သောက်သုံးရေများ ကြိုတင်စုဆောင်းထားပါ။



၆။ မြေနိမ့်ဒေသ၊ ချိုင့်၊ ရေနုတ်မြောင်း အစရှိသည့် ရေလွှမ်းမိုးပါက အန္တရာယ်ဖြစ်နိုင်သော နေရာများကို မြင်သာသော အမှတ်အသား ထားရှိပါ။




၇။ အရေးပေါ်သုံးပစ္စည်းများနှင့် အရေးပေါ်အသက်ကယ် ပစ္စည်းများကို ကြိုတင်ပြင်ဆင်ထားပါ။



0 w Kv M @

# လက်သမား

လင်းနွေးအိမ်



(၁)

သူ့ကို လူတွေက ကိုလူအေးလို့ ခေါ်ကြတယ်။ စကားနည်းတယ်။ အရှက်အကြောက် အားကြီးတယ်။ မဟုတ်မခံလိုစိတ်ရှိပေမဲ့ သူ့ရဲ့အမျက်ဒေါသကို လူတွေမြင်အောင် ဘယ်တော့မှမပြဘူး။ အမြဲလိုလိုဝတ်လေ့ရှိတဲ့ ရှပ်လက်ရှည်အင်္ကျီက သူ့ရဲ့ကိုယ်ဟန်အနေအထားနဲ့ လိုက်ဖက်နေတယ်။ သေသေသပ်သပ်နေတတ်တာကြောင့်လဲ လူတချို့က သူ့ကို ရှိုးများသူလို့တောင် သတ်မှတ်ကြတယ်။ သူဟာ တစ်ကိုယ်တည်းလူပျိုကြီး။ ကြိုက်မဲ့သူမရှိလို့ လူပျိုကြီးဖြစ်နေတာတော့မဟုတ်ဘူး။ လိုတာမရ ရတာမလိုဖြစ်နေတာကြောင့် လူပျိုကြီးဖြစ်နေတာ။ ဗိုင်းကောင်းကျောက်ဖိဆိုတဲ့ မိန်းကလေးမျိုးလဲဖြစ်ရမယ်။ လှပြီး ကျက်သရေလဲရှိရမဲ့သူမျိုးကို ကိုလူအေး စောင့်နေတာ ဒီနေ့ထိဆိုပါတော့။ သူဟာ ရွာရဲ့ သာရေး၊ နာရေးပွဲတွေမှာဆို ရှေ့ဆုံးကနေ တက်တက်ကြွကြွ ပါဝင်လုပ်ဆောင်လေ့ရှိတယ်။ တစ်ရွာလုံးက သူ့လုပ်ရပ်ကိုကြည့်ပြီး ချီးကျူးကြတယ်။ ကိုလူအေးဆိုတဲ့ နာမည်က သူ့မိဘတွေ မှည့်ပေးတဲ့ နာမည်အရင်းတော့မဟုတ်ဘူး။ သူ့ပုံစံကိုကြည့်ပြီး ပတ်ဝန်းကျင်က အမည်ကင်ပွန်းတပ်ပေးတာကနေ ကိုလူအေးဆိုပြီး ဖြစ်လာတာ။ ကိုလူအေးဆိုတဲ့နာမည်ကို သူ့အမေ ဒေါ်မြနှစ်တစ်ယောက် ကြားသိသွားရင်တော့ ရင်ထုမနာဖြစ်နေမိလိမ့်မယ်ထင်တယ်။ တစ်ဦးတည်းသောသားလေးကို အများအလယ်မှာ ရဲရင့်ကျော်စောအောင် ရဲရင့်သူဆိုပြီး နာမည်ပေးခဲ့တာလေ။

ကိုလူအေး ငါးနှစ်သားအရွယ်မှာပဲ ဒေါ်မြနှစ်ဆုံးပါးသွားခဲ့တယ်။ အဲဒီအချိန်ကစလို့ ကိုလူအေးတို့သားအဖနှစ်ယောက် အဖေတစ်ခု သားတစ်ခုဘဝနဲ့ နေလာခဲ့ရတယ်။ ကိုလူအေးတို့နေတဲ့ အိမ်ကလေးက ညဆိုရင်ကြယ်တွေ၊ လတွေကို အတိုင်းသားလှမ်းမြင်နေရတယ်။ အဖေဖြစ်သူက ဝါးနဲ့ ထရံရက်တဲ့အလုပ်ကိုလုပ်တယ်။ အဲဒီအလုပ်က စပါးပေါ်ချိန် ရောက်ခါနီးလောက်မှ အလုပ်ဖြစ်တယ်။ စပါးပေါ်ခါနီးရင် ရွာထဲကလူတွေက စပါးထည့်ဖို့အတွက်ဆိုပြီး ပုတ်ရက်ဖို့၊ တောင်းရက်ဖို့ ဦးဖိုးထိန်ကို လာငှားကြတယ်။ အဲဒီလို အလုပ်ရှုပ်ချိန်ဆို ကိုလူအေးကလဲ တစ်ထောင့်တစ်နေရာကနေ အဖေဖြစ်သူကို ဝင်ကူညီပေးရတယ်။ သူ့ခမျာ ဝင်ကူညီဖြစ်တဲ့အခါတိုင်းလိုလို အငေါက်အငမ်းခံနေရတယ်။ တကယ်တော့ ဦးဖိုးထိန်ဆိုသူက စိတ်မြန်လက်မြန်ရှိတဲ့သူ။ သူ့ခေတ်သူ့အခါတုန်းကတော့ ရွာရဲ့ ကာလသားခေါင်းတစ်ယောက်ပေ့ါ။ ကိုလူအေးက အလုပ်ကို စနစ်တကျနဲ့ သေသေသပ်သပ်လုပ်ကိုင်တတ်တယ်။ လက်ရာမြောက်တယ်။ ဒါပေမဲ့ လုပ်ကိုင်နေတာကတော့ နှေးလွန်းလေးလွန်းတယ်။ ရွာထဲကလူတချို့ဆို ဦးဖိုးထိန်ရဲ့လက်ရာထက် ကိုလူအေးရဲ့လက်ရာကို ပိုပြီးလိုလားတောင့်တကြတယ်။ ဦးဖိုးထိန်က စိတ်မြန်လက်မြန် ကိုလူအေးက စိတ်အေးလက်အေးဆိုတော့ သူတို့သားအဖနှစ်ယောက်ရဲ့ပုံစံက တခြားစီဖြစ်နေတယ်။ ဒီကြားထဲ ဦးဖိုးထိန်က ဆေးဖြစ်ဝါးဖြစ်ဆိုပြီး အရက်လေးဘာလေး မှီဝဲတတ်သေးတယ်။ ကိုလူအေးကတော့ ကွမ်းမစား၊ ဆေးမသောက်။ တစ်နေ့တစ်နေ့ သားအဖနှစ်ယောက်ရဲ့ မီးဖိုချောင်လေးကို မနည်းလုံအောင် ဖာနေရတာပေ့ါ။ မကြာခဏဆိုသလို သူတို့အိမ်မှာ ဆူသံပူသံတွေဖြစ်တယ်။ အဲဒီအချိန်ဟာ ဦးဖိုးထိန် အရက်မူးနေတဲ့အချိန်ဖြစ်သလို ကိုလူအေးလဲ ရွာထဲကနေ အိမ်ပြန်ရောက်တဲ့အချိန်ဖြစ်တယ်။ တစ်ခါတလေ ကိုလူအေးက အိမ်ပြန်မအိပ်တာတွေလဲ ရှိတယ်။ ကိုလူအေး အိမ်ပြန်မအိပ်တဲ့ညဆို ဦးဖိုးထိန် တစ်ယောက် အရက်အမူးပြေချိန်ရောက်တော့မှ ဟိုလိုက်ရှာဒီလိုက်ရှာနဲ့ ဖြစ်နေတယ်။ ကိုလူအေးကတော့ သူ့ဝသီသူ့ဗီဇအတိုင်း ဘဝကို စိတ်အေးလက်အေးနဲ့ ဖြတ်သန်းနေတုန်း။

(၂)

မကြာမီကျင်းပတော့မဲ့ မင်္ဂလာဧည့်ခံပွဲတစ်ခုမှာ ကိုလူအေးတစ်ယောက် သတို့သားအဖြစ် လုပ်ပေးဖို့ကို လူတချို့ လာပြီးတောင်းဆိုကြတယ်။ လက်ခံပေးလိုက်တယ်ဆိုရင်ပဲ အပျော်ကြီးပျော်နေတဲ့သူက သတို့သမီးရှင်တွေပေ့ါ။ ဒီသတင်းစကားကို ကြားသိသွားတဲ့ နှင်းရည်ကတော့ သူ့စိတ်ထဲမှာ ဝမ်းနည်းမှုတစ်ဖက်၊ ဝမ်းသာမှုတစ်ဖက်ဖြစ်နေတယ်။ ခေါင်းညိတ်လက်ခံပေးလိုက်တဲ့ ကိုလူအေးကိုယ်တိုင်ကလဲ စိတ်လက်မအီမသာဖြစ်နေတယ်။ သူတို့နှစ်ယောက်ဟာ တစ်ယောက်ကိုတစ်ယောက် ချစ်လို့ကြိုက်လို့လက်ထပ်ကြမှာမဟုတ်ဘူး။ ငွေကြေးချမ်းသာတဲ့မိန်းကလေးရှင်ဘက်က အတင်းအဓမ္မစီစဉ်တာဖြစ်တယ်။ ဒီသတင်းဟာ တစ်ရွာလုံးတစ်နယ်လုံးထိ ဟိုးလေးတကျော်နဲ့ပေ့ါ။ ကိုလူအေးတို့ဟာ စီးပွားရေးမပြေလည်ကြဘူး။ ဒီတော့ နှင်းရည်ရဲ့မိဘတွေဆီမှာ ချေးရင်းငှားရင်းနဲ့ နောက်ဆက်တွဲအတိုးနှုန်းက အကြွေးခွံထဲကို ဆွဲနှစ်ပစ်လိုက်သလိုဖြစ်လာတယ်။ ဒီတော့လဲ အကြွေးရှင်ဘက်က ပြောလာတဲ့စကားတွေဟာ ကိုလူအေးတို့အတွက်တော့ ဓားသွားထက်တောင်ကြောက်ဖို့ကောင်းနေခဲ့တယ်။

"ဟဲ့ လူအေး နင်က လှည်းကျိုးထမ်းတော့မလို့လား"

"မင်းကွာ ကိုယ့်ကိုယ်ကိုယ် နွားလုံးလုံးအဖြစ်ခံရတယ်လို့"

"သေချာပြန်စဉ်းစားပါအုံးကွာ။ အိမ်ထောင်မှုဘုရားတည်၊ ဆေးမင်ရည်စုတ်ထိုးတဲ့ကွ။ အဲဒီသုံးမျိုးက မှားယွင်းသွားပြီးပြီဆိုရင် ပြန်လည်ပြင်ဆင်ဖို့ ခက်ခဲလွန်းတဲ့အရာတွေ"

ကိုလူအေးရဲ့ မိတ်ဆွေအပေါင်းအသင်းတွေက မခံချိမခံသာဖြစ်ပြီး ပြောဆိုနေကြတာ။ ကိုလူအေးကတော့ သူ့အပေါ် စေတနာထားပြီး ပြောကြသူတွေကို အားလဲနာမိတယ်။ တစ်ဆက်တည်းမှာလဲ သူ့အဖြစ်သူပြန်တွေးပြီး ရင်နာနေမိပြန်တယ်။ လောကမှာ မပြည့်မစုံဘဝနဲ့နေထိုင်ရခြင်းရဲ့အရသာကို ကိုလူအေး ကောင်းကောင်းနားလည်နေပြီ။ အဲဒီဘဝကိုလဲ မုန်းတယ်။ ပတ်ဝန်းကျင်ကပြောသလို နွားဖြစ်ရမဲ့ဘဝကိုလဲ မုန်းတီးနေမိပြန်တယ်။ ကိုလူအေးဟာ အိပ်မပျော်တဲ့ညတွေမှာ တစ်ယောက်တည်း အိမ်ရှေ့ကွင်းပြင်ထဲ ထွက်ထိုင်နေတတ်တယ်။ ရင်ထဲက ခံစားချက်တွေကို ကုစားနေဖြစ်တယ်။

"ငါက အကြွေးနဲ့ သိမ်းပိုက်ခံလိုက်ရတဲ့အဖြစ်လား။ ဒါဆို ငါက အနိုင်ကျင့်ခံရတာပေ့ါ။ လက်ထပ်ပွဲကို ငါ့ဘက်က ဖျက်လိုက်ရင်ကော ဟုတ်တယ် မနက်ဖြန် သူတို့ဆီသွားပြီး ကျုပ်လက်မခံနိုင်ပါဘူးလို့ပြောမယ်"

တစ်ယောက်တည်း စကားကို စိတ်လိုက်မာန်ပါ ပြောဆိုရင်းက သက်ပြင်းရှည်ကြီး ချလိုက်တယ်။ ပြီးတော့ ပြန်ပြီးစဉ်းစားနေပြန်တယ်။

"ဟူး လက်ခံလက်စနဲ့ လက်ခံလိုက်တာပဲ ကောင်းပါတယ်လေ။ မကျေနပ်လို့ သူတို့က အကြွေးနဲ့သိမ်းမယ်ဆိုရင် ငါ့အမေခေါင်းချခဲ့တဲ့ ဒီအိမ်ကလေးပဲရှိတာ။ အဖေကလဲအသက်အရွယ်ရနေပါပြီလေ။ ဒီအချိန်ရောက်တော့မှ ပတ်ဝန်းကျင်က ကြားမကောင်းအောင် မဖြစ်စေချင်ဘူး။ အခုတစ်လော ခါတိုင်းထက် အဖေ အရက်တွေကို ပိုသောက်ဖြစ်နေတာပဲ။ အင်း. . . အဖေ့အတွက်လဲ ငါထည့်စဉ်းစားရအုံးမယ်လေ"

အဖေဦးဖိုးထိန်ရဲ့မျက်နှာကိုတစ်လှည့်၊ အိမ်လေးထဲမှာချိတ်ဆွဲထားတဲ့ ဓာတ်ပုံထဲက အမေဖြစ်သူရဲ့ မျက်နှာကိုတစ်လှည့် မြင်ယောင်မိရင်း အိပ်ရာထဲကို ပြန်ဝင်ခဲ့လိုက်တယ်။

(၃)

"ကိုလူအေး ရှင် တကယ်ပဲဆုံးဖြတ်ပြီးပြီ မဟုတ်လား"

ပတ်ဝန်းကျင်က စကားသံတွေကြားမိတိုင်း ကိုလူအေးကြီးကို အားနာမိသလို သနားလဲ သနားတယ်။ ဒါပေမဲ့ ဒီအခြေအနေမှာ တခြားထုတ်စရာ အဖြေကလဲမရှိတော့ဘူးဆိုတော့-

"ရပါတယ် နှင်းရည်ရယ်။ ဘယ်တတ်နိုင်မတုံး"

ကိုလူအေးက မျက်နှာကို အောက်ငုံ့လိုက်တယ်။ တစ်ဖက်က နှင်းရည်ရဲ့ အားနာနေတဲ့မျက်နှာလေးကိုလဲ သတိထားမိတယ်။ နေရာအနှံ့ကနေ ထိုးလာကြမဲ့လက်ညှိုးတွေကလဲ အသင့်အနေအထားနဲ့ နေရာယူနေကြပြီဆိုတာ ကိုလူအေး စိတ်ထဲကနေ အလိုလို သိနေတယ်။

"ကိုလူအေး မနက်ဖြန် အားတယ်မဟုတ်လား။ အိမ်လာခဲ့ဖို့ အမေက မှာလိုက်တယ်"

"အင်း လာခဲ့ပါ့မယ်"

"ဒီအချိန်မှာ ကိုလူအေး ညီမတို့အိမ်ကိုလာဖို့ ခက်ခဲနေရင်လဲ ညီမကပဲ အမေတို့ကို ကြည့်ပြောလိုက်ပါမယ်"

"အင်း ရပါတယ်"

"ညီမ ဝမ်းနည်းတယ် ကိုလူအေးရယ်။ ကိုလူအေးလို ဖြူစင်ရိုးသားတဲ့သူကိုမှ ခေါင်းစဉ်တပ်ခံလိုက်ရတယ်နော်"

"တော်ပါတော့ နှင်းရည်ရယ်။ ဆက်မပြောပါနဲ့တော့"

ဒီတစ်ခါတော့ ကိုလူအေး နှုတ်ကအော်ပြီး ပြောလိုက်တယ်။ သူ့ဘဝသူ့ဖြစ်စဉ်ကို မတွေးမိအောင် ကြိုးစားနေရင်းက ရည်ရွယ်ချက်တို့မအောင်မြင်ခဲ့ဘူး။ လှည်းကျိုးကြီးကိုထမ်း နွားအဖြစ်နဲ့ရှုန်း။ အို. . . ကိုလူအေး ခေါင်းကို သွက်သွက်ခါအောင်လှုပ်ယမ်းပြီး ဆံပင်တွေကို လက်နဲ့ ထိုးဖွပစ်လိုက်တယ်။ မရောက်လာသေးတဲ့ မနက်ဖြန်တိုင်းက လူတချို့ရဲ့ အထင်သေးတဲ့အကြည့်တွေကို မျက်လုံးထဲမှာ မြင်ယောင်မိရင်း မျက်တောင်နဲ့ အတင်းပုတ်ခတ်ပစ်လိုက်တယ်။ တစ်ဆက်တည်းမှာပဲ နားထဲကိုတိုးဝင်လာတဲ့ လှောင်ပြောင်ရယ်မောသံတွေက တဟီးဟီးတဟားဟား ဖြစ်နေကြတယ်။

(၄)

ငွေလမ်းခင်းပြီး ရွှေရောင်ဆင်ထားတဲ့ မင်္ဂလာပွဲကြီးက ပြီးဆုံးသွားခဲ့ပြီ။ အိမ်ထောင်ရေးနယ်ပယ်ထဲကို အသက် ၄၀ ကျော်မှ ဝင်ရောက်လာဖြစ်ခဲ့သူ ကိုလူအေးအတွက်ပျော်ရွှင်မှုဆိုပြီးမဖြစ်ပေါ်ခဲ့။ ယိုင်နဲ့စပြုနေပြီဖြစ်တဲ့ အိမ်ကလေးတစ်လုံးထဲမှာ မျက်ရည်လေးတွေဝိုင်းပြီး ငေးကျန်ခဲ့တဲ့အဖေ့ကို ကိုလူအေး လွမ်းနေမိတယ်။ မင်္ဂလာပွဲကြီးပြီးကတည်းက အိမ်ပြန်မရောက်ဖြစ်ခဲ့တာ အချိန်တစ်လပြည့်ခါနီးပြီ။ ဒါကြောင့် ကိုလူအေး အိမ်ပြန်ချင်နေမိတယ်။ အတွေးထဲမှာလဲ စိတ်တိုင်းမကျတဲ့အခါ မျက်လုံးအပြူးသားနဲ့တုံ့ပြန်တတ်တဲ့ နှင်းရည်ရဲ့အမေကို မြင်နေမိပြန်တယ်။

"ဟဲ့ လူအေး နင့်မိန်းမကိုလဲ ဂရုစိုက်အုံး။ ကိုယ်က အိမ်ထောင်ရှင်ဖြစ်နေပြီ။ ကျန်တာတွေ ခေါင်းထဲထည့်ပြီး အချိန်ကုန်ခံမနေနဲ့အေ ကြားလား"

"ဟုတ်ကဲ့ အဒေါ်"

"အမေကလဲ ကိုလူအေးကြီးက သမီးကို ဂရုစိုက်ပါတယ်။ အခုတောင် သမီးချိုးဖို့ ရေခပ်ပေးနေတာ"

စာမျက်နှာ ၂၅ သို့ ➤

# နယ်ပယ်ပေါင်းစုံတွင် ဆက်ဆံရေးတိုးတက်လာသောတရုတ်နှင့် ဗီယက်နမ်

အမေရိကန်သမ္မတဂျိုးဘိုင်ဒင်နှင့်တရုတ်သမ္မတ ရှီကျင့်ဖျင်တို့သည် ဗီယက်နမ်နိုင်ငံသို့ အသီးသီးလာ ရောက်လည်ပတ်ခဲ့ကြသဖြင့် ဗီယက်နမ်နိုင်ငံသည် ၂၀၂၃ ခုနှစ်အတွင်း ကမ္ဘာ့မဟာအင်အားကြီး နှစ် နိုင်ငံမှခေါင်းဆောင်များကို ကြိုဆိုလက်ခံနိုင်ခဲ့သည့် အရှေ့တောင်အာရှရှိ တစ်ခုတည်းသောနိုင်ငံအဖြစ် ရပ်တည်လာနိုင်ခဲ့သည်။

တရုတ်သမ္မတရှီကျင့်ဖျင်သည် နှစ်နိုင်ငံဆက်ဆံ ရေးတွင် သမိုင်းမှတ်တိုင်သစ်စိုက်ထူနိုင်ရန်အတွက် ဒီဇင်ဘာ ၁၂ ရက်မှ ၁၃ ရက်ထိ ဗီယက်နမ်သို့ ချစ်ကြည်ရေးခရီးသွားရောက်ခဲ့သည်။ အမှန်တော့ စက်တင်ဘာ ၁၁ ရက်တွင် ဟနွိုင်းသို့ အမေရိကန် သမ္မတဂျိုးဘိုင်ဒင် လာရောက်လည်ပတ်ခဲ့ပြီး လ အနည်းငယ်အကြာတွင် သမ္မတရှီကျင့်ဖျင်၏ ဗီယက် နမ်ခရီးစဉ်ထွက်ပေါ်လာခြင်းဖြစ်သည်။ သမ္မတဂျိုးဘိုင် ဒင်အနေဖြင့်လည်း ဗီယက်နမ်သို့ရောက်ရှိစဉ် နှစ် နိုင်ငံကြား မဟာဗျူဟာမြောက်မိတ်ဖက်ဆက်ဆံရေး ထူထောင်ဆိုင်ရာ သဘောတူစာချုပ်လက်မှတ်ရေး ထိုးပွဲအခမ်းအနားသို့တက်ရောက်ခဲ့သည်။


တရုတ်သမ္မတ ရှီကျင့်ဖျင်သည် လွန်ခဲ့သော ခြောက်နှစ်အတွင်း ဗီယက်နမ်နိုင်ငံသို့ပထမဆုံးအကြိမ် အဖြစ် သွားရောက်လည်ပတ်ခြင်းဖြစ်ပြီး တတိယ အကြိမ်မြောက် သမ္မတ တာဝန်ထမ်းဆောင်ပြီးနောက် ပြည်ပနိုင်ငံများသို့သွားရောက်သည့် စတုတ္ထမြောက် ခရီးစဉ်လည်းဖြစ်သည်။ သမ္မတရှီကျင့်ဖျင်နှင့်ဇနီးတို့ ဟနွိုင်းမြို့သို့ ရောက်ရှိစဉ် အမြောက် ၂၁ ချက် ပစ်ဖောက်ကာ သောင်းသောင်းဖြဖြကြိုဆိုခဲ့ကြသည်။ သမ္မတရှီကျင့်ဖျင်၏ နှစ်ရက်တာခရီးစဉ်သည် နှစ် နိုင်ငံဆက်ဆံရေးအတွက် သမိုင်းမှတ်တိုင်သစ်တစ်ရပ် စိုက်ထူနိုင်ခဲ့သည်။

တရုတ်နိုင်ငံ၏ ထိပ်တန်းခေါင်းဆောင်သည် ဗီယက်နမ်နိုင်ငံ၏ တော်လှန်ရေးခေါင်းဆောင်ဟိုချီ မင်း၏ ဂူဗိမာန်၌ လွမ်းသူပန်းခွေချကာ အလေးပြု ခဲ့သည်။ ဟိုချီမင်းသည် ၂၀ ရာစုကာလအတွင်း ဆင်နွှဲခဲ့သည့် ကိုလိုနီဆန့်ကျင်ရေးတိုက်ပွဲများ၌ တရုတ်ကွန်မြူနစ်ပါတီ၏ အထောက်အပံ့များကိုများ စွာမှီခိုခဲ့ရသည်။ ထို့နောက် သမ္မတရှီကျင့်ဖျင်သည် ချစ်ကြည်ရေးခရီးစဉ်အတွင်း ဝန်ကြီးချုပ်ဖန်မင်ချင်း၊ ဗီယက်နမ်အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဗောင်ဒင်ဟွေး နှင့် သမ္မတဗိုဗင်သောင်အပါအဝင် ဗီယက်နမ်၏ ထိပ်တန်းခေါင်းဆောင်များနှင့် သီးခြားစီတွေ့ဆုံဆွေး နွေးခဲ့သည်။

ခရီးစဉ်အတွင်း နှစ်နိုင်ငံခေါင်းဆောင်များသည် စာမျက်နှာ ၁၆ မျက်နှာရှိသော ပူးတွဲထုတ်ပြန်ချက် တစ်ရပ်ထုတ်ပြန်နိုင်ခဲ့သည်။ အဆိုပါပူးတွဲထုတ်ပြန် ချက်၌ အိမ်နီးချင်းနှစ်နိုင်ငံသည် နယ်ပယ်အားလုံး တွင် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်သွားရန် ကတိ ကဝတ်ပြုထားသည်။ နှစ်နိုင်ငံသည် တရုတ်- ဗီယက် နမ် မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေးထူထောင် သွားရန်နှင့် သာယာဝပြောသောအနာဂတ်ကို မျှဝေ ခံစားနိုင်ရေးတို့အတွက် နှစ်နိုင်ငံဆက်ဆံရေးကိုတိုးမြှင့် သွားမည်ဖြစ်ကြောင်းလည်း ထုတ်ပြန်ကြေညာခဲ့သည်။

ထို့ပြင်နှစ်နိုင်ငံခေါင်းဆောင်များသည် သက်ဆိုင် ရာနိုင်ငံများ၌ အုပ်ချုပ်သူအစိုးရများကို ဆန့်ကျင်လို သည့် အရောင်အသွေးကိုယ်စားပြုသော ပြုပြင်ပြောင်း လဲလိုသည့်လှုပ်ရှားမှုများနှင့်စပ်လျဉ်း၍ လည်း စိုးရိမ် ပူပန်မိကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။ အထူး သဖြင့် အနောက်တိုင်းနိုင်ငံများမှ ကျောထောက် နောက်ခံပေးထားမှုများကြောင့် အရှေ့ဥရောပနှင့် အရှေ့အလယ်ပိုင်းဒေသတို့တွင် အုပ်ချုပ်သူအစိုးရ များအပေါ် ဆန့်ကျင်တိုက်ခိုက်လျက်ရှိသော ပြုပြင် ပြောင်းလဲရေးလိုလားသည့် လှုပ်ရှားမှုများကိုလည်း ထောက်ပြဝေဖန်ခဲ့သည်။

ဗီယက်နမ်ကွန်မြူနစ်ပါတီခေါင်းဆောင် ငုယင် ဖူထရောင်သည် တိုးတက်လာသော နှစ်နိုင်ငံဆက်ဆံ ရေးကို ကြိုဆိုခဲ့ပြီး ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများ တိုးတက်လာသည့်ကြားတွင် ဗီယက်နမ်-တရုတ် ဆက်ဆံရေးကို ပိုမိုတိုးမြှင့်သွားနိုင်ရန် တိုက်တွန်း ပြောကြားခဲ့သည်။ နှစ်ဖက်စလုံးသည် အပြန်အလှန် လေးစားမှု နှစ်ဦးနှစ်ဖက်အကျိုးဖြစ်ထွန်းစေသော ပူးပေါင်းဆောင်ရွက်မှုများကို အခြေခံလျက် နိုင်ငံရေး ဆိုင်ရာ ယုံကြည်မှုတည်ဆောက်သွားရန်နှင့် အပြန် အလှန်ဆက်ဆံရေးတိုးမြှင့်သွားရန်လည်း သဘော



တူညီခဲ့ကြသည်။

သို့သော် ဗီယက်နမ်နိုင်ငံက တောင်တရုတ် ပင်လယ်တွင် ကာလရှည်ကြာဖြစ်ပေါ်လျက်ရှိသည့် ပင်လယ်ရေကြောင်းဆိုင်ရာ အငြင်းပွားမှုများနှင့်စပ် လျဉ်း၍ တစ်နိုင်ငံချင်းစီ၏ လွတ်လပ်မှု၊ အချုပ်အခြာ အာဏာနှင့် နယ်မြေပိုင်ဆိုင်မှုတို့ကို လေးစားတန်ဖိုး ထားရန် အခိုင်အမာတိုက်တွန်းပြောဆိုသွားခဲ့သည်။ ထို့ကြောင့် တရုတ်နှင့်ဗီယက်နမ်တို့သည် တောင် တရုတ်ပင်လယ်ရှိ Tonkin ပင်လယ်ကွေ့၌ ပူးတွဲစစ် ရေးလှေ့ကျင့်မှုလုပ်ဆောင်သွားရန်နှင့် ပင်လယ်ပြင်၌ ငါးဖမ်းလုပ်ငန်းများ လုပ်ဆောင်ရာမှ မမျှော်မှန်းနိုင် သောဖြစ်စဉ်များ ဖြစ်ပွားလာနိုင်မှုနှင့်စပ်လျဉ်း၍ အရေးပေါ်ဖုန်းလိုင်းထူထောင်ခြင်းအားဖြင့် နှစ်နိုင်ငံ စစ်ဘက်ကြား ဆက်သွယ်ဆောင်ရွက်မှုတိုးမြှင့်သွား ရန် သဘောတူညီခဲ့ကြသည်။

ဗီယက်နမ်နိုင်ငံအနေဖြင့် နိုင်ငံပေါင်းစုံနှင့်မဟာ ဗျူဟာမြောက်ဆက်ဆံရေးထူထောင်ရန်ကြိုးပမ်းလျက် ရှိသောကြောင့် ဗီယက်နမ်ခေါင်းဆောင်များသည် သမ္မတရှီကျင့်ဖျင်၏ ခရီးစဉ်မတိုင်မီ ဂျပန်နှင့်အမေရိ ကန်နိုင်ငံတို့သို့ ချစ်ကြည်ရေးခရီးသွားရောက်ခဲ့သေး သည်။ ဗီယက်နမ်သမ္မတ ဗိုဗင်သောင်သည် နိုဝင်ဘာ ၂၇ ရက်မှ ၃၀ ရက်ထိ ဂျပန်နိုင်ငံသို့ ချစ်ကြည်ရေးခရီး ရောက်ရှိခဲ့သည်။ သမ္မတဗိုဗင်သောင်သည် နိုဝင်ဘာ ၂၉ ရက်တွင် ဂျပန်လွှတ်တော်၌ မိန့်ခွန်းပြောကြား စဉ် အင်ဒို-ပစိဖိတ်ဒေသနှင့်အာရှ-ပစိဖိတ်ဒေသတို့ တွင် ဂျပန်၏ တက်ကြွစွာပါဝင်လာမှုနှင့်အရေးပါ သော အခန်းကဏ္ဍတို့ကို ကြိုဆိုထောက်ခံပြောကြား သွားခဲ့သည်။ ထို့ပြင် ဂျပန်နိုင်ငံကိုလည်း ဗီယက်နမ်၏ အရေးပါဆုံးသောမိတ်ဖက်နိုင်ငံအဖြစ် ဖော်ညွှန်းပြော ဆိုခဲ့ပြီး ဂျပန်ဝန်ကြီးချုပ် ဖူမိယိုကီရှီဒါနှင့်အတူ ပြီး ပြည့်စုံသော မဟာဗျူဟာမြောက်ဆက်ဆံရေးလက်မှတ် ရေးထိုးပွဲအခမ်းအနားသို့ တက်ရောက်ခဲ့သည်။

အလားတူ အင်ဒို-ပစိဖိတ်ဒေသတွင် တရားဝင် လုံခြုံရေးအထောက်အပံ့အစီအစဉ်စတင်ဆောင်ရွက် လျက် ရှိသည့် ဂျပန်နိုင်ငံကလည်း ဗီယက်နမ်နိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုများတိုးမြှင့်ဆောင်ရွက်သွားရန်အပြင် ဟနွိုင်း၏ ပင်လယ်ရေကြောင်းဆိုင်ရာ စွမ်းဆောင် ရည်များတိုးမြှင့်ရာတွင်လည်း ပံ့ပိုးကူညီသွားမည်ဖြစ် ကြောင်း ကတိကဝတ်ပြုခဲ့သည်။

ထို့ပြင် ဗီယက်နမ်သမ္မတသည် နိုဝင်ဘာ ၁၃ ရက်မှ ၁၄ ရက်ထိ အာရှ-ပစိဖိတ် စီးပွားရေးပူးပေါင်း ဆောင်ရွက်မှု (APEC) ဖိုရမ်၏ဘေးပန်းဆွေးနွေးပွဲ တက်ရောက်ရန်အတွက် ဆန်ဖရန်စစ္စကိုသို့ရောက်ရှိ ခဲ့ပြီး လွန်ခဲ့သော ဆယ်စုနှစ်အတွင်း အမေရိကန်- ဗီယက်နမ်ဆက်ဆံရေး အလျင်အမြန်တိုးတက်ပြောင်း လဲလာမှုအပေါ် ထုတ်ဖော်ချီးကျူးပြောကြားခဲ့သည်။ အလားတူ စက်တင်ဘာလအတွင်း ဘိုင်ဒင်၏ ဗီယက် နမ်ခရီးစဉ်အတွင်း၌လည်း နှစ်နိုင်ငံခေါင်းဆောင်များ သည် တစ်ပိုင်းလျှပ်ကူးပစ္စည်းထုတ်လုပ်ရေးအပါ အဝင် စစ်ရေး၊ စီးပွားရေးနှင့်နည်းပညာနယ်ပယ်တို့ တွင် ပူးပေါင်းဆောင်ရွက်သွားရန်အပြင် နှစ်နိုင်ငံ ဆက်ဆံရေးကို မဟာဗျူဟာမြောက်ဆက်ဆံရေးသို့ တိုးမြှင့်သွားရန်လည်း သဘောတူညီခဲ့ကြသည်။

ဗီယက်နမ်နိုင်ငံအနေဖြင့် အခြားတစ်ဖက်တွင် လည်း သမိုင်းဝင်မိတ်ဖက်နိုင်ငံဖြစ်သည့် ရုရှားနိုင်ငံ နှင့် ဒေါ်လာဘီလီယံများစွာတန်ဖိုးရှိသော ကာကွယ် ရေးပစ္စည်းများဝယ်ယူရေးအတွက် သဘောတူစာချုပ် များချုပ်ဆိုထားရှိပြီးဖြစ်သည်။ ထို့ကြောင့် နိုင်ငံ ပေါင်းစုံနှင့် မဟာဗျူဟာမြောက်မိတ်ဖက်ဆက်ဆံရေး များထူထောင်ထားရှိသော ဗီယက်နမ်နိုင်ငံသည် လက်ရှိအချိန်တွင် တရုတ်နိုင်ငံနှင့်ထိတွေ့ဆက်ဆံရာ ၌ ယုံကြည်မှုပိုမိုခိုင်မာလာပြီဖြစ်သည်။

သို့သော် ဗီယက်နမ်ခေါင်းဆောင်များသည် စီးပွား ရေးအလျင်အမြန်တိုးတက်လာမှုနှင့်အတူ ပြည်တွင်း၌ အနောက်တိုင်းဝါဒဇဟိုပြုသည့် လူလတ်တန်းစားများ ထွက်ပေါ်လာမှုအပေါ်တွင်လည်း စိုးရိမ်ပူပန်နေသည်။ ထို့ပြင် အနောက်တိုင်းအင်အားကြီးနိုင်ငံများနှင့် ဆယ်စု နှစ်များစွာကြာ ပဋိပက္ခဖြစ်ပွားခဲ့သော ဗီယက်နမ်၏ ကွန်မြူနစ်ခေါင်းဆောင်များသည် အမေရိကန်အလွန် ကမ္ဘာ့အခင်းအကျင်းတည်ဆောက်ရေး တရုတ်နိုင်ငံ၏ ကြိုးပမ်းမှုအပေါ် ကျယ်ကျယ် ပြန့်ပြန့်ထောက်ခံလျက်ရှိ သည်။ ယူကရိန်းအရေးနှင့် ဂါဇာ-အစ္စရေးပဋိပက္ခတွင် လည်း ဟနွိုင်း၏ တရားဝင်ရပ်တည်ချက်သည် ပေကျင်း၏ရပ်တည်ချက်နှင့် တူညီလျက်ရှိသည်။

သမ္မတရှီကျင့်ဖျင်က နှစ်နိုင်ငံအနေဖြင့် အာရှ-ပစိ ဖိတ်ဒေသတွင် ရှုပ်ထွေးမှုဖြစ်လာနိုင်သည့် ကြိုးပမ်း လာမှုမှန်သမျှကို သတိထားစောင့်ကြည့်ကာ ကန့်ကွက် သွားရမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံတကာ ရေးရာများတွင် ပိုမိုပူးပေါင်းဆောင်ရွက်သွားသင့် ကြောင်းပြောကြားသွားခဲ့သည်။ ထို့ပြင် သမ္မတရှီကျင့် ဖျင်က တရုတ်(တိုင်ပေ)အရေးနှင့်စပ်လျဉ်း၍ ဗီယက် နမ်နိုင်ငံ၏ ထောက်ခံမှုနှင့် တရုတ်နိုင်ငံပြန်လည်ပေါင်း စည်းရေးကြိုးပမ်းမှုတွင် ပြင်ပမှဝင်ရောက်စွက်ဖက်မှု များကိုတွန်းလှန်နေရသည့် မိမိတို့ကို ဟနွိုင်းမှ ဆက် လက်ထောက်ခံနေမည်ဟုလည်း ယုံကြည်ပါကြောင်း ထပ်လောင်းပြောကြားသွားခဲ့သည်။

ဗီယက်နမ်ဝန်ကြီးချုပ်ဖန်မင်ချင်းကလည်း ဗီယက် နမ်နိုင်ငံအနေဖြင့် တရုတ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှု များ၊ နိုင်ငံတကာအသိုက်အဝန်းတွင် အရေးပါသော ပူးပေါင်းပါဝင်ဆောင်ရွက်မှုများဖြင့် အဓိကကျသော နိုင်ငံအဖြစ် ရပ်တည်လာမှု၊ ကမ္ဘာကြီးတွင်ငြိမ်းချမ်းမှု၊ ပူးပေါင်းဆောင်ရွက်မှုနှင့်ဖွံ့ဖြိုးတိုးတက်မှုများ ဖော် ဆောင်နေသည့် သမ္မတရှီကျင့်ဖျင်၏ကြိုးစားလုပ်ဆောင် မှုများကိုလည်း အစဉ်တစိုက်ကူညီသွားရန် အခိုင် အမာဆုံးဖြတ်ထားကြောင်း ပြောကြားသွားခဲ့သည်။

မည်သို့ပင်ဆိုစေ တရုတ်-ဗီယက်နမ် နှစ်နိုင်ငံ အကြားပူးပေါင်းဆောင်ရွက်မှု ပိုမိုခိုင်မြဲစေသော အရင်းခံအကြောင်းတရားသည် စီးပွားရေးလုပ်ငန်း များပင်ဖြစ်သည်။ ဗီယက်နမ်နိုင်ငံသည်ကုန်ထုတ်လုပ် မှုစွမ်းအားမြင့်တက်လာလျက်ရှိသောကြောင့် တရုတ် နိုင်ငံ၏ ကုန်ကြမ်းပစ္စည်းများ၊ အရင်းအနှီးနှင့်နည်း ပညာများကို မှီခိုအားထားရလျက်ရှိသည်။ စင်စစ် အားဖြင့် ဗီယက်နမ်နိုင်ငံ၏ ပြည်ပပို့ကုန်အများစုတွင် တရုတ်အစိတ်အပိုင်းများ ပါဝင်လျက်ရှိသောကြောင့် ဟနွိုင်း၏ စီးပွားရေးတိုးတက်မှုကို အထောက်အကူ ဖြစ်စေလျက်ရှိသည်။ တရုတ်နိုင်ငံအတွက်မူ ဗီယက် နမ်နိုင်ငံသည် အနောက်နိုင်ငံများ၏ ပိတ်ဆို့မှုကို ရှောင်ရှားရာ၌ အရေးပါသော ပလက်ဖောင်းတစ်ခု အဖြစ် သယ်ပိုးလျက်ရှိသည့်အပြင် ကမ္ဘာလုံးဆိုင်ရာ အရောင်းကွင်းဆက်ကျဆင်းလာမှုမှလည်း ဟန့်တား ပေးလျက်ရှိသည်။

ထို့ပြင် ပူးတွဲထုတ်ပြန်ချက်၌ နှစ်နိုင်ငံသည် အခြေခံအဆောက်အအုံများ ချိတ်ဆက်မှုတိုးမြှင့်သွား ရန်အပြင် ဒစ်ဂျစ်တယ်အချက်အလက်ပူးပေါင်း ဆောင်ရွက်သွားရန်လည်း ကတိကဝတ်ပြုထားသည်။ သမ္မတ ရှီကျင့်ဖျင်သည် ရထားလမ်းနှင့် အရေးပါသော အခြေခံအဆောက်အအုံများတွင် ရန်ပုံငွေထူထောင် ပေးသွားမည်ဖြစ်ကြောင်း ကမ်းလှမ်းခဲ့သည်။ အထူး သဖြင့် တရုတ်နိုင်ငံတောင်ပိုင်းကူမင်းမြို့နှင့် ဗီယက် နမ်၏ မြောက်ပိုင်း Haipong ဆိပ်ကမ်းတို့ကြား ချိတ်ဆက်နိုင်ရေးအတွက် ရန်ပုံငွေထူထောင်ပေးသွား မည်ဖြစ်ကြောင်း ကမ်းလှမ်းခဲ့သည်။

ဆိုရလျှင် သမ္မတရှီကျင့်ဖျင်၏ ဗီယက်နမ်ခရီးစဉ် အတွင်း နှစ်နိုင်ငံသည် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ သဘောတူညီချက် (၃၆) ခုကို လက်မှတ်ရေးထိုးနိုင်ခဲ့ သည်။ မည်သို့ပင်ဆိုစေ ဝင်ငွေမြင့်မားသောနိုင်ငံအဖြစ် ရပ် တည်နိုင်ရန် စိတ်အားထက်သန်လျက်ရှိသည့် ဗီယက်နမ်နိုင်ငံသည် နှစ်နိုင်ငံကြားတိုးတက်လျက် ရှိသော စီးပွားရေးနှင့်ရင်းနှီးမြှုပ်နှံမှုများကို ဆက်လက် ထိန်းသိမ်းထားရှိနိုင်ရန်အလို့ငှာ တရုတ်နိုင်ငံနှင့် ဆက်ဆံရေးကို လက်တွေ့ကျကျ ဖော်ဆောင်နိုင်ရေး ဆက်လက်ကြိုးပမ်းသွားဖွယ်ရာရှိကြောင်း သုံးသပ် တွေ့ရှိရပါသည်။

**ကိုးကား**

- **Vietnam's bamboo diplomacy with China By Asia Times.**

**ဝင်းဇင်(သုတေသန)**

# ယခုဘဏ္ဍာနှစ် နိုဝင်ဘာလတွင် အမေရိကန်ဒေါ်လာ ၁၀ သန်းကျော်တန်ဖိုးရှိ ပြောင်းတန်ချိန် ၄၄၀၀၀ ကျော် တင်ပို့ရောင်းချနိုင်ခဲ့



**နေပြည်တော် ဒီဇင်ဘာ ၂၃**

ယခုဘဏ္ဍာနှစ် နိုဝင်ဘာလတွင်အမေရိကန်ဒေါ်လာ ၁၀သန်းကျော်တန်ဖိုးရှိ ပြောင်းတန်ချိန် ၄၄၀၀၀ ကျော် တင်ပို့ရောင်းချပေးခဲ့ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန သတင်းများအရ သိရသည်။

မြန်မာနိုင်ငံမှ ပြောင်းသီးနှံကို ပြည်ပဖောက်သည် ဈေးကွက်နိုင်ငံများသို့ တင်ပို့ရောင်းချပေးရာတွင် ပင်လယ်ရေကြောင်းကုန်သွယ်ရေးလမ်းကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းက တင်ပို့ရောင်းချပေးနေကြောင်း၊ ထိုသို့ တင်ပို့ရောင်းချပေးရာ၌ ယခုဘဏ္ဍာနှစ် နိုဝင်ဘာလတွင် ပင်လယ်ရေကြောင်း ကုန်သွယ်ရေးလမ်းကြောင်းက အမေရိကန်ဒေါ်လာ ၇ ဒသမ ၆၀၁ သန်း တန်ဖိုးရှိ ပြောင်း ၃၁၃၈၉ တန်၊ နယ်စပ်ကုန်သွယ်ရေး လမ်းကြောင်းက အမေရိကန်ဒေါ်လာ ၃ ဒသမ ၃၉ သန်းတန်ဖိုးရှိ ပြောင်း ၁၂၉၈၈ တန် စုစုပေါင်း အမေရိကန်ဒေါ်လာ ၁၀ ဒသမ ၉၉၁ သန်းတန်ဖိုးရှိ ပြောင်း ၄၄၃၇၇ တန်တင်ပို့ရောင်းချပေးခဲ့ကြောင်း သိရသည်။

ပြောင်းကို ပင်လယ်ရေကြောင်းကုန်သွယ်ရေးလမ်းကြောင်းက တင်ပို့ရောင်းချပေးရာတွင် ဖိလစ်ပိုင်နိုင်ငံသို့ ပြောင်းတန်ချိန် ၃၁၁၇၀၊ တရုတ်(တိုင်ပေ)သို့ ပြောင်းတန်ချိန် ၁၉၀ ကျော်နှင့်စင်ကာပူနိုင်ငံသို့ ပြောင်း၂၉ တန် စုစုပေါင်း ပြောင်း ၃၁၃၈၉ တန် တင်ပို့ရောင်းချပေးခဲ့ကြောင်း သိရသည်။

ထို့အတူ နယ်စပ် ကုန်သွယ်ရေးလမ်းကြောင်းက တင် ပို့ရောင်းချပေးရာတွင် တရုတ်နိုင်ငံသို့ ပြောင်းတန်ချိန် ၁၂၀၀၀ နှင့် ထိုင်းနိုင်ငံသို့ ပြောင်း ၉၈၈ တန် စုစုပေါင်း ပြောင်း ၁၂၉၈၈ တန် တင်ပို့ ရောင်းချပေးခဲ့ကြောင်း သိရသည်။

လက်ရှိတွင် မြန်မာနိုင်ငံ၌ ပြောင်းစိုက်ဧက ၁ ဒသမ ၂ သန်းခန့်ထိရှိပြီး တန်ချိန် ၂ ဒသမ ၆ သန်းကျော်ထွက်ရှိကာ မြန်မာ့ထွက်ကုန်ပြည်ပတင်ပို့မှုများအနက် ဆန်ပြီးလျှင် ဒုတိယအများဆုံးနိုင်ငံခြားဝင်ငွေရရှိသည့် ကုန်စည်လည်းဖြစ်ကြောင်း၊ ပြောင်းသီးနှံကို ထိုင်းနိုင်ငံ၊ တရုတ်နိုင်ငံ၊ ဗီယက်နမ်နိုင်ငံ၊ စင်ကာပူနိုင်ငံ၊ အိန္ဒိယနိုင်ငံနှင့် ဖိလစ်ပိုင်နိုင်ငံတို့သို့ တင်ပို့ရောင်းချပေးနေကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။

SKL

# တောင်တွင်းကြီးမြို့နယ် ငါန်းကျကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**တောင်တွင်းကြီး ဒီဇင်ဘာ ၂၃**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ငါန်းကျကျေးရွာနှင့် တဲကြီးကုန်းကျေးရွာတို့အတွက် ပဉ္စမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို ဒီဇင်ဘာ ၂၂ ရက် နံနက်ပိုင်းက ငါန်းကျကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခုတ်မွန်းလျှန်က ကျေးရွာရှိ ရပ်မိရပ်ဖများ၊မြစိမ်းရောင်အသင်းသားအသင်းသူများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်တွေ့ဆုံကာ မြစိမ်းရောင် ကျေးရွာစီမံကိန်း၏ ရည်ရွယ်ချက်များ၊ စီမံကိန်း ဆောင်ရွက်ရခြင်း၏ အကျိုးကျေးဇူးများ လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန စီမံကိန်းတာဝန်ခံဝန်ထမ်းများက အတိုးနှုန်းနှင့်ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး ငါန်းကျကျေးရွာနှင့် တဲကြီးကုန်းကျေးရွာ မြစိမ်းရောင် ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၃၉၈ သိန်းလွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် မြို့နယ်ဦးစီးမှူး ဦးခုတ်မွန်းလျှန်နှင့်တာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ငါန်းကျကျေးရွာနှင့် တဲကြီးကုန်းကျေးရွာတွင် ပဉ္စမအကြိမ်အဖြစ်စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ဦးရေ ၇၀ ကို ငွေကျပ် ၂၀၆ သိန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၇၂ ဦးကို ငွေကျပ် ၁၈၅ သိန်း၊ အရောင်းအဝယ်လုပ်ငန်းများ လုပ်ကိုင်သူ နှစ်ဦးကို ငွေကျပ် ခုနစ်သိန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၄၄ ဦးကို ရန်ပုံငွေကျပ် ၃၉၈ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**နွဲ့ယဉ်**

# မုံရွာမြို့နယ်တွင် စားဖိုဆောင်သီးနှံ ၈၁၆၂ ဧက စိုက်ပျိုးပြီးစီး

**မုံရွာ ဒီဇင်ဘာ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် မုံရွာမြို့နယ်တွင် ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံ ၈၁၆၂ ဧကစိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း မုံရွာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မုံရွာမြို့နယ်တွင် စားဖိုဆောင်သီးနှံ ၇၂၉၇ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ်အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၈၁၆၂ ဧက စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

"စားဖိုဆောင်သီးနှံ အနေနဲ့ အထွက်နှုန်းကောင်းမွန်အောင် ပံ့ပိုးလုပ်မယ်။ စားဖိုဆောင်သီးနှံတွေရဲ့ကုန်ကျစရိတ်ကို လျှော့ချနိုင်ရေးလုပ်မယ်။ စားဖိုဆောင်သီးနှံဖြစ်တဲ့အတွက် ဘေးအန္တရာယ်ကင်းရှင်းအောင် GAP စိုက်နည်းစနစ်တွေ နည်းပညာပေးနေပါတယ်။ အဲဒါတွေကတော့ ဦးစားပေးဆောင်ရွက်နေတယ်။ ဒီနှစ် စားဖိုဆောင်သီးနှံအနေနဲ့ စိုက်ပျိုးမှုကတော့ တိုးတက်တယ်"ဟု မုံရွာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးသက်အောင်က ပြောပြသည်။



ယခုနှစ်မုံရွာမြို့နယ်တွင် စားဖိုဆောင်သီးနှံစိုက်ပျိုးပြီးစီးမှုအနေဖြင့် ငရုတ် ၄၂၈ ဧက၊ကြက်သွန်နီ ၇၆၁၄ ဧက၊ ကြက်သွန်ဖြူ ဧက ၁၂၀ စုစုပေါင်း ၈၁၆၂ ဧကတို့ဖြစ်ကြောင်း၊ လျာထားမှုအနေဖြင့် ငရုတ် ၆၁၂ ဧက၊ ကြက်သွန်နီ ၆၃၃၅ ဧက၊ ကြက်သွန်ဖြူ ဧက ၃၅၀ စုစုပေါင်း ၇၂၉၇ ဧကတို့ဖြစ်ကြောင်း သိရသည်။

ယခုနှစ် မုံရွာမြို့နယ်တွင် စားဖိုဆောင်သီးနှံ စိုက်ပျိုးတောင်သူများ အနေဖြင့် သီးနှံအထွက်နှုန်းကောင်းရန်၊ ဈေးကွက်လည်း ရရှိအောင် စိုက်ပျိုးနည်းစနစ် နည်းပညာပေးခြင်း၊ ပိုးမွှားကာကွယ်နှိမ်နင်းရန် နည်းပညာပေးခြင်း၊ မြေဆီလွှာအာဟာရဖွံ့ဖြိုးတိုးတက်ရန် နည်းပညာပေးခြင်းတို့ကို ခရိုင်၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများက ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(၂၀၆)

# ကန့်ကြီးထောင့်မြို့နယ်၌ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု လျှပ်စစ်သံဂဟေဆက်သင်တန်းဖွင့်

**ကန့်ကြီးထောင့် ဒီဇင်ဘာ ၂၃**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကန့်ကြီးထောင့်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ တစ်ဖက်တစ်လမ်းမှ မိသားစုဝင်ငွေတိုးစေပြီး အလုပ်အကိုင်ရရှိစေရန် ရည်ရွယ်၍ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု လျှပ်စစ်သံဂဟေဆက် သင်တန်းဖွင့်ပွဲကို ဒီဇင်ဘာ ၂၂ ရက် နံနက် ၁၀ နာရီက အဆိုပါ ဦးစီးဌာန၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဧရာဝတီတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်အမာလွင်က အမှာစကားပြောကြားခဲ့သည်။

ထို့နောက် ပုသိမ်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးထွန်းမင်းလွင်က ကျေးလက်နေပြည်သူများ တစ်ဖက်တစ်လမ်းမှ မိသားစုဝင်ငွေတိုးစေပြီး အလုပ်အကိုင် ရရှိစေရေးအတွက် ရည်ရွယ်၍ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု လျှပ်စစ်သံဂဟေဆက်သင်တန်းကို ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း၊ သင်တန်းသားများအနေဖြင့် သင်တန်းမှရရှိသော အတတ်ပညာများကို သင်ယူပြီး မိမိတို့ဘဝတိုးတက်ရာ တိုးတက်ကြောင်းအတွက် လက်တွေ့နယ်ပယ်တွင် အကောင်အထည်ဖော်ဆောင်ရွက်ပြီး မိသားစုစီးပွားရေးကို အထောက်အပံ့ပေးနိုင်အောင် ကြိုးစားသင်ယူကြရန်ပြောကြားခဲ့သည်။

အဆိုပါသင်တန်းသို့ မြို့နယ်တွင်းရှိ ကျေးရွာ ခြောက်ရွာမှ သင်တန်းသား၊ သင်တန်းသူ ၁၅ ဦး တက်ရောက်ပြီး သင်တန်းကာလမှာ ဒီဇင်ဘာ ၂၂ ရက်မှ ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၁၆ ရက်ထိ ကျွမ်းကျင်သင်တန်းနည်းပြများက စာတွေ့၊ လက်တွေ့ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**တေဇလင်း**

# မင်းလှမြို့နယ် စိန်ကန့်လန့်ကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**မင်းလှ ဒီဇင်ဘာ ၂၃**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ သန့်ရှင်းသော သောက်သုံးရေလုံလောက်စွာရရှိစေရန် ရည်ရွယ်၍ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် စိန်ကန့်လန့်ကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ဒီဇင်ဘာ ၂၂ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းမြင့်ထွန်းနှင့် ဝန်ထမ်းများသည် ကုမ္ပဏီမှ တာဝန်ရှိသူများ၊ ကျေးရွာသောက်သုံးရေရရှိရေးကော်မတီဝင်များနှင့်အတူ စိန်ကန့်လန့်ကျေးရွာ၌ ရေရရှိရေးလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး မြို့နယ်ဦးစီးမှူး ဦးဝင်းမြင့်ထွန်းက လုပ်ငန်း အချိန်မီပြီးစီးရေး၊ ရေထွက်နှုန်း ကောင်းမွန်စေရေး၊ သတ်မှတ်စံချိန်စံညွှန်းများအတိုင်း အလေးထားဆောင်ရွက်ရန် ဆွေးနွေးမှာကြားခဲ့သည်။

အဆိုပါ စိန်ကန့်လန့်ကျေးရွာ၌ ရေရရှိရေးလုပ်ငန်းကို မင်းလှမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အကျယ် လေး ဒသမ ငါးလက်မ၊ အနက်ပေ ၂၀၀ ရှိ စက်ရေတွင်းတူးဖော်ခြင်း၊ ဂါလန် ၂၄၀၀ ဆံ့ရေစုကန်တည်ဆောက်ခြင်းလုပ်ငန်းများကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၁၂ ဒသမ ၀၄၇၅ သန်းဖြင့် ပျူတိုင်းသား ကုမ္ပဏီက တာဝန်ယူ၍ ယခုနှစ် ဇွန် ၇ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၉၈ ရာခိုင်နှုန်းကျော် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**သန်းသန်းစိုး**

ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

ငရုတ်သီး၊ ငရုတ်ကောင်းတို့၏ အပူဓာတ်သည် သွေးလည်ပတ်စီးဆင်းမှုကိုအားကောင်းစေပြီး အသက်ရှူလမ်းကြောင်းအတွင်း ရောဂါပိုးများဝင်ရောက်ခြင်းကို တိုက်ထုတ်ပေးသည်။



# ဇီဝဇိုးငှက်တို့၏ သဘာဝနှင့် ငှက်သိုက်အသုံးဝင်ပုံ

**နှင်းအိ(ရာမည‌မြေ)**

ငှက်သိုက်သည် ပျံလွှားငှက်တစ်မျိုးတွင် ပါဝင်သည့် ငှက်များက အန်ဖတ်ဖြင့်ပြုလုပ်သော အသိုက်ဖြစ်ပြီး တန်ဖိုးကြီးမားသော ဓာတ်စာဖြစ်သည်။ မိုးစာငှက်၊ ဖြီးလဲငှက်၊ ဇီဝဇိုးငှက်များမှ ငှက်သိုက်ကိုထုတ်ယူရရှိနိုင်၏။ မြန်မာနိုင်ငံတွင် ငှက်သိုက်ကို ဇီဝဇိုးငှက်မှသာရရှိသည်။ ဇီဝဇိုးငှက်များ၏ တံတွေးဂလင်းမှ စစ်ထုတ်လိုက်သော တံတွေးရည်များနှင့် အစာရည်တချို့ဖြစ်ပြီး အသိုက်ဆောက်ရန်ရွေးချယ်ထားသော နေရာတွင် တံတွေးထွေးကာ ၎င်းတံတွေးများသည် လေနှင့်ထိတွေ့သည့်အခါ မာကျောလာပြီး ငှက်သိုက်ဖြစ်လာခြင်းဖြစ်သည်။ ဇီဝဇိုးငှက်မှ အမည်းရောင်ငှက်သိုက်နှင့် အဖြူရောင်ငှက်သိုက် နှစ်မျိုးရရှိသည်။ အမည်းရောင်ငှက်သိုက်ကို Collocalia innominata ဆိုသည့် ဇီဝဇိုးငှက်မှရရှိပြီး အဖြူရောင်ငှက်သိုက်ကို Collocalia fuciphaga ဆိုသည့် ဇီဝဇိုးငှက်မှ ရရှိသည်။

ဇီဝဇိုးငှက်များသည် လူသူမနီးသော တောင်၊ ပင်လယ်၊ ကျွန်းများရှိ ကျောက်ဆောင်၊ လိုဏ်ဂူများတွင် အများဆုံးနေထိုင်လျက်ရှိပြီး လေထဲရှိ ပိုးမွှားများကို ပျံသန်းရင်း ဖမ်းယူစားသောက်တတ်သောကြောင့် "လေစားငှက်"ဟုပင် ခေါ်ဆိုကြသည်။ ဇီဝဇိုးငှက်များသည် လင်းနို့၊ စွန်၊ သိန်းငှက်၊ ကြွက်၊ မြွေနှင့် တောက်တဲ့များ၏ အစာဖြစ်သောကြောင့် ၎င်းတို့ရန်မှ ကာကွယ်ပေးရန်အတွက် ငှက်သိုက်တည်ရှိရာ အနီးအနားရှိ သစ်ပင်အကိုင်းအခက်များကို ရှင်းလင်းခြင်း၊ ငှက်သိုက်ကြိုးဝိုင်းချခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

**ငှက်သိုက်ငှက် သို့မဟုတ် ဇီဝစိုး**

ငှက်မျိုးစိတ်များစွာထဲမှ ဇီဝဇိုးငှက်သည် စိတ်ဝင်စားဖွယ်အကောင်းဆုံး စာရင်းတွင်ပါရှိသည်။ ပြင်ပအကူအညီမယူဘဲ လျှာအောက်ရှိ တံတွေးကျိတ်တစ်စုံမှထွက်သည့် စစ်ထုတ်ရည်တစ်မျိုးဖြင့် အသိုက်လုပ်ခြင်းဖြစ်သည်။ ဇီဝဇိုးငှက်တစ်ကောင်၏သက်တမ်းမှာ ကိုးနှစ်မှ ၁၅ နှစ်ခန့်ရှိသည်။ ဥစတင်ဥပြီး ဖို၊ မ တစ်လှည့်စီ ဝပ်ပေးရာမှ ၂၁ ရက်မှ ၂၉ ရက်အတွင်း အကောင်ပေါက်သည်။ အရွယ်ရောက်ပြီး ဇီဝဇိုးငှက်တစ်ကောင်၏အရွယ်အစားမှာ စာကလေးတစ်ကောင်အရွယ်ရှိသော်လည်း တောင်ပံဖြန့်လိုက်လျှင် ဆက်ရက်တစ်ကောင် တောင်ပံဖြန့်ထားသည့်အရွယ်နှင့်ညီမျှသည်။ တောင်ပံတစ်ဖက်စီလျှင် လေးလက်မခန့်ရှိပြီး တစ်နာရီ ပျံသန်းနှုန်းမှာ ကီလိုမီတာ ၁၄၀ မှ ကီလိုမီတာ ၁၇၀ ထိရှိသည်။ တစ်ကြိမ်လျှင် နာရီ ၄၀ မျှ မနားတမ်းပျံသန်းနိုင်သည်။

ကမ္ဘာပေါ်တွင် ငှက်သိုက်ငှက် ၁၇ မျိုးရှိသည့်အနက် မြန်မာနိုင်ငံတွင် နှစ်မျိုးသာတွေ့ရှိရပြီး တနင်္သာရီကမ်းရိုးတန်းရှိ ကျွန်းများပေါ်တွင် သဘာဝအလျောက် နေထိုင်ကျက်စားသော်လည်း ယခုအခါ ပင်လယ်နှင့်နီးကပ်သော အရပ်ဒေသတွင်လည်း ငှက်အော်သံခေါ်သော ခေတ်မီစက်များဖြင့် ခေါ်ယူမွေးမြူလျက်ရှိသည်။ ဇီဝဇိုးငှက်အမများသည် ဖေ‌ဖော်ဝါရီ ၁၅ ရက်မှ ဇွန် ၃၀ ရက်ထိ ဥဥပြီး ငှက်သိုက်ဆွတ်ခူးချိန်ကို ဥစတင် ဥချိန်မှ နှစ်လခွဲ၊ သုံးလထိ အနားပေးကြသည်။ ဩဂုတ် ၁ရက်မှ နိုဝင်ဘာ ၂၀ ရက်ထိ ငှက်သိုက်ကျွန်းများကို နိုင်ငံတော်က ထိန်းသိမ်းဆောင်ရွက်လျက်ရှိသည်။ ငှက်တစ်ကောင်သည် တစ်နှစ်လျှင် နှစ်ကြိမ် ဥဥ သားမွေး၊ လေးကြိမ်ခန့် ငှက်သိုက်ဆွတ်ခူးသည်။ ဇီဝဇိုးဟုခေါ်ရခြင်းမှာ ဇီဝ = အသက်၊ စိုး= အစိုးရခြင်း။ ထို့ကြောင့် ဇီဝစိုး = အသက်ကိုအစိုးရခြင်း အဓိပ္ပာယ်ဖြစ်သည်။ အသက်ရှည်စေသောဆေးဟု ဆိုကြသည်။

**ငှက်သိုက်ထွက်ရှိရာဒေသများ**

မြန်မာနိုင်ငံတွင် ငှက်သိုက်များကို ထားဝယ်ကမ်းခြေအနီးရှိ ကျွန်းများ၊ မြိတ်ကျွန်းစု၊ ပုသိမ်မြို့အနောက်တောင်ဘက်ရှိ ကျွန်းများတွင်တွေ့ရ၏။ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ငှက်သိုက်ကျွန်းပေါင်း ၃၂ ကျွန်းမှ အဖိုးတန်ငှက်သိုက်များ ထွက်ရှိသည်။ မြိတ်ကျွန်းစုရှိ ငှက်သိုက်များကို ပုလောမြို့နယ်ရှိ မလိကျွန်း၊ ကျွန်းစုမြို့နယ်ရှိ ရေအေးကျွန်းစု၊ ဘုတ်ပြင်းမြို့နယ်ရှိ ပုလုတိကျွန်းစု၊ ကော့သောင်းမြို့နယ်ရှိ ကဆိုင်းလှနှင့် ကော့ငန်းကျွန်းစုတို့မှရရှိ၏။ ၎င်းကျွန်းစုများအနက် မလိကျွန်းမှ ငှက်သိုက်အများဆုံးရရှိသည်။ မြန်မာနိုင်ငံ၌ရရှိသော ငှက်သိုက်မှာ ဇီဝဇိုးငှက်မျိုးကလုပ်သော ငှက်သိုက်ဖြစ်သည်။ ငှက်သိုက်ကို ထားဝယ်ကမ်းခြေအနီးရှိ ကျွန်းများ၊ မြိတ်ကျွန်းစု၊ ပုသိမ်မြို့အနောက်တောင်ဘက်ရှိ ကျွန်းများတွင်လည်း တွေ့ရသည်။

**ငှက်သိုက်များပြုလုပ်ပုံ**

ငှက်သိုက်သည် ပျံလွှားငှက်မျိုးတွင်ပါဝင်သည့် ဇီဝဇိုးငှက်ကဖွဲ့ထားသည့်အသိုက်ဖြစ်သည်။ တပေါင်းလ၊ တန်ခူးလမှစ၍ ငှက်သိုက်ပြုလုပ်တတ်သည်။ ၎င်းတို့၏ ငှက်သိုက်များသည် အခြားငှက်များကဲ့သို့ သစ်ရွက်၊ သစ်ကိုင်းများဖြင့်ပြုလုပ်ထားခြင်းမဟုတ်ဘဲ ထူးဆန်းစွာ အာခေါင်မှ အာစေးတစ်မျိုးကိုအန်ထုတ်၍ အသိုက်ပြုလုပ်ကြသည်။ အသိုက်ပြုလုပ်ရာတွင် ဇီဝဇိုးငှက်အထီးကသာ ပြုလုပ်ပေးလေ့ရှိသည်။ မျိုးပွားရာသီရောက်ခါနီးအချိန်တွင် ဇီဝဇိုးငှက်အထီးသည် အသိုက်ပြုလုပ်မည့်နေရာကို ရွေးချယ်သည်။ စိတ်ကြိုက်နေရာတွေ့ပြီဆိုလျှင် ထိုနေရာတွင် အာစေးများကို အန်ထုတ်လိုက်သည်။ ဇီဝဇိုးငှက်အထီး အန်လိုက်သောအာစေးသည် လေနှင့်ထိတွေ့ပြီး အချိန်တစ်ခုကြာသောအခါ မာကျောခြောက်သွေ့သွားသည်။ အန်ပြီးမခြောက်သွေ့မီ ဇီဝဇိုးငှက်အထီးသည် ၎င်း၏ နှုတ်သီးနှင့် အသိုက်ပုံစံရအောင် ပုံဖော်သည်။ အသိုက်ပုံစံရအောင် အာစေးများမလောက်ပါက ဇီဝဇိုးငှက်အထီးသည် နောက်တစ်ကြိမ် ထပ်အန်သည်။ ထိုသို့ အန်လိုက်ပုံဖော်လိုက်နှင့် နောက်ဆုံးတွင် ငှက်အမနှင့် ဥမှပေါက်မည့် ဇီဝဇိုးငှက်ပေါက်လေးများ နေထိုင်ရန် လုံလောက်သော ငှက်သိုက်လေးတစ်ခုကို ရရှိသည်။

အဆိုပါအသိုက်များတွင် ငှက်မများဝင်ဥကြသည်။ တစ်နှစ်လျှင် နှစ်ကြိမ်ဥပြီး တစ်မြုလျှင် ဥနှစ်လုံးရှိသည်။ အများအားဖြင့် အထီးတစ်ကောင်၊ အမတစ်ကောင် ပေါက်သည်။ ငှက်အမသည် ငှက်ကလေးများကို နှစ်လကြာမျှ ကျွေးမွေးပြုစုပြီးနောက် အသိုက်မှဆင်းသွားကြသည်။ ဇီဝဇိုးငှက်များသည် မျိုးပွားရာသီဖြစ်သော ဧပြီလမှ ဩဂုတ်လထိ ဥများဥရန် အသိုက်ဆောက်လေ့ရှိသည်။ အသိုက်ဆောက်မည့် ကျောက်လိုဏ်ဂူအမိုးမှာ ပေ ၄၅၀ ကျော်ထိ မြင့်မား၏။ ငှက်သိုက်မှာ အရွယ်ရောက်ငှက်တစ်ကောင်နှင့် ငှက်ပေါက်စနှစ်ကောင်နေရန် လုံလောက်သည်။ အဖြူရောင်ငှက်သိုက်တွင် အဖြူရောင်ငှက်မွေးနုများ ပါဝင်သည်။ အမည်းရောင်ငှက်သိုက်တွင် အမည်းရောင်ငှက်မွေးနုများပါဝင်သည်။ အရွယ်အစားအားဖြင့် အမည်းရောင်ငှက်သိုက်သည် အဖြူရောင်ငှက်သိုက်ထက် နှစ်ဆကြီး၏။ စီးပွားရေးဈေးကွက်တွင် အဖြူရောင်ငှက်သိုက်ကို လူကြိုက်များသောကြောင့် အနက်ရောင်ငှက်သိုက်ထက် ဈေးပိုကြီးသည်။



ဇီဝဇိုးငှက်ကလေးများကို တွေ့ရစဉ်။

ဇီဝဇိုးငှက်သည် ပျံသန်းရာ၌ အလွန်လျင်မြန်သည်။ ညအိပ်သည့်အချိန်မှလွဲ၍ တစ်နေ့လုံး ပျံသန်း၍ နေနိုင်စွမ်းရှိသည်။ ဇီဝဇိုးငှက်၏ခြေချောင်းလေးများသည် ကား၍ရှေ့သို့ ရှည်ထွက်လျက်ရှိသည်။ ထိုခြေတံမျိုးရှိသဖြင့် ကျောက်ဆောင်၏ အစွန်အဖျားများပေါ်၌ နားနေနိုင်ကြသည်။ ဇီဝဇိုးငှက်များသည် လူသူဝေးသော ကျွန်းများပေါ်ရှိ ကျောက်လိုဏ်ဂူနံရံများတွင် အသိုက်ပြုလုပ်၍ နေကြသည်။ ထို့ကြောင့် ရှေးယခင်က ငှက်သိုက်ကို ပင်လယ်ထဲတွင် နေထိုင်ကျက်စားသော ပင်လယ်ဖျော် မော်ကင်းခေါ် ဆလုံများဆီကသာ ၎င်းတို့လိုချင်သောပစ္စည်းနှင့် ငှက်သိုက်ကို အလဲအလှယ်လုပ်ကာ ရရှိနိုင်သည်။ ဇီဝဇိုးငှက်ကို ဆလုံများက "လံနော့ငှက်"ဟူ၍ ခေါ်ကြသည်။

**ငှက်သိုက်ရှာဖွေပုံ**

ငှက်သိုက်ရရန်အတွက် ဇီဝဇိုးငှက်ကလေးများ ဥမှပေါက်၍ အရွယ်ရောက်ပြီးချိန်တွင် ငှက်သိုက်ရှာဖွေသူများ သို့မဟုတ် ငှက်သိုက်မှုဆိုးများက ငှက်သိုက်ရှိနိုင်သည့် ရေပတ်လည်ဝိုင်းနေသော ကျောက်လိုဏ်ဂူများထဲသို့ ရေကူးပြီးဝင်ရသည်။ ကျောက်လိုဏ်ဂူထဲရောက်ပါက ငှက်သိုက်ရှိသောနေရာဆီသို့ ရောက်ရန် ဂူနံရံများကိုကြိုးများဖြင့် ခဲခဲယဉ်းယဉ်း တွယ်တက်ကြရသည်။ သဘာဝငှက်သိုက်ကိုရှာရာတွင် အဖွဲ့လိုက် ညီညီညွတ်ညွတ်ရှာဖွေကြရန်၊ အချင်းချင်း ရိုင်းပင်းကူညီကြရန်လိုသည်။ ယခုနောက်ပိုင်းတွင် ငှက်သိုက်ကို ခဲခဲယဉ်းယဉ်းရှာဖွေရန်မလိုတော့ပေ။ မြိတ်မြို့မှ အချို့အိမ်များ၊ တိုက်ကြီးများတွင် လူမနေဘဲ သော့ပိတ်ထားကြကာ ဇီဝဇိုးငှက်အော်သံအတုပြုလုပ်ထားသည့် စက်လေးများကို အဆိုပါအိမ်များ၊ တိုက်များ၏နံရံတွင် မြှုပ်ထားကြသည်။ ထိုသို့ပြုလုပ်ခြင်းဖြင့် ဇီဝဇိုးငှက်ကလေးများ အသိုက်လာဖွဲ့အောင် ဆွဲဆောင်ဖြားယောင်းခြင်းဖြစ်သည်။ ဇီဝဇိုးငှက်ကလေးများကလည်း စက်မှထွက်လာသော အော်သံအတု၏ ဆွဲဆောင်ဖြားယောင်းမှုကြောင့် စက်တပ်ထားသော အိမ်များ၊ တိုက်များတွင် အသိုက်လာဖွဲ့ကြသည်။ ထို့နောက် အသိုက်ထဲမှ ဇီဝဇိုးငှက်ကလေးများအရွယ်ရောက်ပြီး အသိုက်ကိုစွန့်သွားသောအခါတွင် ကျန်ခဲ့သည့်ငှက်သိုက်ကို အလွယ်တကူရရှိကြသည်။

**ငှက်သိုက်အသုံးဝင်ပုံ**

ငှက်သိုက်တွင်အာဟာရတန်ဖိုးအနေဖြင့် ပရိုတင်း ၅၀ ရာခိုင်နှုန်း၊ ကာဗိုဟိုက်ဒရိတ် ၃၅ ရာခိုင်နှုန်းနှင့် ကယ်လ်စီယမ်၊ သံဓာတ်၊ အိုင်အိုဒင်း ဓာတ်တို့လည်း ပါဝင်ပြီး အသားဓာတ်ကြွယ်ဝသည့် အစားအစာတစ်မျိုးဖြစ်သည်။ ထိုကဲ့သို့ ပရိုတင်းဓာတ်ကြွယ်ဝပြီး အာဟာရဓာတ်များစွာရရှိသည့်အတွက် ငှက်သိုက်ကို နာတာရှည်ရောဂါရှိသူများ၊ သက်ကြီးရွယ်အိုများ၊ အင်အားကုန်ခန်းနေသူများကို ငှက်သိုက်ပေါင်းကျွေးလေ့ရှိသည်။ အချို့သော ငှက်သိုက်များသည် ဆေးဖက်ဝင်ပစ္စည်းများအသုံးပြု၍ ခေတ်မီနည်းစနစ်ဖြင့် ပေါင်းစပ်ဖော်ထားသည့်အတွက် အဆုတ်ကို အားကောင်းစေပြီး ချောင်းဆိုး၊ အအေးမိခြင်းနှင့် တုပ်ကွေးရောဂါများကို သက်သာပျောက်ကင်းစေသည်။

တရုတ်နိုင်ငံတွင် ရှေးယခင်က သဘာဝငှက်သိုက်ကို တရုတ်တိုင်းရင်းဆေးအဖြစ် အသုံးပြုခဲ့ကြပြီး အသက်ရှူလမ်းကြောင်း၊ အားအင်ပြည့်ဖြိုးစေရန်နှင့် အရေပြားလှပစေရန် သုံးစွဲခဲ့ကြပေသည်။ ငှက်သိုက်သည် စိတ်မငြိမ်မသက်ဖြစ်ခြင်း၊ သွေးတိုး၊ ဆီးချိုနှင့် အဆုတ်ရောဂါလူနာများအတွက် အထူးကောင်းမွန်သော ဆေးဝါးတစ်မျိုးဖြစ်သည်။ အခြားကျန်းမာရေးအကျိုးကျေးဇူးများမှာ ငှက်သိုက်သည် ပရိုတင်းဓာတ်ကြွယ်ဝပြီး အာဟာရဓာတ်များစွာ ပါဝင်သည်။ ကိုယ်ခံအားစနစ်ကို ကောင်းစေပြီး ခန္ဓာကိုယ်ကို ကျန်းမာစေကာ အအေးမိလွယ်ခြင်း၊ ဖျားနာလွယ်ခြင်းမှ ကာကွယ်ပေးသည်။ အရေပြားကိုလည်း အထောက်အကူပေးသည်။ အသားအရေကို ကြည်လင်ဝင်းပစေပြီး အိုမင်းခြင်းကို နှောင့်နှေးစေသည်။ မောပန်းနွမ်းနယ်ခြင်းကို ပြေပျောက်စေကာ စိတ်ဖိအားကိုလည်း လျော့စေသည်။ အလုပ်ပင်ပန်းခြင်း၊ စိတ်ပင်ပန်းခြင်းတို့ကြောင့် ကုန်ဆုံးသွားသောခွန်အားများကိုလည်း ပြန်လည်ပြည့်ဖြိုးစေသည်။ အစားအစားချင်စိတ်မရှိပါက အစားစားချင်စိတ်ကို ပြန်လည်ဖြစ်စေသည်။ ရင်ဘတ်ထဲတွင်ပူနေလျှင်လည်း ငှက်သိုက်သောက်ပေးခြင်းဖြင့် ရင်ကိုအေးမြစေနိုင်သည်။ ခွဲစိတ်ပြီး လူနာများ၊ ဖျားနာနေသော လူနာများကိုလည်း မြန်မြန်နာလန်ထစေသည်။ ငှက်သိုက်ထဲတွင်ပါသော Sialic acid သည် အာရုံကြောကောင်းစေရန်နှင့် ဦးနှောက်ကြည်လင်ပြီး မှတ်ဉာဏ်ကောင်းစေရန် အထောက်အကူပေးသည်။ တရုတ်ရှေးရာဆေးကျမ်းများတွင် ငှက်သိုက်သည် သွေးနှင့် အသက်ရှူလမ်းကြောင်းကို သန့်ရှင်းစင်ကြယ်စေနိုင်သည်ဟု ရေးထားသည့်အတွက် တရုတ်လူမျိုးတော်တော်များများသည် ငှက်သိုက်ကို အထူးနှစ်ခြိုက်စွာ သောက်သုံးလေ့ရှိသည်။

အချုပ်အားဖြင့်ဆိုရသော် ငှက်သိုက်သည် ဆေးဖက်ဝင်ရှားပါးပစ္စည်းတစ်မျိုး ဖြစ်သောကြောင့် အလွန်အဖိုးတန်လှပြီး ပြည်တွင်း၌သာမက ပြည်ပဈေးကွက်သို့လည်း တင်ပို့ရောင်းချနေရသည့်အတွက် နိုင်ငံခြားဝင်ငွေရရှိစေသော ဒေသထွက်ကုန်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။

**ကိုးကား**

- **မြန်မာ့စွယ်စုံကျမ်း၊ အတွဲ(၃)**
- **ငါးလုပ်ငန်းစာစဉ် အတွဲ(၁)၊ အမှတ်(၃)**
- **ငှက်သိုက်ရဲ့ရာဇဝင်၊ အသုံးဝင်ပုံနဲ့ကျန်းမာရေး Dr.သီတာနွယ်(အမရပူရ)**
- **ငှက်သိုက်စာတမ်း ပါမောက္ခ(ဌာနမှူး) ဒေါ်မြင့်မြင့်သန်း(သတ္တဗေဒဌာန)**
- **ငှက်သိုက်အကြောင်း သိကောင်းစရာ မောင်စိမ်းထွေး(ထားဝယ်)**
- **မြန်မာပြည်တောင်ဘက် ပင်လယ်တွင်းက ဦးသန်းမြင့်(၂၀၀၁)**

# ချစ်စရာ့အရွယ် စာဖတ်မယ်

ကလေး
စာပေကဏ္ဍ

# အသက်ရှည်ဆေး

မင်္ဂလာပါ သားသားမီးမီးတို့ရေ။ ဦးဦးဒီတစ်ပတ်ပြောပြမဲ့ပုံပြင်လေးကတော့ "အသက်ရှည်ဆေး"လို့ အမည်ရသတဲ့ကွယ်။ ဟိုးရှေးရှေးတုန်းက ဗာရာဏသီပြည်မှာ ဗြဟ္မဒတ်မင်းကြီး အုပ်ချုပ်သတဲ့။ မင်းကြီးဟာ တိုင်းသူပြည်သားတွေအပေါ် မင်းကျင့်တရား ၁၀ ပါးနဲ့အညီအုပ်ချုပ်ပြီး သီလတွေဆောက်တည်သလို အလှူအတန်းပေးကမ်းရက်ရောသတဲ့။ မင်းကြီးက သီလတွေဆောက်တည်သလို ပြည်သူပြည်သားတွေကလဲ သီလတွေဆောက်တည်သတဲ့။ ဗာရာဏသီပြည်သူပြည်သားတွေဟာလဲ ဗြဟ္မဒတ်မင်းကြီးကို အသက်ထက်ချစ်မြတ်နိုးတော်မူသတဲ့ကွယ်။ ဒါကြောင့် ဗာရာဏသီပြည်ဟာ ရာသီဥတုမှန်ကန်သလို သီးနှံတွေလဲဖြစ်ထွန်းပြီး သာယာအေးချမ်းတဲ့တိုင်းပြည်ပေါ့။ အခြားတိုင်းပြည်က ပြည်သူပြည်သားတွေဟာ ဗာရာဏသီပြည်ကို အားကျသတဲ့။ အချို့ဆိုရင် ဗာရာဏသီပြည်မှာ လာရောက်နေထိုင်သတဲ့ကွယ်။ ဗာရာဏသီပြည်မှာ ဗေဒင်အတတ်ကိုတတ်ကျွမ်းတဲ့ ပုဏ္ဏားဆရာကြီးတစ်ယောက်ရှိသတဲ့ကွယ်။ ပုဏ္ဏားဆရာကြီးဟာလဲ အကျင့်သီလကောင်းမွန်သလို လူတစ်ယောက်ရဲ့ လက္ခဏာကိုဖတ်ပြီး ကောင်းကျိုးဆိုးကျိုးတွေကို မှန်အောင်ဟောပြောနိုင်သတဲ့ကွယ်။ ပုဏ္ဏားကြီးရဲ့ ဂုဏ်သတင်းဟာ ဗြဟ္မဒတ်မင်းကြီးဆီ ရောက်သွားသတဲ့။ ဒါကြောင့် မင်းကြီးဟာ သူနတ်ရွာစံမဲ့အချိန်ကို သိချင်တာကြောင့် ပုဏ္ဏားကြီးရှိတဲ့နေရာကို သွားသတဲ့ကွယ်။ ပုဏ္ဏားကြီးကိုတွေ့တော့ ဗြဟ္မဒတ်မင်းကြီးက-


"အသင်ပုဏ္ဏား ကျွန်ုပ်ရဲ့နတ်ရွာစံမဲ့နေ့ကို ဟောကြားပေးပါ"လို့ ပြောသတဲ့။

ပုဏ္ဏားကြီးက-

"မင်းကြီး မင်းကြီးနတ်ရွာစံမဲ့နေ့ကို ကျွန်တော်မျိုးမဟောလိုကြောင်းပါဘုရား"လို့ ပြောလိုက်သတဲ့ကွယ်။ အဲဒီအချိန် မင်းကြီးက ဆက်လက်ပြီး စကားဆိုပြန်သတဲ့။

"အသင်ပုဏ္ဏား ကျွန်ုပ်ကိုမကြောက်ပါနဲ့။ အရှိကိုအရှိတိုင်းဟောတော်မူပါ"လို့ သုံးကြိမ်တိုင်တိုင်ပြောသတဲ့ကွယ်။ အဲဒီအခါမှ ပုဏ္ဏားကြီးဟာ မင်းကြီးရဲ့ လက်ကိုကိုင်ပြီး လက္ခဏာဖတ်သတဲ့။ ပြီးရင် ဗြဟ္မဒတ်မင်းကြီးအား-

"အရှင်မင်းကြီး မင်းကြီးဟာ နောက်ငါးနှစ်နန်းသက်စံပြီးရင် နတ်ရွာစံမယ်။ နောက်ဘဝကျရင်



ဟိုးမြစ်ကမ်းတစ်ဖက်မှာ မျောက်ကြီးဖြစ်လိမ့်မယ်"လို့ ဆိုလိုက်သတဲ့။ အဲဒီစကားကို မင်းကြီးကြားလိုက်ရင်ပဲ တုန်လှုပ်ချောက်ချားသွားသတဲ့။ ပြီးတော့ ဘယ်သူ့ကိုမှ စကားမပြောတော့ဘဲ နန်းတော်ထဲကို ပြန်သွားသတဲ့။ မင်းကြီးရဲ့သတင်းကို တိုင်းသူပြည်သားတွေကြားတဲ့အခါ စိတ်မကောင်းဖြစ်ကြတာပေါ့။ မင်းကြီးလဲ တိုင်းရေးပြည်ရေးကိစ္စတွေကို မလုပ်နိုင်ဘဲ တမှိုင်မှိုင်တတွေတွေ ဖြစ်နေသတဲ့ကွယ်။ ဗြဟ္မဒတ်မင်းကြီးဟာ မိမိနတ်ရွာစံမဲ့ရက်ကို စောင့်နေမဲ့အစား မြစ်တစ်ဖက်ကမ်းမှာ မျောက်ဘဝရောက်ရင်စားဖို့ သီးပင်၊ စားပင်တွေ၊ အပင်ကြီးကြီးမားမားသစ်ပင်တွေစိုက်ဖို့ ဥယျာဉ်မှူးတွေနဲ့တကွ နန်းတော်ထဲက ထွက်ခဲ့သတဲ့ကွယ်။ မြစ်တစ်ဖက်ကမ်းရောက်တဲ့အခါ သစ်ပင်တွေကို ကိုယ်တိုင်စိုက်ပျိုးသတဲ့ကွယ်။ မျောက်ဘဝမှာနေဖို့ သေချာစီမံသစ်ပင်တွေကို စိုက်လာလိုက်တာ ငါးနှစ်ပြည့်တဲ့နေ့ကို ရောက်လာတာပေါ့။ မြစ်တစ်ဖက်ကမ်းမှာလဲ သစ်ပင်တွေ အုပ်ဆိုင်းစိမ်းစိုပြီး သာယာလှပနေတာပေါ့။ ကျေးငှက်ကလေးတွေရဲ့ တွန်ကျူးသံတွေ၊ သားရဲတိရစ္ဆာန်တွေကလဲ မြူးထူးပျော်ရွှင်နေကြပြီး နေထိုင်ကြသတဲ့။ ဗြဟ္မဒတ်မင်းကြီးဟာ တောအုပ်ကြီး၊ ကျေးငှက်တိရစ္ဆာန်လေးတွေကိုကြည့်ပြီး-

"မင်းတို့လေးတွေ ပျော်ပျော်နေကြနော်။ ငါလဲလာခဲ့ပါ့မယ်"လို့ပြောပြီး နန်းတော်ထဲကိုပြန်ခဲ့သတဲ့ကွယ်။

ဒီလိုနဲ့ ရက်ကိုလစား၊ လကိုနှစ်စားနဲ့ ဗြဟ္မဒတ်မင်းကြီးဟာ ဗေဒင်လက္ခဏာကြည့်ပြီးတဲ့နေ့ကစပြီး ငါးနှစ်ကျော်ကာလကို ရောက်လာသတဲ့ကွယ်။ ဗြဟ္မဒတ်မင်းကြီးဟာ ငါးနှစ်တာကာလအတွင်း နာမကျန်းမဖြစ်ဘဲ ကျန်းမာရေးတော်တော်ကောင်းသတဲ့။ ဒီအဖြစ်အပျက်ကို မင်းကြီးဟာ သတိထားမိပြီး-

"ပုဏ္ဏားကြီးဟာ မဟုတ်မမှန်စကားကို မပြော။ ငါ အသက်ရှည်ရတာဟာ အကြောင်းရင်းရှိမယ်"လို့ တွေးပြီး ပုဏ္ဏားကြီးဆီ ထွက်ခဲ့သတဲ့ကွယ်။ ပုဏ္ဏားကြီးဆီရောက်တဲ့အခါ မင်းကြီးက အသက်ရှည်ရတဲ့ အကြောင်းရင်းကို မေးမြန်းသတဲ့။ အဲဒီအခါ ပုဏ္ဏားကြီးက-

"အရှင်မင်းကြီး အရှင်မင်းကြီးရဲ့လက္ခဏာဟာ အရင်က ငါးနှစ်ပြည့်ရင် နတ်ရွာစံမယ်လို့ ညွှန်ပြခဲ့တယ်။ အခု အရှင်မင်းကြီးရဲ့ ကုသိုလ်ကောင်းမှုတွေ၊ သစ်ပင်တွေကို ကိုယ်တိုင်စိုက်ပျိုးခဲ့တဲ့ အကျိုးကျေးဇူးတွေကြောင့် ငါးနှစ်ပြည့်ရင် နတ်ရွာစံမယ်ဆိုတဲ့အဖြစ်အပျက်ဟာပျောက်ကွယ်ပြီး အသက်ရှည်ရှည်နေရပါ့မယ်ဘုရား"လို့ ပြောသတဲ့။

ဗြဟ္မဒတ်မင်းကြီးဟာ အဖြစ်အပျက်တွေကို ဆင်ခြင်သုံးသပ်ပြီး ပုဏ္ဏားကြီးကို နန်းတော်ထဲခေါ်ကာ ဆရာအဖြစ် စောင့်ရှောက်နေထိုင်သတဲ့။ ဗာရာဏသီပြည်သူပြည်သားတွေဟာလဲ မင်းကြီးအဖြစ်အပျက်ကို သိပြီး သစ်ပင်တွေကို ကိုယ်တိုင်စိုက်ပျိုးသတဲ့ကွယ်။ ဒါကြောင့် ဗာရာဏသီပြည်ကြီးဟာ သစ်ပင်တွေနဲ့ စိမ်းစိုသာယာပြီး အေးချမ်းနေသတဲ့ကွယ်။

ပုံပြင်လေးကတော့ ဒါပါပဲသားသားမီးမီးတို့ရေ။ သားသားမီးမီးတို့လဲ "အသက်ရှည်ဆေး"ပုံပြင်ထဲကလို အသက်ရှည်ရှည်နေရဖို့ သစ်ပင်တွေကို ကိုယ်တိုင်စိုက်ကြပါလို့ တိုက်တွန်းလိုက်ရပါတယ်ကွယ်။

**မောင်ပုည(ဟသ်ာတမြေ)**

## လမ်းလျှောက်ပွဲ

♦ နှင်းမှုန်ဝေစီ ဆောင်းနံနက်
လမ်းလျှောက် ညီညာထွက်။
♦ အပျင်းမဖက် ကျန်းမာကာ
ကိုယ်လက်ပေ့ါပါးလာ။
♦ နေ့စဉ်ပြုပါ နှင်းမှုန်ထဲ
ပြေးလွှားလေ့ကျင့်ပွဲ။
♦ အခွေးထည်လည်း ဝတ်ဆင်ပျော်
မြို့နှံ့တစ်ပတ်ကျော်။
♦ ခွေးထွေးလာသော် ခဏနား
လမ်းလျှောက်ကြစို့လား။ ။

**မောင်မျိုးချစ်(အညာမြေ)**



## ကျေးဇူးရှင်မေမေ

♦ မေမေ့ဝမ်းမှာ ကိုးလကြာ
သန္ဓေတည်ခဲ့တာ
ဆယ်လကြာသော် မွေးဖွားပေး
မေမေ့ရဲ့ရင်သွေး။

♦ အသက်ပေးလို့ မွေးခဲ့ရာ
တုနှိုင်းမမီပါ
မေမေ့မေတ္တာ အစဉ်လန်း
ထာဝရမညှိုးပန်း။

♦ စိမ့်စမ်းပမာ အေးမြကာ
ကြီးမြတ်တဲ့စေတနာ
မြင်းမိုရ်ထက်သာ မြင့်မားလှ
ကျေးဇူးအနန္တ။ ။

**တေးရတု(ညောင်လေးပင်)**



# မြောင်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲ ၅၆၆၉ ဧက စိုက်ပျိုးပြီးစီး



**စစ်ကိုင်း ဒီဇင်ဘာ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြောင်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲ ၅၆၆၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြောင်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ကုလားပဲသီးနှံ ၇၆၇၁ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၅၆၆၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ မြောင်မြို့နယ်အတွင်း ကုလားပဲသီးနှံဧက ၇၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက ၅၀၀၀ ကျော် စိုက်ပျိုးပြီးပါပြီ။ ကုလားပဲသီးနှံဧက လျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်နေပါတယ်။ ပဲသီးနှံ အထွက်နှုန်းနဲ့ အရည်အသွေးကောင်းမွန်ဖို့အတွက် လိုအပ်တဲ့ မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေ၊ ရိတ်သိမ်းချိန်လွန်နည်းပညာ ပေးတာတွေကို တောင်သူတွေနဲ့ ပူးပေါင်းပြီးတော့ ဆောင်ရွက်နေပါတယ်"ဟု စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြသည်။

ပြီးခဲ့သည့်နှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီက မြောင်မြို့နယ်တွင် ကုလားပဲသီးနှံစိုက်ပျိုးမှုကို ၂၀၂၂ ခုနှစ် အောက်တိုဘာလမှ စတင်၍ ဒီဇင်ဘာလထိ စိုက်ပျိုးခဲ့ရာ ကုလားပဲ ၇၆၇၁ ဧကစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြောင်မြို့နယ်တွင် ကုလားပဲစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်များရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာစနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေး၊ ပဲစိုက်ပျိုးရာတွင် ထရိုင်ကိုဒါးမားအကျိုးပြုမှိုများ ထည့်သွင်းသုံးစွဲရေး အသိပညာပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ကုလားပဲစိုက်ပျိုးရာတွင် ဒေသနှင့်ကိုက်ညီပြီး အထွက်နှုန်းကောင်းမွန်သည့် ရေဆင်း(၈) နှင့် ရေဆင်း(၁၁) မျိုးများကို ရွေးချယ်စိုက်ပျိုးကြကြောင်း၊ ကုလားပဲတစ်ဧကစိုက်ပျိုးပါက ငွေကျပ် ၃၀၀၀၀၀ ကျော်ကုန်ကျကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြ၍ သိရသည်။

(၂၀၆)

# ပန်းတနော်မြို့နယ် စံကျောင်းကျေးရွာ၌ ဘက်စုံသုံးခန်းမတည်ဆောက်နေမှု စစ်ဆေး

**ပန်းတနော် ဒီဇင်ဘာ ၂၃**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ပန်းတနော်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် စံကျောင်းကျေးရွာ၌ ခေတ်မီစံပြကျေးရွာထူထောင်ရေးလုပ်ငန်းစီမံကိန်း (Smart Village) ရန်ပုံငွေဖြင့် ဘက်စုံသုံးခန်းမတည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဧရာဝတီတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးနေထက်ရှိန်၊ မအူပင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်ကျော်ဦး၊ ပန်းတနော်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်တိုးတိုးနှင့် တာဝန်ရှိသူများက ဘက်စုံသုံးခန်းမတည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး တိုင်းဒေသကြီးဦးစီးမှူးက လုပ်ငန်းများ အချိန်မီပြီးစီးရေး၊ သတ်မှတ်စံချိန်စံညွှန်းများပြည့်မီရေး အလေးထားဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားသည်။

စံကျောင်းကျေးရွာ၌ အလျား ပေ ၂၀၊ အနံ ၁၈ ပေ၊ အမြင့် ၁၂ ပေရှိ ဘက်စုံသုံးခန်းမတည်ဆောက်ခြင်းလုပ်ငန်းကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ခေတ်မီစံပြကျေးရွာထူထောင်ရေးလုပ်ငန်း စီမံကိန်း (Smart Village) ရန်ပုံငွေကျပ် ၁၄၄ သိန်းဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အင်ဂျင်နီယာများက ယခုလ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၇၅ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးပါက စံကျောင်းကျေးရွာရှိ အိမ်ခြေ ၁၀၂ အိမ်မှ လူ ၃၇၈ ဦးအတွက် သာရေးနာရေးနှင့် လူမှုရေးဆိုင်ရာကိစ္စရပ်များ၊ အစည်းအဝေးများ ကျင်းပပြုလုပ်နိုင်မည်ဖြစ်ကြောင်း ပန်းတနော်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်တိုးတိုးက ပြောပြ၍ သိရသည်။

**ငြိမ်းသူ(လေင်း)**






အင်္ဂလန်နိုင်ငံ International Brewing Awards ၊ ဩစတြေးလျနိုင်ငံ Australian International Beer Awards ၊ ဘယ်လ်ဂျီယံနိုင်ငံ Monde (World) Selection ၊ ဂျာမနီနိုင်ငံ European Beer Star ပြိုင်ပွဲကြီးများမှ အမြင့်ဆုံးဆုတံဆိပ်များ ရရှိခဲ့သော ဒဂုံအဖျော်ယမကာကုမ္ပဏီလီမိတက် ထုတ်ကုန်များ . . .

# ‘ဒဂုံနှင့်အတူ ဂုဏ်ယူလိုက်ပါ’




ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၁၇၇၊ ၀၁ ၆၅၂၁၆၉
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၂၆၃၁၄၇၃၈၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇



**TBB,TBR,PCR** တာယာအရွယ်အစားမျိုးစုံအပြင် ဆိုင်ကယ်တာယာများကိုပါ ထုတ်လုပ်ဖြန့်ဖြူး ရောင်းချလျက်ရှိပါသည်။



အရည်အသွေးမြင့်မား **တာယာ** မှာ

# TRISTAR

CAR TYRE





CYCLE TYRE



The Best Quality Tyre

နိုင်ငံတကာ အဆင့်မီ ဒီဇိုင်းပုံစံဖြင့်
သေသပ်လှပစွာ
အထူးစီမံ ထုတ်လုပ်ထားပါသည်။

ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၂၆၄၂၇၂၈၄၃၊ ၀၉ ၄၅၃၂၅၅၅၄၅
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၁၀၈၀
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇



## ဝန်ထမ်းအလိုရှိသည်

၁။ **ငွေစာရင်းကိုင်** မ (၁) ဦး
(လက်ရေးစာရင်းကိုင်၊ ငွေစာရင်းအတွေ့အကြုံရှိရမည်)
လစာ 200000/- ရက်မှန်ကြေး 20000/-

၂။ **ယာဉ်မောင်း + ဆိုင်ကယ်** ကျား (၂) ဦး
ယာဉ်မောင်းလိုင်စင်ရှိရမည်။
လစာ 200000/- ရက်မှန်ကြေး 20000/-

၃။ **ဆိုင်ကယ်** ကျား (၁) ဦး
လစာ 200000/- ရက်မှန်ကြေး 20000/-

* လူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်ပါသည်။ *

**Kedia Lights လျှပ်စစ်**
**အမှတ်(283)၊ 81 (26 × 27)**


ဓာတ်ဘ်–၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်



ကြက်သွန်ဖြူနှင့် ကြက်သွန်နီစားသုံးပေးခြင်းဖြင့် နှလုံးနှင့်အဆုတ်အတွက် အထူးကောင်းမွန်သည်။

**ခြင်ဆေးခွေ**
**သုံးလျှင်**
**သတိယှဉ်**
**အောက်တွင်**
**ခံခွက်**
**မမေ့နှင့်**

“အဂတိပယ်ခွာ ပြည်သာယာ”
**Remove Corruption, Promote Prosperity**

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့ တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

---

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာသုခနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇–၈၁၀၃၃၄၇၊
၀၆၇–၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm

လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ
လိုအပ်သည်ဟု ခံစားနေရပါက
သတင်းအချက်အလက်မျှဝေရာစင်တာသို့
ဆက်သွယ်နိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)

❖ ယနေ့ခေတ်သည် ပညာခေတ်ဖြစ်သည်နှင့်အညီ ပညာတတ်မြောက်ထားမှသာ ဘဝရပ်တည်ရေးကို ဆောင်ရွက်နိုင်မည်ဖြစ်...

❖ ထို့ကြောင့် ကျေးလက်နေပြည်သူများ၊ တိုင်းရင်းသားပြည်သူများ၏ ပညာရည်မြင့်မားရေးကို ဦးစားပေးအားပေး ဆောင်ရွက်သွားရမည်ဖြစ်...

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၀၂၃ ခုနှစ် စက်တင်ဘာ ၁ ရက်တွင် ပြုလုပ်သော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး(၃/၂၀၂၃)တွင် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထား လုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့်စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိက စွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

# ၂၀၂၂ ခုနှစ်တွင် ပေါ်ထွန်းလာသော ဆင်ဖြူတော်ကလေး "ရဋ္ဌနန္ဒက" မိခင်ဆင်မကြီးနှင့်အတူ ကျန်းမာပျော်ရွှင်လျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၂၃**

ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ်ရှိ မြန်မာ့သစ်လုပ်ငန်းဆင်ဝိုင်းမှ ဆင်မဇာနန်းလှ အသက် ၃၃ နှစ်က ဆင်ဖြူတော် အထီးကလေးတစ်စီးကို ၂၀၂၂ ခုနှစ် ဇူလိုင် ၂၃ ရက် နံနက် မင်္ဂလာအချိန် ၆ နာရီခွဲတွင် မွေးဖွားခဲ့ပြီး အဆိုပါဆင်ဖြူတော်ကလေးမှာ မွေးဖွားစတွင် အရပ်အမြင့် ၂ ပေ ၅ လက်မ၊ ကိုယ်လုံး လုံးပတ် ၃ ပေ ၁ လက်မ၊ ကိုယ်အလေးချိန်ပေါင် ၁၈၀ ခန့်ရှိသည်။

ဆင်ဖြူတော်ကလေး၏ဘွဲ့နာမံတော်မှာ "ရဋ္ဌနန္ဒက"ဖြစ်ပြီး အဆိုပါဆင်ဖြူတော်ကလေးသည် ရတနာဆင်ဖြူတော်များ၏ ဂြိန်အင်္ဂါလက္ခဏာ ရှစ်ချက်အနက် မျက်လုံးပုလဲရောင်ဖြစ်ခြင်း၊ ကျောကုန်းမှာ ငှက်ပျောကိုင်းသဏ္ဍာန်ဖြစ်ခြင်း၊ **စာမျက်နှာ ၂၁ ကော်လံ ၁ ☆**



၂၀၂၂ ခုနှစ်တွင် ပေါ်ထွန်းလာသော ဆင်ဖြူတော်ကလေး "ရဋ္ဌနန္ဒက" ကျန်းမာပျော်ရွှင်လျက်ရှိမှုကို တွေ့ရစဉ်။



**၂၀၂၄ ခုနှစ် (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဝန်ကြီးဌာနပေါင်းစုံ အသက် ၂၅ နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲ ပိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များ တက်ရောက်**

စာမျက်နှာ - ၁၈

**(၇၆)နှစ်မြောက် တပ်မတော်(ရေ)နှစ်ပတ်လည်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်**

စာမျက်နှာ - ၂၀